ကြေးမုံ
The Mirror Daily
ခရစ်နှစ် ၁၉၅၇ ခုနှစ်တွင် စတင် တည်ထောင်သည်။ Established in 1957

ဂုဏ်တော်ထူးနှင့်ပြည့်စုံတော်မူ

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘာသရာဘုံရှိ ပြဟ္မာကြီးများကဲ့သို့ ပီတိဟူသောအစာကို စားသုံး၍နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)

၁၃၇၉ ခုနှစ် ပြာသိုလပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့။ Tuesday, 9 January 2018 ၉၁၆၄

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျင်အန်းဘုရားကျောင်း ဆရာတော်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၈

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှန်ဟိုင်းမြို့ ကျင်အန်းဘုရားကျောင်း ပဓာနနာယက ဆရာတော် HUIMING နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံသာသနာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ကိုယ်စားလှယ်အဖွဲ့က ဆေးပဒေသာပင်အတွက် ငွေကျပ် သိန်း ၂၀ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှန်ဟိုင်းမြို့ ကျင်အန်းဘုရားကျောင်း ပဓာနနာယကဆရာတော် HUIMING နှင့်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ သင်ကြား/စီမံ ဆရာတော်ကြီးများနှင့် တွေ့ဆုံ၍ သာသနာရေးဆိုင်ရာများကိုဆွေးနွေးကာ ဆွမ်းပဒေသာပင်အတွက် ငွေကျပ် သိန်း ၂၀ ပေးအပ်လှူဒါန်းသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှန်ဟိုင်းမြို့ ကျင်အန်းဘုရားကျောင်း ပဓာနနာယကဆရာတော် HUIMING နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ကျင်းပရေးပဟိုကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ကျင်းပရေးပဟိုကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ကျင်းပရေးပဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို ၂၀၁၇ ခုနှစ် မေ ၂၆ ရက်မှ ၂၉ ရက်အထိ နေပြည်တော် MICC-II ၌ အောင်မြင်စွာကျင်းပနိုင်ခဲ့ပါကြောင်း၊ တာဝန်ရှိသူအားလုံး၏ ပူးပေါင်းဆောင်ရွက်မှု၊ ဝိုင်းဝန်းပံ့ပိုးပေးမှုများကြောင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းအတွက်လည်း ပါဝင်ဆောင်ရွက်သူ ပုဂ္ဂိုလ်အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျင်းပခဲ့သည့် (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် ပြည်ထောင်စု သဘောတူစာချုပ်၏အစိတ်အပိုင်းအဖြစ် မူဝါဒ(၃၇)ချက်ကို သဘောတူရရှိခဲ့ပါကြောင်း၊ ညီလာခံတက်ရောက်လာသူများက အကြိတ်အနယ်ဆွေးနွေးပြီးမှ ယင်းသဘောတူညီချက်များ ရရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုအတွက် ဖက်ဒရယ်မူများ ချမှတ်ပေးနိုင်ရန်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၈

ယနေ့ည နေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဆက်လက်တည်ရှိနေသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ထားသည်။ **ကြေးမုံ**

ငြိမ်းချမ်းပါစေ တောင်းဆုခွေ

ယခုနှစ်သစ်မှာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ထူးခြားသည့်အထိမ်းအမှတ်လက္ခဏာရှိသည်။ နှစ်သစ်သို့ ကူးပြောင်းရောက်ရှိသည်နှင့် ထူးမြတ်သည့်လွတ်လပ်ရေးနေ့ အောင်ပွဲသဘင်ကို နှစ်စဉ်ကျင်းပလေ့ရှိသည်။ နှစ်သစ်တွင် နိုင်ငံသူနိုင်ငံသားများ မင်္ဂလာအပေါင်းနှင့် ခညောင်းစေချင်သလို နှစ်သစ်တွင် နိုင်ငံ၏အောင်ပွဲ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ်လည်း မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာဝပြောပါစေကြောင်း တောင်းဆုခွေကြသည်။ ခွန်းဆင့်မင်္ဂလာ တောင်းဆုအဖြာဖြာ ပေါင်းစုညီညာ ခွေကြပါသောကြောင့် မြန်မာနိုင်ငံသည် နှစ်ဦးတွင် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသေဖြင့် ထိုမင်္ဂလာအပေါင်းကို ဆက်လက်ဆောင်ယူသွားကြရန်သာ လိုအပ်ပါသည်။

ယခုနှစ်သစ် မြန်မာ့လွတ်လပ်ရေးအောင်ပွဲနေ့တွင် နိုင်ငံအများ၏ မြန်မာနိုင်ငံအပေါ် ဝမ်းမြောက်ကြောင်းစာလွှာများမှာ ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ပါစေကြောင်းကိုသာ အနှစ်ချုပ်ယူရမည်ဖြစ်သည်။ နိုင်ငံအများ၏ တောင်းဆုခွေသံများမှာ အစဉ်အလာအားဖြင့် လုပ်ရိုးလုပ်စဉ်သံခင်းတမန်ခင်းစာလွှာများဟု ထင်ကောင်းထင်မြင်နိုင်သော်လည်း အမှန်တကယ်အားဖြင့် မြန်မာနိုင်ငံ၏ ပကတိအရှိတရားများနှင့် ဖြစ်ပေါ်နေသည့် အမှန်တရားအပေါ် ဆင်ခြင်ကာ စေတနာကောင်းဖြင့် လေးလေးနက်နက် ဝမ်းမြောက်ဝမ်းသာ ဆုမွန်ကောင်း တောင်းလာကြသည်ကို မြန်မာနိုင်ငံအနေဖြင့် ကျေးဇူးအထူးတင် အသိအမှတ်ပြုကြရပါမည်။

ယခုနှစ်တွင် နိုင်ငံအများ၏ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများမှာ ယခင်နှစ်များနှင့်မတူ ထူးခြားလေးနက်သည့်အသွင်များ ဆောင်နေသည်ကို တစ်နိုင်ငံချင်းစီအလိုက် မြင်တွေ့နိုင်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံအတွက် အထူးလိုအပ်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ်တွင် ပကတိမှန်ကန်စွာရှုမြင်သုံးသပ်၍ တိုးတက်အောင်မြင်နိုင်မည့် လက္ခဏာများရှိကြောင်း အကောင်းမြင်စိတ်ထားများဖြင့် သဝဏ်လွှာပါးကြသည်ကို ဝမ်းမြောက်ဖွယ် ကြားသိရပါသည်။

သာဓကအားဖြင့် ကမ္ဘာ့နိုင်ငံကြီးများဖြစ်ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း၊ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ် တွန်းအားပေးခြင်း၊ ပြည်ပနိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ခြင်း အစရှိသည့်နယ်ပယ်များတွင် အရေးပါသည့် အောင်မြင်မှုများ ရရှိခဲ့ကြောင်း ဝမ်းမြောက်ဝမ်းသာ ဖွင့်ဟခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စည်ပင်သာယာ၍ မြန်မာပြည်သူ ပြည်သားအားလုံးဘဝအေးချမ်းသာယာပါစေဟု တောင်းဆုခွေခဲ့သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံကလည်း မြန်မာပြည်သူ ပြည်သားများအားလုံး ကျန်းမာချမ်းသာပြီး ငြိမ်းချမ်းရေး အသီးအပွင့်များ ရရှိခံစားနိုင်ပါစေကြောင်း ဆုတောင်းဆန္ဒပြုခဲ့သည်။

အမေရိကန်ပြည်ထောင်စုကလည်း အနာဂတ်ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းရာ၌ မြန်မာနိုင်ငံ၏ မဟာမိတ်အဖြစ် အစဉ်အမြဲရပ်တည်လျက်ရှိပါကြောင်း သမ္မတ ဒေါ်နယ်ထရန့်က ရေးသားပေးပို့ခဲ့သည်။ ဂျာမနီနိုင်ငံ သမ္မတကလည်း မြန်မာနိုင်ငံ၏ ယုံကြည်စိတ်ချရသော မိတ်ဖက်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး ရင်ဆိုင်ကြုံတွေ့ရမည့် ဒီမိုကရေစီစနစ်အတွက် စိန်ခေါ်မှုများကို ဂျာမနီနိုင်ငံက စိတ်အားထက်သန်စွာ ထောက်ခံအားပေးသွားမည်။ နိုင်ငံသားအားလုံးအတွက် တည်ငြိမ်အေးချမ်းရေး၊ ကြွယ်ဝရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အရေးပါသည့် ပြည်တွင်းငြိမ်းချမ်းမှု မကြာမီရရှိမည်ဟု မျှော်လင့်ကြောင်း ဆန္ဒပြုခဲ့သည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံက နှစ်နိုင်ငံပြည်သူများ၏အကျိုးစီးပွား၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် အာရှ-ပစိဖိတ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုများကိုရှေးရှုပြီး နှစ်နိုင်ငံအကြား အနီးကပ်ပူးပေါင်းဆောင်ရွက်နိုင်မည့်အကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာပြည်သူများ၏ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို ဆက်လက်ဖော်ဆောင်နိုင်ပါစေကြောင်း အသီးသီးဆန္ဒပြုခဲ့ကြသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ပကတိအရှိတရားများနှင့် ဖြစ်ပေါ်တိုးတက်မှုအခြေအနေမှန်များအပေါ် မူတည်၍ နိုင်ငံအများ၏ အပြုသဘောဆောင် အကောင်းမြင်သည့် သဘောထားအမှန်များကို အသိအမှတ်ပြုကြိုဆိုပါကြောင်း။ ။

ရေပူရိုးတံတား တည်ဆောက်ခြင်းလုပ်ငန်းအား စစ်ဆေး

မင်းဘူး ဇန်နဝါရီ ၈

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေပူရိုးတံတား အရှည်ပေ ၁၂၀ အား ရာသီမရွေး သွားလာမှု အဆင်ပြေစေရေးအတွက် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်ခွင်ပြုရန်ပုံငွေ ၁၄၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် မကွေးအောင်မင်းကုမ္ပဏီအား ဆောင်ရွက်လုပ်ကိုင်ခွင့်ပြုခဲ့ပြီး ဖြစ်သည်။ ယခုအခါ တံတားတည်ဆောက်ခြင်း လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း သိရပြီး အဆိုပါ တံတားတည်ဆောက်ပြီးစီးမှုလုပ်ငန်းများကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင် လာရောက်ပြီး ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားတည်ဆောက်ခြင်း လုပ်ငန်းပြီးစီးမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရာသို့ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထိုက်ဇော်၊ မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင့်လွင်ဦး (ဒုတိယညွှန်ကြားရေးမှူး)နှင့် မြို့နယ်ဦးစီးမှူး ဦးအောင်ဘုန်းလင်းတို့က ရေပူရိုးတံတား တည်ဆောက်ခဲ့မှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်က လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ယခုအခါ အဆိုပါ ရေပူရိုးတံတား အရှည် ပေ ၁၂၀ တည်ဆောက်ခြင်း လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်သဖြင့် မင်းဘူး(စကု)မြို့နယ်နှင့် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၄ ရွာမှ ဒေသခံကျေးလက်နေပြည်သူများအနေဖြင့် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ကိစ္စရပ်များအပြင် ဒေသထွက်ကုန်စည် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ အဆင်ပြေစွာ လုပ်ကိုင်ဆောင်ရွက်ခွင့်များရရှိပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် ပျိုးဥယျာဉ်သင်တန်းဖွင့်

မိုင်းဖြတ် ဇန်နဝါရီ ၈

သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် ပျိုးဥယျာဉ်သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက မိုင်းဖြတ်မြို့နယ် သစ်တောဦးစီးဌာနမှူးရုံး၌ ကျင်းပရာ ရှမ်းပြည်နယ် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် တာချီလိတ်ခရိုင် သစ်တောဦးစီးဌာနမှ တာဝန်ရှိ သင်တန်းနည်းပြဆရာများက ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်အထိ စိုက်ခင်းပျိုးဥယျာဉ် တည်ထောင်ခြင်းနှင့် သစ်မျိုးရွေးချယ်ခြင်း ပျိုးဥယျာဉ်တည်ထောင်ခြင်း၊ အပင်ရောဂါပိုးမွှား ကာကွယ်ခြင်းနှင့် အပင်မျိုးပွားနည်းစနစ်များစသည့် ဘာသာရပ်များကို ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းသို့ တာချီလိတ်၊ မိုင်းဖြတ်၊ မိုင်းယောင်း စသည့် မြို့နယ်များမှ ဒေသခံပြည်သူ သင်တန်းသား သင်တန်းသူ ၂၆ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

သန်းထွန်းအေး(ပြန်/ဆက်)

သမဝါယမအသင်းများအား ချေးငွေများ ထုတ်ပေး

အောင်လံ ဇန်နဝါရီ ၈

အောင်လံမြို့၌ မြို့နယ်အတွင်းရှိ သမဝါယမအသင်းများအား EXIM Bank ချေးငွေ (နဝမအကြိမ်) ထုတ်ပေးပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပသည်။

မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆွေနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးညွန့်မောင်တို့က အမှာစကားပြောကြားခဲ့ကြပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်က ထုတ်ချေးငွေနှင့် ပတ်သက်သော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ချေးငွေများ ပြေကျေစွာပေးဆပ်ခဲ့ကြသော အကောင်းဆုံး သမဝါယမအသင်း ၁၀ သင်းအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ကာ နဝမအကြိမ်အဖြစ် အသင်း ၂၃၈ သင်းတို့အား ချေးငွေကျပ်သိန်းပေါင်း ၁၈၉၄၅ ဒသမ ၂၄၈ သိန်းကို ထုတ်ပေးခဲ့သည်။

အခမ်းအနားသို့ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆွေနှင့်ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးညွန့်မောင်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ သမဝါယမအခြေခံအသင်း ၂၃၈ သင်းမှ အသင်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သိန်းလွင်(အောင်လံ)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်(ရွှေဈေး) ၉၃၆၅၀၀ - ၉၃၆၅၀၀ မန္တလေး(ရွှေဈေး) ၉၃၆၅၀၀ - ၉၃၆၅၀၀

စက်သုံးဆီဈေးနှုန်း		ရန်ကုန်	မန္တလေး
(က)	ဒီဇယ်	တစ်လီတာ	၇၉၅/၈၀၀ ကျပ်၊	၈၄၀/၈၅၀ ကျပ်
(ခ)	အောက်တိန်း ၉၅	တစ်လီတာ	၈၃၀/၈၄၅ ကျပ်၊	၉၂၀/၉၂၅ ကျပ်
(ဂ)	အောက်တိန်း ၉၂	တစ်လီတာ	၇၉၀/၈၀၀ ကျပ်၊	၈၇၀/၈၇၅ ကျပ်
(ဃ)	အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၈၁၅/၈၂၀ ကျပ်၊	၈၆၀/၈၇၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၇၇၅/၇၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၈၅/၈၀၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၅၀/၇၅၅ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	- ၁၃၅၅. ၀
(ခ)	ဥရောပ	တစ်ယူရို	- ၁၆၃၀. ၁
(ဂ)	တရုတ်	တစ်ယွမ်	- ၂၀၈. ၈၂
(ဃ)	ထိုင်း	တစ်ဘတ်	- ၄၂. ၁၁၃
(င)	မလေးရှား	တစ်ရင်းဂစ်	- ၃၃၈. ၉၆
(စ)	အိန္ဒိယ	တစ်ရူပီး	- ၂၁. ၃၉၃
(ဆ)	ဂျပန်	တစ်ရာယန်း	- ၁၁၉၇. ၉
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	- ၁၂၇. ၅၃
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	- ၁၀၆၅. ၆
(ည)	စင်ကာပူ	တစ်ဒေါ်လာ	- ၁၀၂၁. ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ကြေးမုံ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးဗိုဗိုနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလဲ့သင်း

သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလျိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလဲ့

Gmail themirror.myn@gmail.com
www.facebook.com/themirrordaily

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရ အမှူးပြုသော သင်ကြား/စီမံဆရာတော်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှန်ဟိုင်းမြို့ ကျင်အန်းဘုရားကျောင်း ပဓာနနာယကဆရာတော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံစဉ်။ (သတင်းစဉ်)

✪ ရွှေဖုံမှ

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ ကုမာရ အမှူးပြုသော သင်ကြား/စီမံဆရာတော်ကြီးများနှင့်တွေ့ဆုံပြီး တက္ကသိုလ်၏ သာသနာပြုလုပ်ငန်းများကို လေ့လာကြသည်။

သတင်းစဉ်

ရာဇဝတ်အထွေထွေလျှောက်ထားမှု(စာ၁၅၅တော်) နှစ်မှုနှင့် တရားမအထွေထွေလျှောက်ထားမှု(စာ၁၅၅တော်) သုံးမှုကို စီရင်ချက်ချမှတ်

နေပြည်တော် ဇန်နဝါရီ ၈

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသာဌေးနှင့် ဦးမျိုးတင့်တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ပြီး ရာဇဝတ်အထွေထွေလျှောက်ထားမှု(စာ၁၅၅တော်) နှစ်မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာ၁၅၅တော်) သုံးမှုကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် တရားမအထွေထွေလျှောက်ထားမှု(စာ၁၅၅တော်) ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာနိုင်ငံပြန်တမ်း

အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းအောင်အား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

❖ ပြည်ထောင်စုငြိမ်းချမ်းရေးမှ

(၂၁)ရာစုပင်လုံအစည်းအဝေးများ အောင်အောင်မြင်မြင် ကျင်းပပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် မိမိတို့တွင် အဓိကတာဝန်ရှိပါကြောင်း။

ယခု(၂၁)ရာစုပင်လုံ၏ တတိယအကြိမ် အစည်းအဝေးကျင်းပရန် JICM အစည်းအဝေးက ဆုံးဖြတ်ထားပါကြောင်း၊ ဒုတိယအကြိမ် အစည်းအဝေးအတွက် ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် ကျင်းပရေးလုပ်ငန်းကော်မတီ ၁၁ ခု နှင့် ဆက်လက်ဖွဲ့စည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယခင် ဒုတိယအကြိမ်ညီလာခံအတွင်း ဆောင်ရွက်ခဲ့သည့် အားသာချက်၊ အားနည်းချက်များကို အခြေခံပြီး ယခု တတိယအကြိမ်အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ပိုင်းဝန်းဆွေးနွေး အကြံပြုပေးကြရန် ဖိတ်ခေါ်ပါကြောင်း၊ တစ်ဆက်တည်းတွင် ယနေ့ အစည်းအဝေးက ညှိနှိုင်းရရှိချက်များအပေါ် အခြေခံပြီး သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်မည့်လုပ်ငန်းများကိုလည်း ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဖိတ်ကြားရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ကြိုဆိုနေရာချထားရေးနှင့် တည်ခိုနေထိုင်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယပိုလ်ချုပ်ကြီးရဲအောင်၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ ခန်းမအတွင်း နေရာချထားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယပိုလ်ချုပ်ကြီးရဲအောင်၊ ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ အခမ်းအနား ပြင်ဆင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ လုံခြုံရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပိုလ်ချုပ်အောင်စိုး၊ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ကျန်းမာရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကိုယ်စား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်ရီရီမြင့်၊ ဘဏ္ဍာရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်တို့က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ယခင်နှစ် အတွေ့အကြုံများကို အခြေခံပြီး ပိုမိုကောင်းမွန်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်သွားမည့် အစီအစဉ်များကို လည်းကောင်း သည်။

သတင်းစဉ်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ကျင်းပရေးဗဟိုကော်မတီ အစည်းအဝေးကျင်းပစဉ်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် UNODC တို့ ပူးပေါင်းဆောင်ရွက်သည့် စာတမ်းဖတ်ကြားဆွေးနွေးပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၈

"အဂတိလိုက်စားမှုတွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာမြှင့်တင်စို့" ဟူသောခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားဆွေးနွေးပွဲကို ဇန်နဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်၏ ကနဦးခြေလှမ်းအဖြစ် ပညာပေးရေး၊ သတိပေးရေး၊ ဟန့်တား ကာကွယ်ရေးတို့အတွက် လူအသိုက်အဝန်း အသီးသီးတွင် ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေးကို ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် စာတမ်းဖတ်ကြားဆွေးနွေးရန် စိတ်ပါဝင်စားသော ပညာရှင်များ၊ အသင်းအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများသည် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး အုပ်စု(၁) အားကစားလေ့ကျင့်ရေးစခန်း ဝဏ္ဏသိဒ္ဓိရပ်ကွက် ဖုန်း ၀၆၇-၈၁၀၃၃၄၇၊ ၈၁၀၃၂၂၃၃ တို့သို့ လည်းကောင်း၊ myanmaracc2014 @ gmail.com သို့ လည်းကောင်း ဇန်နဝါရီ ၁၂ ရက် နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့နိုင်ကြောင်း သိရသည်။

စာတမ်းဖတ်ကြား ပါဝင်ဆွေးနွေးလိုသူများသည် စာတမ်းဖတ်ကြားချိန် ၁၀ မိနစ်မှ ၁၅ မိနစ်အကြား အကျုံးဝင်နိုင်မည့် A4 အရွယ် စာမျက်နှာခြောက်မျက်နှာရှိ စာတမ်း soft copy ကို ဇန်နဝါရီ ၁၆ ရက်မတိုင်မီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးသို့ ပေးပို့ရမည်ဖြစ်ပြီး စာတမ်းနှင့်အတူ စာတမ်းဖတ်ကြားမည့်သူ၏ အဖွဲ့အစည်း၊ စာတမ်းဖတ်ကြားမည့်သူ၏ အမည်၊ မှတ်ပုံတင်အမှတ်၊ အဖအမည်၊ ပညာအရည်အချင်း၊ မွေးသက္ကရာဇ်၊ ခြောက်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် အစား ရောင်စုံဓာတ်ပုံ သုံးပုံ၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာနှင့် ရည်ညွှန်းကိုးကားချက်များကိုလည်း ပေးပို့ရမည်ဖြစ်သည်။

စာတမ်းဖတ်ကြားဆွေးနွေးပွဲသို့ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် နှစ်ဦးစီ တက်ရောက်နိုင်ပြီး တက်ရောက်မည့်သူများအနေဖြင့် ကိုယ်စားပြုအဖွဲ့အစည်း၊ တက်ရောက်မည့်သူ၏ အမည်၊ မှတ်ပုံတင်အမှတ်၊ အဖအမည်၊ ပညာအရည်အချင်း၊ မွေးသက္ကရာဇ်၊ ခြောက်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် အစား ရောင်စုံဓာတ်ပုံ သုံးပုံ၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာတို့ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အသေးစိတ်အချက်အလက်များကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website ဖြစ်သည့် www. accm.gov. mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

သတင်းစဉ်

သန့်ရှင်းသော စွမ်းအင်ထုတ်လုပ်မှု တရုတ်နိုင်ငံမြင့်တင်လွန်ခဲ့သည့်နှစ်တွင် နေစွမ်းအင်ထုတ်လုပ်မှု ၇၂ ရာခိုင်နှုန်းမြင့်တင်

ပေကျင်း ဇန်နဝါရီ ၈

တရုတ်နိုင်ငံသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုလျော့ချနိုင်ရေးအတွက် သန့်ရှင်းသောစွမ်းအင်ထုတ်လုပ်မှုကို မြှင့်တင်နိုင်ရန် အဓိုးရအဖွဲ့က ကြိုးစားအားထုတ်လျက်ရှိကြောင်း၊ ၂၀၁၇ ခုနှစ် ပထမ ၁၁ လတာကာလတွင် နေရောင်ခြည် စွမ်းအင်ထုတ်လုပ်မှုမှာ စုစုပေါင်း ကီလိုဝပ် နာရီ ၁၀၆ ဒသမ ၉ ဘီလီယံရှိကြောင်း၊ ယင်းမှာ ၂၀၁၆ ခုနှစ် အလားတူ ကာလနှင့် နှိုင်းယှဉ်လျှင် ၇၂ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခြင်းဖြစ်ကြောင်း အမျိုးသားစွမ်းအင်ဘီမံခန့်ခွဲရေးဌာနက ဇန်နဝါရီလဆန်းတွင် ထုတ်ပြန်လိုက်သော အစီရင်ခံစာတွင် ဖော်ပြသည်။

တူညီ

နေရောင်ခြည်စွမ်းအင် ထုတ်လုပ်မှု ပမာဏမှာ ကျောက်မီးသွေးတန်ချိန် ၃၃ သန်း အသုံးပြု၍ စွမ်းအင်ထုတ်လုပ်မှု ပမာဏနှင့် တူညီကြောင်း၊ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှု တန်ချိန် ၉၃ သန်းအထိ လျော့ချနိုင်သည့် သဘောလည်း ဖြစ်ကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်ရေးလုပ်ငန်းများအတွက် ယွမ် ၂ ဒသမ ၅ ထရီလီယံ (အမေရိကန် ဒေါ်လာ ၃၆၁ ဘီလီယံ) ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

ကမ္ဘာ့အကြီးဆုံး စွမ်းအင်စျေးကွက် တည်ရှိရာ တရုတ်နိုင်ငံသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော ကျောက်မီးသွေးစွမ်းအင် ထုတ်လုပ်မှုမှ သန့်ရှင်းသောစွမ်းအင်ထုတ်လုပ်မှုသို့ ဦးတည်ပြောင်းလဲလျက်ရှိသည်။

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ပြုလုပ်ခြင်းဖြင့် ယင်းကဏ္ဍမှ အလုပ်အကိုင်နေရာပေါင်း ၁၃ သန်း ကျော်ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ အစီအစဉ်တွင် ဖော်ပြထားသည်။

၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအသစ်၏ ထက်ဝက်ခန့်ကို လေအားလျှပ်စစ်၊ ရေအားလျှပ်စစ်၊ နေစွမ်းအင်နှင့် ရှူကလီးယားစွမ်းအင် တို့အပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ကဏ္ဍမှ ဖြည့်ဆည်းပေးမည်ဖြစ်သည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းအရ တစ်နှစ်လျှင် ဒေါ်လာ ၇၂ ဘီလီယံခန့် ကျခံသုံးစွဲမည်ဖြစ်ကြောင်း အမျိုးသား စွမ်းအင်စီမံခန့်ခွဲရေးဌာနက ပြောကြားသည်။

တရုတ်နိုင်ငံ၌ ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို ထိန်းချုပ်နိုင်ရန် အစိုးရက ဦးတည်ကြိုးပမ်းလျက်ရှိသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်တာကာလတွင် နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ကြွင်းလောင်စာမှ စွမ်းအင်ထုတ်လုပ်ခဲ့ရသည်။ ယခုအခါတွင်မူ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျော့ချနိုင်ရန် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို မြှင့်တင်မည်ဖြစ်သည်။ **ဆင်ဟွာ**

၂၀၂၀ ခုနှစ် အိုလံပစ် အားကစားပွဲတော်ကာလ စက်ရုပ်နည်းပညာအသုံးပြုရေး အစီအစဉ်ရေးဆွဲမည်

တိုကျို ဇန်နဝါရီ ၈

၂၀၂၀ ခုနှစ် နွေရာသီအိုလံပစ် အားကစားပွဲတော်နှင့်မသန်စွမ်းသူများ၏ အားကစားပွဲတော် ကာလအတွင်း စက်ရုပ်နည်းပညာအသုံးပြုရေးနှင့်ပတ်သက်၍ လာမည့် မတ်လဝန်းကျင်တွင် အစီအစဉ် မူကြမ်းရေးဆွဲရန် အိုလံပစ်ပွဲတော် ကျင်းပရေးကော်မတီက ရည်မှန်းထားကြောင်း ကျိုဒိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

အိုလံပစ် အားကစားပွဲတော် ကာလအတွင်း အားကစားပြိုင်ပွဲများအား စီမံခန့်ခွဲခြင်း၊ ပွဲကြည့်ပရိသတ်အတွက် နေရာထိုင်ခင်းပေးခြင်း စသည့်လုပ်ဆောင်ချက်များအတွက် စက်ရုပ်နည်းပညာကို အသုံးပြုနိုင်ရေးအတွက် အစီအစဉ်တစ်ရပ်ကို မူကြမ်းရေးဆွဲမည်ဖြစ်ကြောင်း၊ ယင်းအစီအစဉ်ကို စုပေါင်းရေးဆွဲနိုင်ရေးအတွက် တိုကျိမြို့တော် အစိုးရအဖွဲ့၊ အစိုးရဝန်ကြီးဌာနများနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ အတွေးအမြင် ဖလှယ်သွားမည်ဖြစ်ကြောင်း အိုလံပစ်ပွဲတော် ကျင်းပရေးကော်မတီက ပြောကြားသည်။

ယှဉ်တွဲနေထိုင်

စက်ရုပ်များအသုံးပြုရာတွင် စက်ရုပ်နှင့်လူသား အတူယှဉ်တွဲနေထိုင်မှု၊ စက်ရုပ်များ၏ ဧည့်ဝတ်ပျူငှာမှုတို့မှာ အားကစားပွဲတော်အတွက် စက်ရုပ်များ အသုံးပြုရေး အယူအဆ၏ အရေးအကြီးဆုံးအချက်ဖြစ်သည် ဆိုဇ်။

တိုကျို အားကစားပွဲတော် ကျင်းပသည့်ကာလအတွင်း ဝန်ဆောင်မှုနယ်ပယ် အမျိုးမျိုး၌ စက်ရုပ်များကို အသုံးပြုမည်ဖြစ်ရာ အိုလံပစ် အားကစားပြိုင်ပွဲ သမိုင်းတွင် နည်းပညာအရ တီထွင်ဆန်းသစ်မှုအရှိဆုံးအဖြစ် မှတ်တမ်းတင်နိုင်မည် ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲရုံတည်ရာ နေရာများတွင် ဧည့်ပရိသတ်အား လမ်းပြပေးခြင်း၊ နိုင်ငံခြားသားများအား နိုင်ငံခြားဘာသာစကားဖြင့် ဧည့်လမ်းညွှန်ခြင်း၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ၏ ကိုယ်ပိုင်ပစ္စည်းများကို သယ်ဆောင်ပေးခြင်း စသည့် ဝန်ဆောင်မှုများအတွက် စက်ရုပ်များကို အသုံးပြုမည်ဖြစ်ကြောင်း အိုလံပစ်ပွဲတော် ကျင်းပရေးကော်မတီက ပြောကြားသည်။ **ကျိုဒို**

လစ်ဗျားကမ်းလွန်ပင်လယ်ပြင်တွင် တရားမဝင် ရွှေပြောင်းသူများကို ကယ်တင်

တူးနစ် ဇန်နဝါရီ ၈

လစ်ဗျားနိုင်ငံ အနောက်ပိုင်း ဂါရာဘူလီမြို့၏ ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်ပင်လယ်ပြင်တွင် ဇန်နဝါရီ ၇ ရက်က တရားမဝင်ရွှေပြောင်းသူ ၂၉၇ ဦးကို ရေတပ်က ကယ်တင်နိုင်ခဲ့ပြီး ရုပ်အလောင်းနှစ်လောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ရေတပ်က ထုတ်ပြန်ကြေညာသည်။

တွေ့ရှိ

လစ်ဗျားရေတပ်၏ ကင်းလှည့်သင်္ဘောတစ်စင်းက နိုင်ငံအနောက်ပိုင်း ၁၀ ကီလိုမီတာအကွာ ပင်လယ်ပြင်အတွင်း တရားမဝင် ရွှေပြောင်းသူများကို တွေ့ရှိခဲ့ကြောင်း၊ ၎င်းတို့သည် ရော်ဘာလှေနှစ်စင်းဖြင့် လိုက်ပါလာခဲ့ကြကာ ရော်ဘာလှေတစ်စင်းပေါ်တွင် သေဆုံးနေသည့် အမျိုးသမီးနှစ်ဦးကို တွေ့ရှိခဲ့ပြီး ၎င်းတို့အနက် တစ်ဦးမှာ ကိုယ်ဝန်ဆောင် တစ်ဦးဖြစ်ကြောင်း ရေတပ်ပြောရေးဆိုခွင့်ရှိသူ အယ္ဒတ်ကွေဆမ်က ပြောကြားသည်။

ရပ်တည်

လစ်ဗျားနိုင်ငံမြို့တော် ထရီပိုလီ အရှေ့ဘက် ၅၀ ကီလိုမီတာခန့်အကွာ ဂါရာဘူလီမြို့သည် တရားမဝင် ရွှေပြောင်းသူများ စတင်ထွက်ခွာရာ မြို့တစ်မြို့ဖြစ်သည်။ ၂၀၁၁ ခုနှစ်တွင် လစ်ဗျားနိုင်ငံ၌ လူထုအုံကြွမှု ဖြစ်ပေါ်ခဲ့ပြီးနောက် လုံခြုံရေး ဆိုးရွားလာခဲ့ရာ တရားမဝင် ရွှေပြောင်းသူများ ဥရောပနိုင်ငံများသို့ ဝင်ရောက်ရန် ကြားခံစခန်းတစ်ခုအဖြစ် ရပ်တည်လာခဲ့သည်။

ရော်ဘာလှေပေါ်တွင် အဆမတန် လူလိုက်ပါလာခဲ့ခြင်းကြောင့် လူသေဆုံးမှု ဖြစ်ပေါ်ခဲ့ရကြောင်း ရေတပ်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **ဆင်ဟွာ**

အိန္ဒိယ၌ ဘားနှင့် စားသောက်ဆိုင်တွင် မီးလောင်မှုဖြစ်ပွားငါးဦးသေဆုံး

နယူးဒေလီ ဇန်နဝါရီ ၈

အိန္ဒိယနိုင်ငံ တောင်ပိုင်း ဘန်ဂါလူရုမြို့ရှိ ဘားနှင့် စားသောက်ဆိုင်တစ်ဆိုင်တွင် ဇန်နဝါရီ ၈ ရက်က မီးလောင်မှု ဖြစ်ပွားရာ လူငါးဦးထက်မနည်း သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မီးလောင်မှုကြောင့် သေဆုံးသူများမှာ ဘားဆိုင်တွင် အလုပ်လုပ်ကိုင်နေသူများဖြစ်ကြပြီး မီးလောင်မှုဖြစ်ပွားစဉ် အိပ်ပျော်လျက်ရှိနေခဲ့ကြကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ဒေသစံတော်ချိန် နံနက် ၂ နာရီခွဲခန့်တွင် ကေလက်ရှ်ဘားနှင့် စားသောက်ဆိုင်၌ မီးလောင်မှုဖြစ်ပွားကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

မီးလောင်မှု ဖြစ်ပွားပြီးနောက် ယင်းနေရာသို့ မီးသတ်ကားများ ချက်ချင်းသွားရောက်ခဲ့ကြပြီး အခြားနေရာသို့ မီးကူးစက် ပျံ့နှံ့ခြင်းမရှိစေရန် ထိန်းချုပ်ခဲ့ကြောင်း၊ မီးသတ်သမားများက နာရီအတော်ကြာ မီးငြိမ်းသတ်ခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သေဆုံးသူ ရုပ်အလောင်းများအား ရင်ခွဲစစ်ဆေးရန် ယင်းမြို့ရှိ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ **ဆင်ဟွာ**

ဆော်ဒီဦးဆောင်သော ညွှန့်ပေါင်းတပ်ဖွဲ့မှ တိုက်လေယာဉ်တစ်စင်း ပျက်ကျ

ရီယာဒ် ဇန်နဝါရီ ၈

ဆော်ဒီအာရေဗျ ဦးဆောင်သော စစ်ရေးညွှန့်ပေါင်းတပ်ဖွဲ့မှ တိုက်လေယာဉ်တစ်စင်းသည် ဇန်နဝါရီ ၇ရက်က ယီမင်နိုင်ငံတွင် စစ်ဆင်ရေးဆောင်ရွက်နေစဉ် ပျက်ကျခဲ့ကြောင်း၊ လေယာဉ်ပေါ်ရှိ လေယာဉ်မှူးနှစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ညွှန့်ပေါင်းတပ်ဖွဲ့က ထုတ်ပြန်ကြေညာသည်။ သို့ရာတွင် ယင်းဂျက်တိုက်လေယာဉ်ပျက်ကျရခြင်းမှာ မိမိတို့၏တပ်ဖွဲ့ဝင်များက ပစ်ချနိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ယီမင်ဟူသီသူပုန်အဖွဲ့က ပြောကြားသည်။

ညွှန့်ပေါင်းတပ်ဖွဲ့မှ တိုက်လေယာဉ်သည် တာဝန်ထမ်းဆောင်အပြီး အမြန်နှုန်းစဉ်အတွင်း စက်ချို့ယွင်းမှုကြောင့်ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ညွှန့်ပေါင်းတပ်ဖွဲ့က လေယာဉ်မှူးနှစ်ဦးကို ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီး ဆော်ဒီအာရေဗျနိုင်ငံသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယီမင်နိုင်ငံမြောက်ပိုင်း ဆာဒါးပြည်နယ်တွင် ဂျက်တိုက်လေယာဉ်ကို ပစ်ချခဲ့သည်ဟု ဟူသီ ထိန်းချုပ်သော ဆာဘားသတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် ယီမင် ဟူသီသူပုန်တပ်ဖွဲ့က ယီမင်နိုင်ငံမြို့တော်ကို သိမ်းပိုက်ခဲ့ပြီးနောက် ယီမင်နိုင်ငံ တောင်ပိုင်းဒေသကို ဆက်လက်သိမ်းပိုက်ခဲ့ရာ သမ္မတ အီဘရာဟင်မန်ဆောဟာဒီမှာ ဆော်ဒီအာရေဗျနိုင်ငံသို့ တိမ်းရှောင်ခဲ့ရသည်။ ၂၀၁၅ ခုနှစ် မတ်လတွင် ဆော်ဒီဦးဆောင်သည့် ညွှန့်ပေါင်းတပ်ဖွဲ့က ဟူသီသူပုန်တပ်ဖွဲ့အား တိုက်ခိုက်သည့် စစ်ဆင်ရေးကိုစတင်ခဲ့သည်။ **ဆင်ဟွာ**

မြန်မာနိုင်ငံ၏ နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့

ဘရူနိုင်းဒါရုဿလမ်နိုင်ငံ

မြန်မာနိုင်ငံ၏လွတ်လပ်ရေးနေ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါသည်ဟု ဘရူနိုင်းဒါရုဿလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုကီးယား မူအစ် ဇာဒင်ဝါဒူလာက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာ ပေးပို့သည်။

မြန်မာနိုင်ငံ၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့တွင် သဝဏ်လွှာ ပေးပို့ခွင့်ရခြင်းသည် မိမိတို့နှစ်နိုင်ငံ ပြည်သူများအကြား ခင်မင်ရင်းနှီးသော ဆက်ဆံရေးကို တိုးမြှင့်နိုင်မည့် အရေးပါသော အခွင့်အလမ်းဖြစ်သည်ဟု မှတ်ယူပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်မှု ၂၅ နှစ်မြောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူများ ကြီးပွားတိုးတက်ပါစေဟု ဆန္ဒပြုပါကြောင်း ဖော်ပြထားသည်။

ဘရူနိုင်းဒါရုဿလမ်နိုင်ငံ ဘုရင်သည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့လည်း ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

ကိုရီးယားသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ မွန်ဂျေအင်းက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ကိုရီးယားသမ္မတနိုင်ငံ အစိုးရအဖွဲ့၊ ပြည်သူတို့နှင့်အတူ ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါသည်။ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန်နှင့် မြန်မာပြည်သူတို့ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုတောင်းအပ်ပါသည်။ မိမိတို့နှစ်နိုင်ငံ ဆက်ဆံရေးမြှင့်တင်နိုင်ကြကာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း ဖော်ပြထားသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယအတွက် အင်ဒိုနီးရှား ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် မြန်မာအစိုးရနှင့် ပြည်သူများကို ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်ပါကြောင်းနှင့် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျိကိုဝီဒိုဒိုက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

ယခုကဲ့သို့ သမိုင်းဝင်လွတ်လပ်ရေးနေ့အခါသမယတွင် နှစ်နိုင်ငံ ဆက်ဆံရေးတည်တံ့ခိုင်မြဲစေမည်ဟု အင်ဒိုနီးရှားနိုင်ငံက ထပ်မံအတည်ပြုပါကြောင်း၊ နှစ်နိုင်ငံအကျိုးစီးပွားအတွက် ခိုင်မာသောဆက်ဆံရေးဖြင့် ဒေသတွင်း၌ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆွေတော်နှင့် မြန်မာပြည်သူများကောင်းကျိုးသုခရရှိပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ဖော်ပြထားသည်။

အလားတူ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျိကိုဝီဒိုဒိုသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

ထို့အတူ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ယူဆုတ်ကာလာက ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူတို့ထံသို့လည်းကောင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ရက်နိုအယ်လ်ပီ မာဆူဒီက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ လည်းကောင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

ယူကရိန်းနိုင်ငံ

ယူကရိန်းပြည်သူများကိုယ်စား လည်းကောင်း၊ မိမိအနေဖြင့် လည်းကောင်း မြန်မာနိုင်ငံ၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ယူကရိန်းနိုင်ငံ သမ္မတ မစ္စတာ ပီထရို ပိုရိုရှန်ကိုက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

နှစ်နိုင်ငံ ပြည်သူများအကျိုးစီးပွားအတွက် နားလည်ယုံကြည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်သွားရန် ယူကရိန်းနိုင်ငံက အလေးထားပါကြောင်း၊ အဆွေတော် ကျန်းမာရွှင်လန်းစွာဖြင့် တာဝန်ဝတ္တရားများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် မြန်မာပြည်သူများငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ကြွယ်ဝတိုးတက်ရေးတို့ကိုလည်း စွမ်းဆောင်နိုင်ပါစေဟု ဆုတောင်းအပ်ပါကြောင်း ဖော်ပြပါရှိသည်။ **(ဆက်လက်ဖော်ပြပါမည်)**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)နှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး H.E. Mr. Mohammad SuffiurRahman က ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေဓလာခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံအတွင်း ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျလက်ခံနိုင်ရေးအဆင်သင့်ဖြစ်နိုင်ရန် ဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ကူညီမှုဖြင့် Modular House များ တည်ဆောက်မည့် ကိစ္စများ၊ ၂၀၁၂ ခုနှစ်နောက်ပိုင်း ပေါ်ပေါက်လာသော နေရပ်စွန့်ခွာသူများနေထိုင်ရာ ကယ်ဆယ်ရေးစခန်းများအနက် ကျောက်ဖြူ၊ ရမ်းပြဲနှင့် ပေါက်တော ကြိမ်နီပြင် စခန်းသုံးခု ပိတ်သိမ်းပြီးစီးမှု၊ ယခုအခါ စစ်တွေ သက္ကေပြင်နှင့် မြေပုံမြို့ရှိကယ်ဆယ်ရေးစခန်း ပိတ်သိမ်းနိုင်ရန် စခန်းခေါင်းဆောင်များ၊ စခန်းတွင် နေထိုင်သူများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်မှုများ၊ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်သူများ လွတ်လပ်စွာသွားလာခွင့်ရရှိရေးအတွက် ဥပဒေဆိုင်ရာ ကန့်သတ်ချက်များလျှော့ချနိုင်ရေး၊ လူမှုရေးဆိုင်ရာကန့်သတ်ချက်များ လျှော့ချနိုင်ရေးတို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာ့သစ်တောကဏ္ဍ ပြန်လည်ထူထောင်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနက ဖွင့်လှစ်သည့် ခရိုင်သစ်တောအရာရှိများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၅)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရေဆင်း သစ်တောသုတေသနဌာန စုဝေးခန်းမ၌ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် သိပ္ပံနည်းကျ သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုစတင်ပေါ်ပေါက်ခဲ့နိမ့်မှစ၍ ခရိုင်သစ်တောဌာနများသည်မြန်မာ့လွှေးချယ်မှုစနစ် (Myanmar Selection System)ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အခြေခံသစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုယူနစ်များ အဖြစ် သတ်မှတ်ခဲ့သည်မှာ ယနေ့ထိဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပုံမှန်သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းများအပြင် နိုင်ငံတကာနှင့် မိမိတို့နိုင်ငံအတွင်းပြောင်းလဲလာသည့်အခြေအနေများနှင့် တစ်ပါတည်း ပေါ်ပေါက်လာသည့် သစ်တောအခြေခံလုပ်ငန်းစဉ်များအဖြစ် နိုင်ငံတကာတွင် Timber Certification၊ REDD+ စသည့် သစ်တောပြန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျခြင်းမှ ကာတွန်ထုတ်လွှတ်မှုလျှော့ချခြင်း လုပ်ငန်းစဉ် အစိမ်းရောင်စီးပွားရေးဟုခေါ်သည့်ပတ်ဝန်းကျင်ကို မထိခိုက်စေသော နည်းလမ်းဖြင့် ဖွံ့ဖြိုးတိုးတက်စေခြင်းအစရှိသည့် လုပ်ငန်းစဉ်များနှင့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရာတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးအတွက် ပြုပြင်ပြောင်းလဲမှုများစွာ ဆောင်ရွက်လာခဲ့ရာ ဝန်ထမ်းအဆင့်ဆင့်၏ တာဝန်ရှိမှု၊ တာဝန်သိမှုများ လိုအပ်လာမည်ဖြစ်ပါကြောင်း။

ထို့အပြင် သတ္တုကဏ္ဍဆိုင်ရာ နည်းဥပဒေ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိထားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သစ်တောပညာသည် သိပ္ပံပညာနှင့် ဆက်နွယ်နေသည့်အတွက် သိပ္ပံနည်းကျကျ တွေးခေါ်ဆင်ခြင်ဖို့လိုမည်ဖြစ်သည့်အပြင် အရာရှိများအနေဖြင့် စံပြဝန်ထမ်းကောင်းများဖြစ်ရေး ကျင့်ကြံကြိုးစားကြရန် ဖြစ်ပါကြောင်းပြောကြားသည်။

အခမ်းအနားသို့ သစ်တောဦးစီးဌာနနှင့် မြေတိုင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသားများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် စင်ကာပူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စင်ကာပူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lt. Gen. Perry Lim အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် စင်ကာပူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဇေယျာသီရိဗိမာန် ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။**(ယာဝုံ)**

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အာဆီယံလှုပ်ရှားမှုများတွင် အပြည့်အဝပူးပေါင်းဆောင်ရွက်နေကြောင်း၊ ၂၀၁၁ ခုနှစ်နောက်ပိုင်း မြန်မာအပါအဝင် အာဆီယံနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုများကြောင့် မလက္ကာရေလက်ကြားတွင် ဖြစ်ပွားလျက်ရှိသည့် သဘော်ပြန်ပေးဆွဲမှု၊ အကြမ်းဖက်မှုများသိသိသာသာ လျော့နည်းသွားသည်ကို တွေ့ရှိရပြီး ဆက်လက်ထိန်းသိမ်း ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

စင်ကာပူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်ပြီး တပ်မတော်မှ နိုင်ငံသားများအပေါ် ကာကွယ်စောင့်ရှောက်မှုများ ပေးနေသည်ကို သိရှိနားလည်ပါကြောင်း၊ စင်ကာပူနိုင်ငံအနေဖြင့် လိုအပ်သည့် အကူအညီများကို ပေးအပ်သွားရန် အသင့်ရှိပါကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများကို အချိန်မီဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဒေသတွင်း ငြိမ်းချမ်းရေးကို မိမိတို့အနေဖြင့် လိုလားပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားကာ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်မှု၊ စင်ကာပူနိုင်ငံသို့ မြန်မာ့တပ်မတော်မှ သင်တန်းသားအရာရှိများ စေလွှတ်မှုနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ပိုလ်ချုပ်ကြီးတင်အောင်စန်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ် Admiral Naris Phatoomsuwan အား ယနေ့ညနေ ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရေတပ်အချင်းချင်းပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် နှစ်နိုင်ငံ အဆင့်လိုက်ချစ်ကြည်ရေးခရီးစဉ်များနှင့် သဘော်များအပြန်အလှန် လည်ပတ်ရေး၊ နှစ်နိုင်ငံရေပိုင်နက်အတွင်း လုံခြုံရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး၊ အားကစားအဖွဲ့များနှင့် ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်၍ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေး၊ သင်တန်းသားများ အပြန်အလှန် စေလွှတ်ရေး ကိစ္စရပ်များအား အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးနိုင်ရန်အတွက် နှစ်ပက်ခေါင်းဆောင်များတွေ့ဆုံရန် UNFC အနေဖြင့် အခြားနည်းလမ်းများ ဆက်လက်ရှာဖွေသွားမည်

ချင်းမိုင် ဇန်နဝါရီ ၈

ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ (တိုးချဲ့) အစည်းအဝေးတစ်ရပ်ကို ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ ထိုင်းနိုင်ငံချင်းမိုင်မြို့၌ ကျင်းပခဲ့ပြီး NCA စာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ရေး နှစ်ဖက်ခေါင်းဆောင်များတွေ့ဆုံရန်အတွက် UNFC အနေဖြင့် အခြားနည်းလမ်းများကို ဆက်လက်ရှာဖွေကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

သုံးရက်တာကျင်းပသည့် အစည်းအဝေးတွင် UNFC ၏ အထွေထွေလုပ်ငန်းစဉ်များ၊ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) ၏ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ဆောင်ရွက်နေမှုများအား ပြန်လည်သုံးသပ်ခြင်း၊ NCA စာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ရေးအတွက် UNFC တောင်းဆိုသည့် အချက်ကိုးချက်အား DPN နှင့် ငြိမ်းချမ်းရေးကော်မရှင် (PC) တို့ ဆွေးနွေးနေမှုအခြေအနေနှင့် ကျန်နေသည့် အချက်တို့အား ဆွေးနွေးခဲ့ကြသည်။

UNFC ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးထွန်းဇော်က "UNFC ရဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီ တိုးချဲ့အရေးပေါ်အစည်းအဝေးက UNFC အထွေထွေလုပ်ငန်းစဉ်နဲ့ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်ကို သုံးသပ်ကြတာဖြစ်ပါတယ်၊ ကျွန်တော်တို့ အဆိုပြုချက်ကိုးချက်ဟာ NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆွေးနွေးအဆိုပြုထားတာဖြစ်ပါတယ်၊ နောက်ဆုံး ဘယ်အဆင့်ရောက်ပြီလဲဆိုတာ တွေ့ဆုံဆွေးနွေးခဲ့တဲ့ အကြိမ်တိုင်း အကြိမ်တိုင်းရဲ့ ရလဒ်တွေကို ကျွန်တော်တို့ အကဲဖြတ်ပါတယ်၊ ကျွန်တော်တို့ DPN နဲ့ ငြိမ်းချမ်းရေးကော်မရှင် ဆွေးနွေးနေတဲ့ကြားမှာလည်း UNFC အဆိုပြုချက် ကိုးချက် နောက်ဆုံးရောက်ရှိနေမှု အနေအထားကို အကဲဖြတ်ကြပါတယ်"ဟု အစည်းအဝေး အပြီးတွင် ဖြေကြားသည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ (တိုးချဲ့)အစည်းအဝေးအပြီးတွင် သတင်းထုတ်ပြန်ချက် တစ်ခုထုတ်ပြန်ခဲ့သည်။

သတင်းထုတ်ပြန်ချက်တွင် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ (တိုးချဲ့) အစည်းအဝေးတွင် UNFC ၏ အထွေထွေလုပ်ငန်းစဉ်များကို လည်းကောင်း၊ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်ကို လည်းကောင်း ပြန်လည်သုံးသပ်၍ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ခဲ့ကြကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) ၏ အဆိုပြုချက်ကိုးချက်ကို ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် ညှိနှိုင်းလျက်ရှိရာ နောက်ဆုံးကျန်ရှိသည့် အချက်များအပေါ် အဖြေရရှိရေး နှစ်ဖက်ထိပ်သီးခေါင်းဆောင်များ တွေ့ဆုံညှိနှိုင်းနိုင်ရန် အခြားနည်းလမ်းများကိုလည်း ဆက်လက်ရှာဖွေကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

UNFC အဖွဲ့ဝင် မွန်ပြည်သစ်ပါတီ (NMSP) အနေဖြင့် NCA စာချုပ်တွင် လက်မှတ်ရေးထိုးသွားမည်ဆိုသည့် ကိစ္စနှင့်ပတ်သက်၍ ဦးထွန်းဇော်က "မွန်ပြည်သစ်ပါတီ (NMSP) ရဲ့ဗဟိုကော်မတီမှာတော့ NCA ထိုးမယ်ဆိုတဲ့ဆုံးဖြတ်ချက်ရှိတယ်၊ အကောင်အထည်ဖော်တဲ့ နေရာမှာတော့ ဘယ်ရက်အတွင်းမှာ လုပ်သွားမယ်ဆိုပြီး တိတိကျကျ ပြောတာတော့ မရှိပါဘူး၊ NMSP အနေနဲ့ NCA ထိုးဖို့ အတူတူသွားမယ်လို့ တင်ပြပါတယ်၊ မွန်ပြည်သစ်ပါတီဟာ UNFC ရဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်၊ ဒါကြောင့် UNFC ရဲ့ အခြေခံအောက်ကနေ ကြိုးပမ်းဆောင်ရွက်ဖို့ သဘောထားမှတ်ချက်ပေးပါတယ်၊ သူတို့ရဲ့ သဘောထားက NCA လက်မှတ်ထိုးဖို့ ရှိတယ်ဆိုတာကိုတော့ တင်ပြတာပေါ့"ဟု ပြောသည်။

နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) သည် ငြိမ်းချမ်းရေးကောင်စီ(PC) နှင့် NCA စာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ရေးအတွက် UNFC မှ တောင်းဆိုထားသည့် အချက် ကိုးချက်ကို ညှိနှိုင်းခဲ့သည်မှာ ၁၇ လကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) သည် NCA လက်မှတ်ရေးထိုးနိုင်ရန် တောင်းဆိုထားသည့် အချက် ကိုးချက်အနက် ကျန်ရှိနေသည့် အချက်များ ကျော်လွှားနိုင်ရန် နှစ်ဖက်ထိပ်သီး ခေါင်းဆောင်များ တွေ့ဆုံ၍ အဖြေရှာရန် လိုလားလျက်ရှိသည်။

သတင်း-ရဲခေါင်ညွှန့်
ဓာတ်ပုံ-အောင်အောင်(ချင်းမိုင်)

မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်းသည် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းကြီးများ၏ သာရေး၊ နာရေးနှင့် လူမှုရေးကိစ္စများအပြင် မြန်မာ့အားကစားလောက တိုးတက်မှုတို့အတွက် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ အားကစားသမားဟောင်းကြီးများ စုံညီစွာ တွေ့ဆုံပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများအတွက် ကျင်းပသည့် မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဇန်နဝါရီ ၂၁ ရက်တွင် ကျင်းပမည့်အသင်း၏ အမှုဆောင်အဖွဲ့ ပြန်လည်ရွေးချယ်တင်မြှောက်ရေးနှင့် ဇန်နဝါရီ ၂၈ ရက်တွင် ကျင်းပမည့် မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း တတိယအကြိမ်အသင်းသားများ "စုံညီတွေ့ဆုံပွဲ" ကျင်းပနိုင်ရေးတို့အတွက် အသင်းသားများ စုံစုံလင်လင်တက်ရောက်နိုင်ရေး၊ ဖိတ်ကြားကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေးတို့အပြင် ရပ်နီး၊ ရပ်ဝေးတို့မှ မြန်မာ့အားကစားလက်ရွေးစင်အားကစားသမားဟောင်းကြီးများ ဖိတ်ကြားနိုင်ရေးနှင့်အသင်းမှ မဂ္ဂဇင်းစာအုပ် ထုတ်ဝေနိုင်မှုအခြေအနေများကို အသေးစိတ်ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယဥက္ကဋ္ဌများနှင့် အသင်းအတွင်းရေးမှူး ဦးစိုးသိန်း၊ ဘဏ္ဍာရေးမှူးနှင့် အလုပ်အမှုဆောင်အသီးသီးတို့က မိမိတို့တာဝန်ယူထားကြသည့် ကဏ္ဍအလိုက်ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ရှင်းလင်းတင်ပြကြပြီး ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ပြန်လည်ဖြည့်စွက်အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

ကြေးမုံ

ပြည်သူ့သဘောထားစင်မြင့်

တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရွေထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)

နိုင်ငံတစ်နိုင်ငံ တိုးတက်မှုရရှိဖို့ဆိုလျှင်

တင်မောင်ဦး(ရွှေပြည်သာ)

ယနေ့ကမ္ဘာတွင် နိုင်ငံအသီးသီးက ကိုယ့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအားရှိသမျှ ကြိုးပမ်းဆောင်ရွက်နေကြသည်။ သို့သော် နိုင်ငံတိုင်း ရည်မှန်းချက်ပေါက်မြောက်အောင်မြင်သည်တော့ မဟုတ်ကြပါ။ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်ကောင်းကောင်းဖြင့် လက်တွေ့ကျကျ ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်သည့် နိုင်ငံများတွင်ပါဝင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို လေ့လာမိသည်။

တရုတ်နိုင်ငံသည် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်နေပြီး အဓိကအားဖြင့် စီးပွားရေးကဏ္ဍမှာ သိသာထင်ရှားလှသည်။ ကမ္ဘာ့စီးပွားရေးပညာရှင်များကလည်း တရုတ်နိုင်ငံသည် ၂၀၃၂ ခုနှစ်တွင် အမေရိကန်နိုင်ငံကို ဖြတ်ကျော်ကာ ကမ္ဘာ့စီးပွားရေးအင်အားကြီး နံပါတ် ၁ ဖြစ်လာလိမ့်မည်ဟု သုံးသပ်နေကြသည်များလည်း ရှိသည်။ လက်ရှိအခြေခံတွင် တရုတ်နိုင်ငံသည် လူတစ်ဦးချင်း ဝင်ငွေ (per capita income) အရ နည်းသော်လည်း တစ်နိုင်ငံလုံး၏ ဂျီဒီပီပမာဏ ကြီးမားမှုနှင့်အတူ စီးပွားရေးအရ ကမ္ဘာ့အဆင့် ဒုတိယနေရာသို့ ရောက်ရှိလာသည်။ ထိုတိုးတက်မှုနှုန်းများကို ဆက်လက်ဖြစ်ပေါ်နေစေရန်အတွက် တရုတ်နိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုကိုဆက်လက်၍ ဆောင်ရွက်နေမည်သာ ဖြစ်သည့်အတွက် စိတ်ဝင်စားဖွယ်ရာ စောင့်ကြည့်ရမည်သာ ဖြစ်သည်။

လက်ရှိတွင် တရုတ်နိုင်ငံသည် စီးပွားရေးတိုးတက်မှုနှင့်အတူ ကုန်းကြောင်း၊ ရေကြောင်းပိုးလမ်းမသစ်စီမံကိန်း (One Belt One Road Initiative) ကဲ့သို့သော အစီအမံများ၊ တပ်မတော်အား တိုးချဲ့၍ ခေတ်မီတည်ဆောက်နေမှု အစီအမံများ၊ အာကာသဆိုင်ရာနည်းပညာဖွံ့ဖြိုးတိုးတက်နေမှုများ၊ သိပ္ပံနည်းပညာ ဖွံ့ဖြိုးမှုများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ဖွံ့ဖြိုးမှု အခြေအနေများ၊ ဆိုက်ဘာနည်းပညာဖွံ့ဖြိုးတိုးတက်နေမှုများ၊ ကမ္ဘာ့အကြီးဆုံးလေယာဉ်များ တည်ဆောက်လာနိုင်မှု၊ ကမ္ဘာ့အမြန်ဆုံးစူပါကွန်ပျူတာများတည်ဆောက်နိုင်မှုနှင့် အရေအတွက် အများဆုံးပိုင်ဆိုင်နိုင်မှု၊ စွမ်းအင်ကိုစနစ်တကျ မူဝါဒချမှတ်ကာ အစီအမံကောင်းများဖြင့် ရှာဖွေစုဆောင်းနိုင်မှု၊ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးကြီးသည့် ငွေကြေးစျေးကွက်များထူထောင်ထားနိုင်မှု အစရှိသည်ဖြင့် ဘက်စုံကဏ္ဍစုံတွင် အောင်မြင်တိုးတက်ရန် ကြိုးပမ်းလျက်ရှိနေသည်။ ထိုအောင်မြင်မှုများမှာ အကြောင်းမဲ့ရရှိလာခြင်းမဟုတ်ဘဲ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ အသီးအပွင့်များဖြစ်ရာ တရုတ်နိုင်ငံ၏ ကောင်းမွန်သည့် နမူနာများအား လေ့လာဆန်းစစ်ကာ သင့်လျော်သည့် ကိစ္စရပ်များကို မိမိတို့နိုင်ငံအနေဖြင့် အတုယူဆောင်ရွက်သင့်ပေသည်။

တရုတ်နိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်လာနိုင်ခြင်း၏ အကြောင်းရင်းကို လေ့လာရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးနှင့် သိပ္ပံနည်းပညာတိုးတက်ရေးတို့အပေါ် အခြေခံ၍ ကြိုးပမ်းလာကြသည့်အတွက် တိုးတက်လာသည်ဟု ယူဆရပါသည်။ တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများသည် မူဝါဒခိုင်မာကောင်းမွန်မှုမှ ဆင်းသက်လာသောအကျိုးတရားပင် ဖြစ်ပေသည်။

တရုတ်နိုင်ငံသည် နိုင်ငံရေးစနစ်အရ ကမ္ဘာ၏အခြားနိုင်ငံများတွင် အောင်မြင်ခြင်းမရှိသော ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးဆောင်ရွက်နေသော်လည်း ခေတ်ကာလနှင့် လျော်ညီကာ အစဉ်သဖြင့် ပြုပြင်ပြောင်းလဲလာနိုင်သည့်အတွက်လည်း ယနေ့တွေ့မြင်ရသည့် ဖွံ့ဖြိုးမှုများရရှိနေခြင်းဖြစ်သည်။ ဗဟိုအဆင့်တွင် ပြုပြင်ပြောင်းလဲရေးကော်မရှင် (Reform Commission) တစ်ရပ်ကို ဝန်ကြီးဌာနကြီးတစ်ခုအဆင့် (Super Ministry) အထိ ထားရှိဖွဲ့စည်းကာ ပြုပြင်ပြောင်းလဲမှုများကို ဘက်ပေါင်းစုံမှ လက်တွေ့ကျကျ နက်ရှိုင်းစွာဆောင်ရွက်ကြသည်။ ကဏ္ဍအသီးသီးတွင် အကြီးစားပြုပြင်ပြောင်းလဲမှုပေါင်း ၁၅၀၀ ကျော် ဆောင်ရွက်ပြီး ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထုစားဝတ်နေရေး၊ စိတ်ပိုင်းဆိုင်ရာ၊ ယဉ်ကျေးမှု၊ ဇီဝနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဂေဟစနစ်ကောင်းမွန်ရေး အပါအဝင် အထူးသဖြင့် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကို ထိထိရောက်ရောက်ဆောင်ရွက်သည်။

ပြုပြင်ပြောင်းလဲရေးကို သမိုင်းတစ်လျှောက်လုံး စဉ်ဆက်မပြတ် အောင်မြင်အောင် ဆောင်ရွက်လာနိုင်ခြင်းမှာတရုတ်နိုင်ငံ၏ အဓိကအားသာချက်ဟု ဆိုနိုင်ပါသည်။ ပြုပြင်ပြောင်းလဲဆောင်ရွက်ကြရာတွင် "လေးမျိုးစပ်သပ်မှု" ဟုဆိုသော အုပ်ချုပ်ရေးအာဏာစမ်းသပ်မှု၊ ပြုပြင်ပြောင်းလဲရေး စမ်းသပ်မှု၊ တံခါးဖွင့်ဝါဒ စမ်းသပ်မှုနှင့် ပြင်ပဝန်းကျင်စမ်းသပ်မှုတို့ကို အလေးထားကာ ဖြည်းဖြည်းချင်း တိုးချဲ့ဆောင်ရွက်လာကြသည်ကို တွေ့ရသည်။ တစ်ချိန်တည်းမှာပင် ပါတီတွင်း၊ အစိုးရတွင်း၊ နိုင်ငံတွင်းရှိ သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် "လေးမျိုး အန္တရာယ်" မကျရောက်စေရန် ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့ကြသည်မှာလည်း အတုယူဖွယ်ဖြစ်သည်။ "လေးမျိုးအန္တရာယ်" ဆိုသည်မှာ (၁) စိတ်ဓာတ်လျော့ရဲလျောခဲဖြစ်မှု အန္တရာယ်၊ (၂) စွမ်းရည်မပြည့်ဝမှုအန္တရာယ်၊ (၃) လူထုနှင့် ကင်းကွာသည့်အန္တရာယ်နှင့် (၄) စိတ်ဓာတ်ပျက်စီး ခြစားမှုအန္တရာယ်ဟူ၍ဖြစ်သည်။

တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရသည့် အကြောင်းအရင်းများတွင် အမြော်အမြင်ရှိ၍ အရည်အချင်းပြည့်ဝသော ခေါင်းဆောင်အဆက်ဆက် နိုင်ငံကို ဦးဆောင်ခွင့်ရရှိကြခြင်းနှင့် ထိရောက်ကောင်းမွန်သည့်မူဝါဒများ၊ လမ်းညွှန်ချက်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာခြင်းလည်း ပါဝင်သည်။ ယခင်ခေါင်းဆောင်အဆက်ဆက်၏ မူဝါဒများကို နောက်တက်လာသည့် ခေါင်းဆောင်များက ပစ်ပယ်ခြင်းမရှိဘဲ လက်ဆင့်ကမ်းကာ ပြုပြင်ကျင့်သုံးလေ့ရှိသည့် အလေ့အကျင့်ကောင်းများကြောင့် မော်စီတုန်း၊ တိန့်ရှောင်ဖိန်တို့ လက်ထက်မှ သန္ဓေတည်လာသည့် ပြုပြင်ပြောင်းလဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများသည် ယနေ့အချိန်တွင် ကောင်းစွာသီးပွင့်လာနိုင်သည့် အခြေအနေသို့ ရောက်ရှိလာခြင်း ဖြစ်သည်။ ထို့အပြင် ပြည်သူတို့၏ဆန္ဒကို အလေးထားဖော်ဆောင်တတ်သော ဓလေ့စရိုက်ကြောင့် ခေါင်းဆောင်များနှင့် အစိုးရ၏ နောက်တွင် ပြည်သူလူထု တစ်ရပ်လုံး၏ တညီတညွတ်တည်း ပူးပေါင်းပါဝင်မှုကို ရယူနိုင်ကာ ယနေ့တွေ့မြင်ရသည့် တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်မှုများကို ရရှိနေခြင်းလည်း ဖြစ်ပေသည်။

တရုတ်ကွန်မြူနစ်ပါတီအနေဖြင့်လည်း နိုင်ငံအား ဦးဆောင်မည့် ခေါင်းဆောင်ကောင်းများ ပေါ်ထွက်ရေးအတွက် စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးခြင်း၊ စဉ်ဆက်မပြတ် စမ်းသပ်အကဲဖြတ်ခြင်းများ ပြုလုပ်၍ စိတ်တိုင်းကျခေါင်းဆောင်များကို တင်မြှောက်နိုင်ကြသည်။ မော်စီတုန်း လက်ထက်မှ အစပြုသည့် ခေတ်သစ်တရုတ်နိုင်ငံတွင် ခေါင်းဆောင်ကောင်းများ စဉ်ဆက်မပြတ်မွေးထုတ်လာရာ ယနေ့ခေတ်တွင် ပဉ္စမမျိုးဆက်ခေါင်းဆောင်များ ဦးဆောင်နေကြပြီ ဖြစ်သည်။

ပထမမျိုးဆက်ခေါင်းဆောင်များသည် တရုတ်နိုင်ငံတော်လှန်ရေးနှင့် လက်တွေ့တည်ဆောက်ရေး ကာလအတွင်းရရှိခဲ့သည့် သဘောတရား၊ အယူအဆများကို စုစည်း၍ အဆက်မပြတ်တီထွင်ခဲ့သော သိပ္ပံနည်းကျ အတွေးအခေါ်များကို ချမှတ်ကြသည်။ ဒုတိယမျိုးဆက်တွင် "တရုတ်ဝိသေသအပေါ် အခြေခံသည့် ဆိုရှယ်လစ်ဝါဒ" အတွေးအခေါ်များကို ချမှတ်ကာ စနစ်ကို နိုင်ငံနှင့်လည်းကောင်း၊ ပြည်သူနှင့်လည်းကောင်း၊ ကမ္ဘာနှင့်လည်းကောင်း လိုက်လျောညီထွေရှိစေရန် ပြုပြင်ပြောင်းလဲဆောင်ရွက်ကြသည်။ အဘက်ဘက်မှ နောက်ကျနေသည့် နိုင်ငံကိုဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ် သို့ဆွဲတင်နိုင်ရန် ကြိုးပမ်းကြသည်။ တတိယ၊ စတုတ္ထနှင့် ပဉ္စမမျိုးဆက်သစ် ခေါင်းဆောင်များသည် ရှေ့ပိုင်းခေါင်းဆောင်များ အစပျိုးသန္ဓေတည်ပေးလိုက်သည့် ဖွံ့ဖြိုးရေးလမ်းကြောင်းကို ခိုင်မာနက်ရှိုင်း၍ ဆတက်ထမ်းပိုးတိုးတက်စေရန်အတွက် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးရေး၊ စာပေယဉ်ကျေးမှု စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ ပြည်သူလူထု၏ အခြေခံအကျိုးစီးပွားကို နိုင်ငံတော်က ကိုယ်စားပြုနိုင်ရေး၊ သိပ္ပံနည်းကျ ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာ့နိုင်ငံများနှင့် သဟဇာတဖြစ်စွာ တိုးတက်ရေး၊ တရုတ်အိပ်မက် ရရှိအောင် ဆောင်ရွက်ရေးစသည်ဖြင့် ရည်မှန်းချက်များချမှတ်ဆောင်ရွက်လာကြသည်။ ဆက်လက်၍လည်း တရုတ်ကွန်မြူနစ်ပါတီ၏ နှစ် ၁၀၀ ပြည့်ဖြစ်သော ၂၀၂၁ ခုနှစ်တွင် အတန်အသင့် ကြွယ်ဝချမ်းသာသော လူမှုအဖွဲ့အစည်းကို ဘက်စုံတည်ဆောက်နိုင်ရန်နှင့် တရုတ်ပြည်သစ်ထူထောင်သည့် နှစ် ၁၀၀ ပြည့်ဖြစ်သော ၂၀၄၉ ခုနှစ် အရောက်တွင် ချမ်းသာကြွယ်ဝ၍ အင်အားတောင့်တင်းပြီး ဒီမိုကရေစီ ယဉ်ကျေးမှုနှင့်လည်း သဟဇာတဖြစ်သော ခေတ်မီဆိုရှယ်လစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်ကို တည်ဆောက်ပြီး ဖြစ်ရမည်ဟူ၍ ရည်မှန်းချက်ထားရှိဆောင်ရွက်နေကြပြန်သည်။

အဆက်ဆက်သော တရုတ်ခေါင်းဆောင်များသည် လက်တွေ့ကျသော ချဉ်းကပ်မှုများဖြင့် နိုင်ငံတော်ကို ဦးဆောင်လာကြသည်။ နိုင်ငံ၏ ပကတိအခြေအနေမှန်ကို ရှင်းလင်းစွာ နားလည်လက်ခံပြီး အမှားကို ပြုပြင်ရန်၊ ပွင့်လင်း၍ ရိုးသားမှုရှိရန်၊ ကိုယ်ကျိုးမဖက်ဘဲ သတ္တိရှိရှိ ရဲရဲဝံ့ဝံ့ ပြောဆိုလုပ်ကိုင်ကြရန်၊ လူထုလမ်းစဉ်ကို နိုင်ငံအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှု နယ်ပယ်အထိရောက်ရှိစေရန်၊ ပြည်သူ့အကျိုးစီးပွားကို အမြင့်ဆုံးစံထား၍ ဆောင်ရွက်ကြရန်၊ အထူးသဖြင့် လူထုမကျေနပ်သော ပြဿနာရပ်များကို အလေးထားဖြေရှင်းရန်၊ အစိုးရ၏ လုပ်ဆောင်မှုများကို လူထုမှ အမှန်တကယ် ဝေဖန်သုံးသပ် အကြံပြုခြင်းကို အလေးထားရန်၊ လွတ်လပ်၍ အမှီအခိုကင်းသည့် နိုင်ငံတစ်ခုအဖြစ် ထူထောင်ရန်၊ စံပြအလုပ်သမားစိတ်ဓာတ်ကို အစွမ်းကုန် မြှင့်တင်၍ လုပ်ငန်းကိုလေးစားရန်၊ ကမ္ဘာတစ်ဝန်းမှ တရုတ်လူမျိုးများ၏ ကြွယ်ဝသော ဉာဏ်စွမ်းဉာဏ်စနှင့် ပူးပေါင်းပါဝင်မှုများကို ရယူဆောင်ရွက်ရန်၊ ဘက်စုံနက်ရှိုင်းသည့် ပြုပြင်ပြောင်းလဲရေးကို အကောင်အထည်ဖော်ရန်၊ စနစ်ကျသော စီးပွားရေးဖွံ့ဖြိုးမှုကို ဖော်ဆောင်ရန် စသည်ဖြင့် နိုင်ငံတော်၏ အခြေအနေမှန်၊ ပြဿနာမှန်များကို ဖော်ထုတ်ကာ လက်တွေ့ကျကျဖြေရှင်းနိုင်မည့် ရည်မှန်းချက်များချမှတ်ဆောင်ရွက်ခဲ့ကြသည်ကို အတုယူဖွယ်တွေ့ရှိရသည်။

တရုတ်နိုင်ငံအား ဗဟိုဦးစီးနိုင်ငံ (Unitary state) ဟု လည်းကောင်း၊ တစ်ပါတီဆိုရှယ်လစ်စနစ် (One party socialism) ကျင့်သုံးသည့်နိုင်ငံဟုလည်းကောင်း သတ်မှတ်ထားကြသည်။ သို့သော် လက်တွေ့တွင် တရုတ်နိုင်ငံသည် ပြည်နယ်များအား လွတ်လပ်စွာ စိတ်တိုင်းကျ စီမံအုပ်ချုပ်ခွင့်၊ စိတ်တိုင်းကျ ဖန်တီးပုံဖော်နိုင်ခွင့်များ ပေးထားသည်ကို တွေ့ရသည်။ ထို့ကြောင့် လည်း တရုတ်နိုင်ငံ တစ်ဝန်းလုံးရှိ ပြည်နယ်များတွင် ဟန်ချက်ညီတိုးတက်မှုနှုန်းများ ရရှိနေကြခြင်းဖြစ်သည်။ တစ်ဖက်တွင်လည်း အခြေခံနိုင်ငံရေးစနစ်၌ ဆိုရှယ်လစ်စနစ်ကိုကျင့်သုံးပြီး တရုတ်ကွန်မြူနစ်ပါတီမှ ဦးဆောင်နေသည်ဆိုသော်လည်း နိုင်ငံအတွင်းရှိ အခြားသော ပါတီငယ်များစွာ ခွင့်ပြုပေးထားကာ ပါတီစုံ ပူးပေါင်းဆောင်ရွက်ရေးကို ဦးစားပေးဖော်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။ အခြားသော ပါတီများ ပူးပေါင်းပါဝင်သည့် နိုင်ငံရေးအတိုင်ပင်ခံစနစ်တစ်ရပ်ကိုလည်း ထူထောင်ထားကာ နိုင်ငံအကျိုးစီးပွားအတွက် ပိုင်းဝန်းပုံဖော်နေသည်ကို တွေ့ရှိရသည်။ ယင်းမှတစ်ဆင့် တရုတ်ကွန်မြူနစ်ပါတီက ဦးဆောင်ကာ ကမ္ဘာ့နိုင်ငံများရှိ ပါတီအားလုံးနှင့် ခိုင်မာအားကောင်းသည့် ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုများရရှိအောင် ဆောင်ရွက်နေပြီး နိုင်ငံတကာတွင် မည်သည့်ပါတီ အနိုင်ရသည်ဖြစ်စေ ပူးပေါင်းဆောင်ရွက်မှု ပြုနိုင်ရေးကို ပုံဖော်ကြုံးပမ်းနေသည်ကိုလည်း တွေ့ရှိရသည်။

တရုတ်နိုင်ငံသည် ဝါဒစနစ်တစ်ခုတည်းကိုသာ တစိုက်မတ်မတ် ကျင့်သုံးလာပြီး အမျိုးသားရေးစိတ်ဓာတ် မြင့်မားကာ လွန်စွာစည်းလုံးညီညွတ်ကြခြင်းကြောင့်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဇောက်ချဆောင်ရွက်လာနိုင်သည့် သဘောရှိသည်။ ထို့အပြင် နိုင်ငံရေးစနစ်တည်ငြိမ်မှုရှိပြီး ပြုပြင်ပြောင်းလဲရေးတိုင်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အခြားနိုင်ငံများထက် သာလွန်သည့် အဆင့်တစ်ခုကို ရောက်ရှိလာသည်။ ခေါင်းဆောင်ကြီးများက မှန်ကန်ကောင်းမွန်သည့် မူဝါဒများ ချမှတ်ကြသလို အကောင်အထည်ဖော်သည့် အဖွဲ့များကလည်း စိတ်စေတနာမှန်ကန်စွာဖြင့် ထိရောက်အောင်မြင်အောင် ဖော်ဆောင်နိုင်ကြခြင်းကလည်း အချက်တစ်ချက် ဖြစ်သည်။

ဗဟိုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေဆောင်ရွက်နိုင်ခြင်းကြောင့်လည်း ဖြစ်သည်။ အစိုးရ၏ နိုင်ငံရေးအယူအဆနှင့် မျှော်မှန်းချက် ပန်းတိုင်အပေါ် တပ်မတော်က ပူးပေါင်းဆောင်ရွက်ခြင်းသည်လည်း အချက်တစ်ချက်ဖြစ်သည်။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို ရယူနိုင်ခြင်းကြောင့်လည်း ဖြစ်သည်။

အချုပ်အားဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကသော့ချက်ဖြစ်သော မူဝါဒ ဖော်ဆောင်မှု ကောင်းမွန်ခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိခြင်း ဖြစ်ပါသည်။ သို့သော် ထိုသို့ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာသော ချွတ်ယွင်းအားနည်းချက်များကို လေ့လာသုံးသပ်၍ ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုများ ဆက်လက်ရရှိနေဦးမည်သာဖြစ်ကြောင်း သုံးသပ်ရသည်။ ပြုပြင်ပြောင်းလဲ ဆောင်ရွက်ခြင်းသည် နိုင်ငံတစ်နိုင်ငံအတွက်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုအတွက်လည်းကောင်း၊ လူတစ်ဦး တစ်ယောက်အတွက်သော်လည်းကောင်း အောင်မြင်မှုများ ရရှိစေနိုင်သည့် အကြောင်းတရားပင်ဖြစ်သည့်အတွက် အလျင်အမြန် တိုးတက်နေသော နိုင်ငံ၏ အတွေ့အကြုံကောင်းများအပေါ် နမူနာယူကာ အစဉ်တစိုက် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နိုင်လျှင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုအဖြစ်သို့ အမြန်ဆုံး ရောက်ရှိအောင် ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားရပေသည်။ ။

> **"ခေါင်းဆောင်ကြီးများက မှန်ကန်ကောင်းမွန်သည့် မူဝါဒများ ချမှတ်ကြသလို အကောင်အထည်ဖော်သည့် အဖွဲ့များကလည်း စိတ်စေတနာမှန်ကန်စွာဖြင့် ထိရောက်အောင်မြင်အောင် ဖော်ဆောင်နိုင်ကြခြင်းကလည်း အချက်တစ်ချက် ဖြစ်သည်။"**

ကလေးစာပေပွဲတော် တတိယနေ့တွင် ကျောင်းသား ကျောင်းသူလေးများက ပွဲတော်လာသူများအား ကပြဖျော်ဖြေစဉ်။

ကလေးစာပေပွဲတော် တတိယနေ့တွင် ကျောင်းသူလေးများ ပန်းချီရေးဆွဲပြိုင်နေကြစဉ်။

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(ရန်ကုန်) တတိယနေ့မြင်ကွင်း

ကလေးစာပေပွဲတော် တတိယနေ့တွင် စာအုပ်အရောင်းဆိုင်များ၌ ပွဲတော်လာသူများ ဝယ်ယူအားပေးနေကြစဉ်။

ကလေးစာပေပွဲတော် တတိယနေ့တွင် ကျောင်းသား ကျောင်းသူများ ကွင်းလှိုက်ပြိုင်ပွဲဝင်နေကြစဉ်။

ကလေးစာပေပွဲတော်လာ ကျောင်းသား ကျောင်းသူများ လက်တွေ့သိပ္ပံခန်းတွင် လေ့လာနေကြစဉ်။

ကလေးစာပေပွဲတော် တတိယနေ့တွင် ပန်းချီဆရာမက ကလေးငယ်အား အလှပုံ ရေးဆွဲပေးနေစဉ်။

ကလေးစာပေပွဲတော် တတိယနေ့တွင် ယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက ပွဲတော်လာသူများအား ရှုပ်သေးရှုပ်အကဖြင့် ဖျော်ဖြေစဉ်။

ကလေးစာပေပွဲတော် တတိယနေ့တွင် ကလေးငယ်များ ခွက်ခြေထောက်စွပ်ကာ အပြေးပြိုင်ကြစဉ်။

✱ ကျောဖုံးမှ

ခင်းကျင်းပြသထားသည့် သိပ္ပံလက်တွေ့ပြခန်း၊ အိမ်တွင်းမှုပြခန်း၊ တီထွင်ဆန်းသစ်မှုပြခန်း၊ ပညာပေးပြခန်း၊ လက်မှုပညာပြခန်း၊ ပန်းအလှနှင့် ခြင်းထိုးလုပ်ငန်းပြခန်း၊ ဖန်စီဖြင့် အလှဆင်ခြင်းပြခန်း၊ ဒေသထွက်ကုန်ပစ္စည်းများပြခန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးပြခန်း၊ ရေအားလျှပ်စစ်ထုတ်လုပ်ပုံပြခန်း၊ ရူပဗေဒပြခန်းတို့အပြင် ကိုယ်ပိုင်ကျောင်းများမှ ခင်းကျင်းပြသသည့် သိပ္ပံလက်တွေ့ပြခန်းများနှင့် သင်ထောက်ကူပစ္စည်းများပြခန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန မိုဘိုင်းပြခန်းများကို စုံလင်စွာ ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူ၊ ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပွဲတော်နှင့်ပတ်သက်၍ အနောက်ပိုင်းခရိုင် ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်မူမူက “ဒီပွဲတော်ကြီးမှာ ကျွန်မတို့ ခရိုင်အတွင်းမှာရှိတဲ့ အခြေခံပညာကျောင်းတွေက သင်ထောက်ကူပြခန်းတွေ လာရောက်ခင်းကျင်းပြသထားပါတယ်၊ ဘာသာရပ်ဆိုင်ရာ အသိပညာပေးပြခန်းတွေဖြစ်ပါတယ်၊ အခုလို ပါဝင်ပြသခြင်းအားဖြင့် ကျောင်းသားကျောင်းသူတွေအနေနဲ့ သိပြီးသားတွေကို ပိုမိုသိရှိပြီး မသိတာရှိသေးရင်လည်း သိရှိသွားမှာဖြစ်တဲ့အတွက် ပညာရေးပိုင်းနဲ့ အထွေထွေဗဟုသုတအပိုင်းမှာ တိုးတက်လာမှာဖြစ်ပါတယ်၊ ကလေးတွေလည်း တော်တော်စိတ်ဝင်စားကြပါတယ်၊ အခုလို ကျင်းပခြင်းအားဖြင့် ကလေးတွေရဲ့ ပညာသင်ကြားရေးအပိုင်းမှာ အထောက်အကူဖြစ်စေပါတယ်” ဟု ပြောသည်။

အလားတူ ပြခန်းများ ဖွင့်လှစ်ပြသထားမှုအပေါ် မရမ်းကုန်းမြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မအိအိမိုးက “သမီးတို့ကျောင်းအနေနဲ့ ဒီပွဲတော်မှာ သိပ္ပံပြခန်း လာရောက်ပြသထားပါတယ်၊ အိုဇုန်းလွှာပျက်စီးခြင်း အကြောင်းအရာနဲ့ ပတ်သက်တာတွေကို လာရောက်ပြသတာပါ။ တခြားကျောင်းတွေကလည်း ဒီပွဲတော်ကြီးမှာ ပြခန်းတွေ စုံစုံလင်လင်ပြသထားတာတွေ့ရပါတယ်၊ ကစားနည်းတွေအပြင် ဖျော်ဖြေရေးအစီအစဉ်တွေလည်းပါတော့ ပျော်ဖို့ကောင်းပါတယ်၊ သမီးတို့အတွက်ကတော့ ဒီပွဲတော်ကြီးကနေ ဗဟုသုတတွေ အများကြီးရရှိပါတယ်၊ ကိုယ်မသိသေးတဲ့ အကြောင်းအရာတွေကိုလည်း ပြခန်းတွေကနေ သိခွင့်ရခဲ့တဲ့အတွက် အများကြီးအကျိုးရှိပါတယ်၊ ရရှိလာတဲ့ အသိပညာ ဗဟုသုတတွေကို ကျောင်းသင်ခန်းစာတွေမှာ ပြန်လည်ပြီး အသုံးချသွားမှာဖြစ်ပါတယ်”ဟု ဆိုသည်။

ကလေးစာပေပွဲတော်တွင် တတိယနေ့၌ ပွဲတော်လာ ကျောင်းသားကျောင်းသူများ လက်တွေ့သိပ္ပံခန်းတွင် လေ့လာနေကြစဉ်။

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်စျေးရောင်းပွဲ(ရန်ကုန်) တတိယနေ့ဖြစ်သည့် ယနေ့တွင် ကလေးစာပေပြပွဲနှင့် စာအုပ်စျေးရောင်းပွဲများ၊ စာပေဟောပြောပွဲနှင့် ဆွေးနွေးပွဲများ၊ အားကစားပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ပုံပြင်ပြောပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ၊ စက္ကူခေါက်ပြိုင်ပွဲများနှင့် ပျော်ရွှင်စရာကစားနည်းအစီအစဉ်တို့ကို ကျင်းပပြီး ပြိုင်ပွဲများနှင့် ပတ်သက်၍ ဆုရရှိသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့ကြသည်။

ကလေးစာပေပွဲတော်၊ တတိယနေ့၌ နည်းပညာမိတ်ဆက်ပြခန်းတွင် ကျောင်းသား ကျောင်းသူများ လေ့လာနေကြစဉ်။

ပုဇွန်တောင်မြို့နယ်မှ ဒေါ်စိုးစိုးဝင်းက “သားလေးကို ဗဟုသုတရရှိအောင် ဒီပွဲတော်ကို ခေါ်လာခဲ့တာပါ၊ ကျောင်းပေါင်းစုံကလာပြီး ပညာရေးဆိုင်ရာ ပြခန်းတွေဖွင့်ထားတော့ ကလေးတွေအတွက် တော်တော်ကောင်းပါတယ်၊ ဒီပွဲတော်ဟာ နာမည်နဲ့လိုက်အောင် ကလေးတွေအတွက် အများကြီးလုပ်ပေးထားတာကို တွေ့ရတယ်၊ ကလေးတွေအတွက် စာပေနဲ့ပတ်သက်တဲ့ ပြိုင်ပွဲတွေလည်း လုပ်ပေးတဲ့အတွက် အတန်းအလိုက်၊ အသက်အရွယ်အလိုက် ယူတတ်မယ်ဆိုရင် ဒီပွဲတော်ကြီးကနေ အသိပညာ၊ ဗဟုသုတတွေအများကြီးရရှိနိုင်မယ်လို့ မြင်ပါတယ်၊ ဒီလိုမျိုးပွဲတွေကို မကြာခဏ လုပ်ပေးသင့်ပါတယ်”ဟု ပြောသည်။

ထို့အပြင် ပွဲတော်လာကလေးများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ရေးအတွက် Happy World ကစားကွင်းများ၊ ကာတွန်းပုံတူရေးဆွဲခြင်း၊ ကာတွန်းရုပ်များနှင့် 3D ကားချပ်များဖြင့် အမှတ်တရ ဓာတ်ပုံရိုက်ကူးရေးအစီအစဉ်များ၊ မျက်လှည့်နှင့် ရုပ်သေးအက၊ အထက(၆)ပိုလ်တထောင် ကျောင်းသားများ၏ ဆိုင်းဝိုင်းဖြင့် ကျောက်ဆည်မြို့မှ ဆင်အကနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတဖျော်ဖြေတင်ဆက်မှု အစီအစဉ်များဖြင့် တင်ဆက်ခဲ့သည့်အပြင် စေတနာရှင်များကလည်း စတုဒိသာကျွေးမွေးလှူဒါန်းမှုများ ပြုလုပ်ရာ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူ ၉၀၀၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

ကလေးစာပေပွဲတော်သို့ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ မိဘများ၊ စိတ်ပါဝင်စားသူများအပါအဝင် ပြည်သူများ နေ့စဉ်ပျော်ရွှင်စွာ လာရောက်နွှဲပျော်ခဲ့ကြပြီး ပထမနေ့တွင် လူဦးရေ ၈၀၀၀၀ ခန့်၊ ဒုတိယနေ့တွင် ၉၀၀၀၀ ကျော် လာရောက်ခဲ့ကြောင်း ပွဲတော်ဝင်ခွင့် စတစ်ကာများနှင့် လုံခြုံရေးကင်မရာ မှတ်တမ်းများအရ သိရသည်။ အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ အိမ်တည်ဆောက်မှုပြိုင်ပွဲနှင့် Team Building Game စသည့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သူကလေးငယ် ဇန်နဝါရီ ၆ ရက်တွင် ၁၆၆၂၈ ဦး၊ ဇန်နဝါရီ ၇ ရက်တွင် ၂၂၆၄၈ ဦးနှင့် ယနေ့တွင် ၁၆၈၅၁ ဦး သုံးရက် စုစုပေါင်း ၅၆၁၂၇ ဦး ရှိကြောင်း သိရသည်။

ထို့ပြင် စာပေဟောပြောပွဲနှင့် ဆွေးနွေးပွဲသို့ တက်ရောက်သူအနေဖြင့် ဇန်နဝါရီ ၆ ရက်တွင် ၂၀၀ ကျော်၊ ဇန်နဝါရီ ၇ ရက်တွင် ၃၀၀ ကျော်နှင့် ယနေ့တွင် ၄၅၀ ကျော် သုံးရက် စုစုပေါင်း ၉၅၀ ကျော် တက်ရောက်ကြောင်း သိရသည်။

ကလေးစာပေပွဲတော်ကို ကလေးများ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးသူများဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်၊ ပညာဗဟုသုတရော လူရည်လူသွေးပါ ပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။ **သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဇော်မင်းလတ်**

မြဝတီမြို့ ကလေးစာပေပွဲတော် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

မြဝတီ ဇန်နဝါရီ ၈

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကလေးစာပေပွဲတော်ကို ဇန်နဝါရီ ၆ ရက်မှစပြီး နှစ်ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဇန်နဝါရီ ၇ ရက်ညနေ ၃ နာရီခွဲက ဆုချီးမြှင့်ခြင်းအခမ်းအနားကို အဆိုပါကျောင်းတွင် ကျင်းပခဲ့သည်။

ရွေးဦးစွာ ကျောင်းသားလူငယ်များက ကလေးစာပေပွဲတော်သီချင်းနှင့် ပြည်မြန်မာသီချင်းသီဆိုပြီး အခမ်းအနား ဖွင့်လှစ်ပေးသည်။

ထို့နောက် ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက ကျေးဇူးတင်စကား ပြောကြားရာ၌ ကလေးစာပေပွဲတော်တွင် ကလေးများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်ကို အားလုံး တွေ့မြင်ပြီးဖြစ်ပါကြောင်း၊ ယခုလို ကလေးများ ပျော်ရွှင်စွာ လာရောက်ဆင်နွှဲကြသည်ကို တွေ့ရသဖြင့် ဝမ်းသာပီတိဖြစ်ရသလို ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးဌာနနှင့် အားလုံးသော အဖွဲ့အစည်းအသီးသီးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ကလေးစာပေပွဲတော် ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝိုလ်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ငွေနှင့် ဂုဏ်ပြုလက်ဆောင်များ အသီးသီးပေးအပ်သည်။

မြဝတီမြို့ ကလေးစာပေပွဲတော်ကို ဇန်နဝါရီ ၆ ရက်မှ ၇ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ပြီး ပါဝင်ဆင်နွှဲသူ ကလေးငယ်များဖြင့် အလွန်စည်ကားခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

ကလေးစာပေပွဲတော်(ရန်ကုန်)တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တီးဝိုင်းအဖွဲ့က တေးဂီတဖြင့်ဖျော်ဖြေ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်မြို့တွင် ကျင်းပလျက်ရှိသော ကလေးစာပေပွဲတော်၌ ညပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတီးဝိုင်းအဖွဲ့က တေးဂီတဖြင့် ဖျော်ဖြေရာ ပွဲတော်လာပရိသတ်များဖြင့် စည်ကားလျက်ရှိသည်။

တေးဂီတဖျော်ဖြေပွဲတွင် ဧည့်သည်အဆိုတော်များ ဖြစ်ကြသည့် နေလနှင့် ရွှေရည်သိန်းတန်၊ ငြိမ်းချမ်းရေးဂီတပွဲတော်မှဆုရတေးသံရှင်များဖြစ်ကြသည့် မေသဇင်၊ လင်းသစ်၊ ဖုန်းဝေသွင်၊ ဇင်သူဇာထွန်း၊ R ဝါလင်း၊ ကြူကြူခိုင်၊ Aဒေး၊ မေသူကျော်နှင့် Sa Paung တို့ ပါဝင်ဖျော်ဖြေခဲ့ကြသည်။

အဆိုပါ ဖျော်ဖြေပွဲသို့ စိန့်ပေါလ်ကျောင်းသားဟောင်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများနှင့် ကလေးငယ်များအပါအဝင် ဒေသခံပြည်သူများက လာရောက်ကြည့်ရှုကြပြီး ကလေးစာပေပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။

သတင်းစဉ်

ကလေးစာပေပွဲတော်(ရန်ကုန်) အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်စျေးရောင်းပွဲ(ရန်ကုန်)တွင် အားကစားပြိုင်ပွဲများအဖြစ် ထည့်သွင်းကျင်းပခဲ့သည့် ဘောလုံးပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက အဆိုပါပွဲတော်ကျင်းပရာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း (စိန့်ပေါလ်)ရှိ ဘောလုံးကွင်း၌ ပြုလုပ်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ ဗိုလ်တထောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စိုး(ခ) ဒေါ်မေစိုးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် အထက်တန်းအဆင့် အသက်(၁၆) နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော အနောက်ပိုင်းခရိုင်(က)အသင်း၊ ဒုတိယဆု ရရှိခဲ့သော အရှေ့ပိုင်းခရိုင်(က) အသင်းနှင့် တတိယဆု ရရှိခဲ့သော တောင်ပိုင်းခရိုင် (ခ) အသင်းတို့အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့် ကလည်းကောင်း၊ အလယ်တန်းအဆင့် အသက် (၁၃)နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော အရှေ့ပိုင်းခရိုင်(က) အသင်း၊ ဒုတိယဆုရရှိခဲ့သော တောင်ပိုင်းခရိုင် (ခ) အသင်းနှင့် တတိယဆုရရှိခဲ့သော အနောက်ပိုင်းခရိုင်(ခ) အသင်းတို့အား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လည်းကောင်း ဆုများကို ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ယင်းနောက် အထက်တန်းအဆင့် အသက်(၁၆) နှစ်အောက် ထုပ်ဆီးတိုးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော အနောက်ပိုင်းခရိုင် (ခ) အသင်း၊ ဒုတိယဆုရရှိခဲ့သော မြောက်ပိုင်းခရိုင် (က) အသင်းနှင့် တတိယဆုရရှိခဲ့သော မြောက်ပိုင်းခရိုင်(ခ) အသင်းတို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက လည်းကောင်း၊ အလယ်တန်းအဆင့် အသက်(၁၃)နှစ်အောက် ထုပ်ဆီးတိုးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော အရှေ့ပိုင်းခရိုင်(ခ) အသင်း၊ ဒုတိယဆုရရှိခဲ့သော အနောက်ပိုင်းခရိုင်(ခ) အသင်းနှင့် တတိယဆုရရှိခဲ့သော မြောက်ပိုင်းခရိုင် (က) အသင်းတို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက လည်းကောင်း၊ အလယ်တန်းအဆင့် အသက်(၁၃)နှစ်အောက် ထုပ်ဆီးတိုးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော အနောက်ပိုင်းခရိုင်(ခ) အသင်းနှင့် တတိယဆုရရှိခဲ့သော မြောက်ပိုင်းခရိုင် (က) အသင်းတို့အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စိုး(ခ) ဒေါ်မေစိုးက လည်းကောင်း ဆုများကို ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ အခြေခံပညာကျောင်းများအလိုက် လူရွေးချယ်မှုများပြုလုပ်ခဲ့ပြီး ထိုမှတစ်ဆင့် ခရိုင်တစ်ခုလျှင် သက်ဆိုင်ရာ အတန်းအလိုက် (က)၊ (ခ) အသင်းတို့ဖြင့် ခရိုင်အဆင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ယင်းအားကစားပြိုင်ပွဲများ၏ ရှုံးထွက်ပွဲစဉ်များကို ကလေးစာပေပွဲတော် ကျင်းပသည့် ပထမနေ့တွင် လည်းကောင်း၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဒုတိယနေ့တွင်လည်းကောင်း၊ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို ယနေ့နံနက်ပိုင်းတွင်လည်းကောင်း ကျင်းပပြီး ပြိုင်ပွဲများအပြီးတွင် ဆုများကို ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ ယနေ့ ညနေ ၄ နာရီခွဲက ကလေးစာပေပွဲတော်(ရန်ကုန်)ကျင်းပရာ ကျောင်းရှိ အောင်ဆန်းခန်းမတွင် ပွဲတော် တတိယနေ့ နံနက်ပိုင်းတွင် ကျင်းပသည့် ကျပန်းစကားပြော ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲတို့တွင် ဆုရရှိသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး

စာဖတ်ခြင်း အလေ့အထကောင်းများတည်ရာ ကလေးစာပေပွဲတော်မှ စာအုပ်စျေးရောင်းပွဲ

"ဆေးရောင်ခြယ်စာအုပ်လေးပေးပါ၊ ရုပ်ပြစာအုပ်တစ်အုပ်လောက်၊ သမီးကိုဟိုပုံပြင်စာအုပ်လေး ဝယ်ပေးပါမေမေ" ဟူသည့် အသံများသည် ကလေးစာပေပွဲတော်ကျင်းပရာ စာအုပ်စျေးရောင်းပွဲ ဆိုင်ခန်းများတစ်လျှောက်တွင် ပဲ့လွင့်နေသည်။ နှစ်သက်ရာစာအုပ်များအလိုက် အလုအယက်ဝယ်ယူနေကြသည့် ကျောင်းသားကလေးလူငယ်များ၊ ကလေးငယ်များလက်ဆွဲလျက် စာအုပ်စျေးတန်းများသို့ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ကြည့်ရှုလေ့လာနေသည့် မိဘဆရာများ၊ စာအုပ်များရင်မှာပိုက်လျက် ပျော်ရွှင်မြူးထူးစွာ ဆိုင်ခန်းများဆီမှ ထွက်လာကြသည့် ကလေးငယ်များဖြင့် ပွဲတော်သည် ပိုမိုစည်ကား သက်ဝင်လျက်ရှိသည်။

"ကလေးမိဘ၊ ဆရာ ဆရာမ အများစုက ဒီသုံးရက်လုံးလုံး စာအုပ်တွေဝယ်ကြတယ်၊ တစ်နေ့ကို ပျမ်းမျှ နှစ်သိန်း၊ သုံးသိန်းကနေ ၁၀ သိန်းကျော်အထိရောင်းရတယ်၊ တစ်ဆိုင်နဲ့တစ်ဆိုင်တော့ စာအုပ်အမျိုးအစားနဲ့ ရောင်းရပုံချင်းတော့ မတူကြဘူး၊ သူတို့နှစ်သက်ရာအလိုက် ဝယ်ကြတာပဲ၊ အင်္ဂလိပ်-မြန်မာဘာသာပြန်စာအုပ်တွေ၊ ဗုဒ္ဓနိပါတ်တော်တွေ၊ ပုံပြင်စာအုပ်တွေ တော်တော်ဝယ်ကြတယ်"ဟု ရန်ကုန်စာအုပ်လမ်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးနေမျိုးညွှန့်က ပြောသည်။

ကလေးစာပေပွဲတော်တွင် ကလေးများစာပေပြပွဲနှင့် စာအုပ်စျေးရောင်းပွဲတော်ကို အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တထောင်မြို့နယ်ပတ်လည်တွင် ကလေးစာပေ သုတ၊ ရသ စာအုပ်ဆိုင်များ၊ သင်ရိုးညွှန်းတမ်း၊ သင်ထောက်ကူအရောင်းဆိုင်များနှင့် အမှတ်တရပစ္စည်း အရောင်းဆိုင်များ အပါအဝင် ဆိုင်ခန်းပေါင်း ၁၄၀ ကျော်က သုံးရက်တိုင်တိုင် စုံလင်စွာ ဖွင့်လှစ်ရောင်းချခဲ့ကြသည်။

"မုံရွာမှာလုပ်တဲ့ ကလေးစာပေပွဲတော်ကတည်းက သွားချင်နေတာ၊ အခုရန်ကုန်မှာလုပ်တော့ သမီးလေးက သူ့သူငယ်ချင်းတွေနဲ့အတူ ဒီပွဲတော်မှာ ဗိုလ်ရှူသဘင်အက လာကပြရတယ်၊ အဆင်ပြေသွားတာပဲ၊ သမီးက ကလေးကစားကွင်းမှာ ရေကူးမယ်ဆိုလို့ ဝတ်စုံပြည့်ဝတ်ထားတော့ မနည်းတားထားရတယ်၊ စာအုပ်ဝယ်ပေးမယ်ဆိုပြီး ခေါ်လာရတာ၊ အခုလည်း အစ်မသမီးလေးကို သူကြိုက်တဲ့ ရွှံ့တုံးကနေ အရုပ်လုပ်တဲ့ ကစားစရာလေးရယ်၊ ဗုဒ္ဓနိပါတ်တော်ပါရဟန္တာဖြစ်သွားတဲ့ ကလေးတွေအကြောင်း စာအုပ်တွေရယ်၊ သူ့အတွက် ဗဟုသုတရစေမယ့် စာအုပ်တွေကိုတော့ အစ်မကရွေးပြီး လေးအုပ်လောက် ဝယ်ပေးထားတယ်၊ သူလိုချင်တဲ့ ဆေးရောင်ခြယ်တဲ့ စာအုပ်တွေရယ် စုံလို့ပါပဲ ဝယ်ပေးဖြစ်တယ်(ရယ်လျက်)"ဟု လှိုင်သာယာမြို့နယ်မှ လာရောက်သည့် ကလေးမိဘ ဒေါ်သန္တာက ပြောသည်။

ကလေးစာပေပွဲတော်အတွင်း စာအုပ်စျေးရောင်းပွဲတော်ကို ကလေးများ စာဖတ်ခြင်းအလေ့အထကောင်းများ ရရှိစေရန် "အိမ်တစ်အိမ် စာအုပ်စင်တစ်စင်၊ ကျောင်းတစ်ကျောင်း စာကြည့်တိုက်တစ်တိုက် ဆောင်ပုဒ်"ဖြင့် ထည့်သွင်းကျင်းပခဲ့ခြင်း ဖြစ်သည်။ ထိုကဲ့သို့ ကျင်းပခဲ့ခြင်းသည် စာရေးဆရာ၊ ထုတ်ဝေသူနှင့် စာဖတ်ပရိသတ်ကြားဆက်နွယ်စေသည့်အပြင် ပြည်သူများအကြား စာအုပ်၊ စာပေများ ပျံ့နှံ့စေသည့် အကျိုးကျေးဇူးများလည်း ရရှိလာစေမည် ဖြစ်သည်။

"အခုခေတ်က ဖုန်းတွေ၊ ဂိမ်းတွေ၊ TV ကြည့်တာတွေထက်စာရင် စာဖတ်တာက သူတို့အတွက် အသိပညာ ပိုပြီးတော့ ရရှိစေတယ်၊ အဲဒါကြောင့်လည်း အစ်မက မိဘအနေနဲ့ ကလေးတွေ စာပေနဲ့ပျော်အောင် ဒီပွဲတော်ကို လာရောက်လေ့လာရင်း အခုလည်း စာအုပ်တွေပါဝယ်ပေးဖြစ်တယ်"ဟု တာမွေမြို့နယ်မှ လာရောက်သည့် ကလေးမိဘ မဖြိုးက ပြောသည်။

မဖြိုး၏ သားဖြစ်သူ TTC ကျောင်းမှ သုံးတန်းကျောင်းသားလေး မောင်လင်းထက်သျှမ်က "သားကတော့ ကလေးစာပေပွဲတော်မှာ ကစားလည်း ကစားရတယ်၊ ပြိုင်ပွဲတွေလည်း ဝင်ပြိုင်ရတယ်၊ မေမေကလည်း သားလိုချင်တဲ့ စာအုပ်တွေ ဝယ်ပေးတော့ ပျော်လိုက်တာ"ဟု စာအုပ်တွေပိုက်ရင်း ပြောပြသည်။

ဇန်နဝါရီ ၆ ရက်မှစတင်ကာ ဇန်နဝါရီ ၈ ရက်အထိ သုံးရက်တိုင် နံနက် ၉ နာရီမှ ည ၈ နာရီအထိ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည့် ရန်ကုန်မြို့ ကလေးစာပေပွဲတော်ကြီးက ယနေ့အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ သုံးရက်တာ ကျင်းပခဲ့ခြင်းဖြစ်သော်လည်း နိုင်ငံတော်နှင့် အနာဂတ်မျိုးဆက်သစ်များအတွက်မူ တန်ဖိုးမဖြတ်နိုင်သည့် အလေ့အကျင့်ကောင်းများ ရရှိခဲ့သည်ဟု ဆိုရပါမည်။

သတင်းဆောင်းပါး-ခင်ဇာလီ၊ ဓာတ်ပုံ-အေးမင်းသူ

နယ်မြေလုံခြုံရေး၊ ဒေသဖွံ့ဖြိုးရေး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှုစစ်ဆေး

မောင်တော ဇန်နဝါရီ ၈

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု သည် လူမှုရေးဝန်ကြီး ဒေါက်တာခွန်းသာ၊ စိုက်ပျိုးရေးဝန်ကြီး ဦးကျော်လွင်နှင့် ပြည်နယ်အဆင့်၊ မောင်တောခရိုင်အဆင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မောင်တောမြို့နယ်ရှိ ကျေးရွာများနှင့် ရဲစခန်းတို့သို့ သွားရောက်ကာ ဒေသတည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မောရဝတီကျေးရွာရှိ ရိတ်သိမ်းခြွေလှေထားသောစပါးများ ဝယ်ယူသူများထံ အမြန်ဆုံးရောင်းချနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် သင်္ဘောကွေ့ရှိ ဒေသခံတိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ အားပေးစကားပြောကြားသည်။ ယင်းနောက် အင်းဒင်ကျေးရွာသို့ ရောက်ရှိကာ နယ်မြေလုံခြုံရေး၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် UEHRD အစီအစဉ်ဖြင့် ဖောက်လုပ်လျက်ရှိသော အင္ဂမော်-မောင်တော လမ်းပိုင်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သဝန်ချောင်းရဲစခန်းနှင့် ကိုးတန်ကောက် ရဲစခန်းများ၊ ကိုးတန်ကောက်ကျေးရွာရှိ ဆောက်လုပ်နေသော နေအိမ်များကို ကြည့်ရှုပြီး ဒေသခံပြည်သူများအား အားပေးစကားပြောကြားကာ အင္ဂမော်မှ တစ်ဆင့် စစ်တွေမြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

နေဝင်းထွန်း၊ ဇေယျာဓာတ်ပုံ-မြင့်မောင်

လုံခြုံရေးတပ်ဖွဲ့ကို ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့က တိုက်ခိုက်မှုနှင့် ပတ်သက်၍ အမေရိကန်သံရုံးက ကြေညာချက်တစ်စောင် ထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၈

ရခိုင်ပြည်နယ် မောင်တောဒေသ၌ ဇန်နဝါရီ ၅ ရက်က လုံခြုံရေးတပ်ဖွဲ့ကို ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့က တိုက်ခိုက်မှုနှင့် ပတ်သက်၍ အမေရိကန်သံရုံးက ယနေ့ရက်စွဲဖြင့် ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ကြေညာချက်တွင် ရခိုင်ပြည်နယ် မြောက်ပိုင်းအတွင်း လုံခြုံရေးတပ်ဖွဲ့ကို ARSA က တိုက်ခိုက်မှုအပေါ် မိမိတို့ရှုတ်ချပါကြောင်း၊ ယင်းတိုက်ခိုက်ခံရမှုကြောင့် ဒဏ်ရာရရှိသွားကြသူများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် ထပ်တူစိတ်မကောင်းဖြစ်မိကြောင်း၊ အကြမ်းဖက်လုပ်ရပ်သည် ရခိုင်ပြည်နယ်နှင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ပိုမိုအားနည်းမှုကိုသာ ဖြစ်ပေါ်စေကြောင်း၊ ပါဝင်ပတ်သက်သူ အားလုံးတို့၏ ပြောဆိုဆောင်ရွက်မှုများမှာ အကြမ်းဖက်မှုများကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်နေကြသူများ၊ ၎င်းတို့၏ မူရင်းအရပ်ဒေသများသို့ လုံလုံခြုံခြုံနှင့် ၎င်းတို့၏ သဘောဆန္ဒအလျောက် ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်သော အခြေအနေကို တည်ဆောက်နိုင်ရေးအတွက် ဖြစ်စေလိုကြောင်း မိမိတို့အနေဖြင့် ဆက်လက်တိုက်တွန်းပါကြောင်း ဖော်ပြထားသည်။

ဖြစ်စဉ်မှာ တောင်ပြိုမှ မောင်တောမြို့သို့ ဆေးရုံတက်ရောက်ရမည့် လူနာအား သယ်ဆောင်လာသည့် ယာဉ်တစ်စီးကို ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်ခန့်က ကျွန်းပေါက်ပြုစုရွာနှင့် တရိန်း(မြို့) ရွာအကြား တောင်ကုန်းပေါ်မှ ARSA အစွန်းရောက်အကြမ်းဖက်သမား ၂၀ ခန့်က လက်လုပ်မိုင်း၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦး၊ အရပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

မြောက်ဦးမြို့နယ်အတွင်း တိရစ္ဆာန်ကောင်ရေကောက်ယူခြင်း ဆောင်ရွက်လျက်ရှိ

မြောက်ဦး ဇန်နဝါရီ ၈

မြန်မာနိုင်ငံတစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် တိရစ္ဆာန်ကောင်ရေကောက်ယူခြင်းကို နှစ် ၂၀ ကျော်ကြာပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်တွင် ပြန်လည်ကောက်ယူလျက်ရှိကြောင်း သိရသည်။

တိရစ္ဆာန်ကောင်ရေကောက်ယူခြင်းကို မြောက်ဦးမြို့နယ်တစ်ခုလုံး အတိုင်းအတာအနေဖြင့် ကောက်ယူသွားမည်ဖြစ်ပြီး စာရင်းကောက်ယူခြင်းကို ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်အထိ မြောက်ဦး ၅၁ ရွာ၊ ကျောက်တော် ၅၈ ရွာ၊ မင်းပြား ၅၁ ရွာ၊ မြေပုံ ၃၅ ရွာ စုစုပေါင်းရပ်ကွက်၊ ကျေးရွာပေါင်း ၁၉၅ ရွာတွင် ကောက်ယူသွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါ တိရစ္ဆာန်ကောင်ရေကောက်ယူရာတွင် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ မြင်း၊ ဝက်၊ ခွေး၊ ကြက်၊ ဘဲ၊ ဘဲငန်း၊ ကြက်ဆင်၊ မန်ဒါလီစသည့်တိရစ္ဆာန်များကို ကောက်ယူသွားမည်ဖြစ်ကြောင်း၊ စာရင်းများ ကောက်ယူနိုင်ရေးအတွက် မြောက်ဦးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်ကျော်၏ ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်းရှိ ဦးစီးမှူးများနှင့်ဝန်ထမ်းများ၊ မြို့နယ်တိရစ္ဆာန် ကောင်ရေစာရင်းကောက်ယူရေးကော်မတီမှ ကြီးကြပ်ပြီးကျေးရွာများမှ သင်တန်းဆင်းပြည်သူများကလည်း ပူးပေါင်းပါဝင်ကောက်ယူလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတိရစ္ဆာန်ကောင်ရေနှင့် တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်မှုစာရင်းဇယားများအား အတည်ပြုထုတ်ပြန်ရန်အတွက် ရည်ရွယ်ပြီး ကောက်ယူရခြင်းဖြစ်ကြောင်း၊ ယခုလိုကောက်ယူရရှိသောအချက်အလက်များကို မြန်မာနိုင်ငံစီးပွားရေးနှင့် တိရစ္ဆာန်ကောင်ရေတိကျစွာရရှိပြီး ရရှိပြီးသော စာရင်းကိုအခြေပြုကာမွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်၍ တိရစ္ဆာန်ကျန်းမာရေးနှင့်ပတ်သက်ပြီး လုပ်ငန်းစီမံချက်များ လုပ်ကိုင်ရာတွင် ပြန်လည်အသုံးချသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

အစ္စရေးနိုင်ငံသူ၏ ပျောက်ဆုံးခဲ့သော ကျောပိုးအိတ် ပြန်လည်ပေးအပ်

သီပေါ ဇန်နဝါရီ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါ၌ ပျောက်ဆုံးခဲ့သည့် ဒေါ်လာငွေနှင့်ပစ္စည်းများပါရှိသော ကျောပိုးအိတ်ကို သီပေါမြို့မရဲစခန်းရှိ နယ်ထိန်းရုံးခန်း၌ စခန်းမှူးဒုရဲမှူးဝင်းတင်က သက်သေများရှေ့မှောက်တွင် ပစ္စည်းပိုင်ရှင် အစ္စရေးနိုင်ငံသူထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သီပေါမြို့သို့လာရောက်လည်ပတ်သည့် အစ္စရေးနိုင်ငံသူ Ms.Shani Louitt သည် ဇန်နဝါရီ ၂ ရက် ညပိုင်းက ဒေါ်လာငွေနှင့်ပစ္စည်းများပါ ၎င်း၏ ကျောပိုးအိတ်ကျပျောက်သွားခဲ့သဖြင့် သီပေါမြို့မရဲစခန်းသို့ လာရောက်အကူအညီ တောင်းခံခဲ့သည်။

အစ္စရေးနိုင်ငံသူ၏ ကျပျောက်သွားခဲ့သည့် အဆိုပါ ကျောပိုးအိတ် ပြန်လည်တွေ့ရှိနိုင်ရေးအတွက် သီပေါမြို့နယ်ရဲတပ်ဖွဲ့မှူးစခန်းမှူးတို့၏ စီမံညွှန်ကြားမှုဖြင့် နယ်ထိန်းတပ်ဖွဲ့ဝင်များက အပူတပြင်းစုံစမ်းခဲ့ကြသည်။ ယင်းသို့စုံစမ်းထောက်လှမ်းချက်အရ သက်ဆိုင်ရာ ဟိုတယ်၏ပူးပေါင်းကူညီမှုဖြင့် ကျပျောက်ခဲ့ရသည့် အဆိုပါကျောပိုးအိတ်ကို ကောက်ရထားသော သတင်းချိတ်ဆက်ရရှိပြီး ဇန်နဝါရီ ၅ ရက်တွင် ပြန်လည်လက်ခံရရှိခဲ့သည်။

သီပေါ(ကိုလတ်)

KBZ Bank U-13 Girls Tournament 2018 (States & Regions) ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အမျိုးသမီးလိဂ်ကော်မတီနှင့် KBZ Bank တို့၏ အခိုကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် KBZ Bank U-13 Girls Tournament 2018 (States & Regions) ပြိုင်ပွဲ တတိယနေ့ကို ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတွင် သုဝဏ္ဏမြက်ခင်းတုကွင်း၌ ဆက်လက်ကျင်းပသည်။

တတိယနေ့ပွဲစဉ်များတွင် မွန်အသင်းက ရခိုင်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ ကချင်အသင်းက ရန်ကုန်အသင်းကို သုံးဂိုး-တစ်ဂိုး၊ တနင်္သာရီအသင်းက ရှမ်း(မြောက်)အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ရောဝတီအသင်းနှင့် ရှမ်း (အရှေ့) အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ စတုတ္ထနေ့ကို ဇန်နဝါရီ ၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက်ပိုင်းတွင် စစ်ကိုင်းအသင်းနှင့် ကယားအသင်း၊ နေပြည်တော်အသင်းနှင့် ချင်းအသင်း၊ ညနေပိုင်းတွင် မကွေးအသင်းနှင့် ရှမ်း(တောင်)အသင်း၊ ပဲခူးအသင်းနှင့် မန္တလေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ဖိုးသော်ဇင်
ဓာတ်ပုံ-စိုးညွှန့်

မွန်အသင်းနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ငပိုးရိပ်ချောင်းအတွင်း အရှိန်လွန်ထိုးကျသည့်ယာဉ်မှ ကယ်ဆယ်ရရှိသူမှာ ယာဉ်မောင်းဖြစ်ကြောင်း ဝန်ခံ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ငါးမာန်အောင်ဘုရားလမ်းဆုံအရောက် ငပိုးရိပ်ချောင်းအတွင်းသို့ ဇန်နဝါရီ ၇ ရက် နံနက် ၃ နာရီခွဲခန့်က အရှိန်လွန်ထိုးကျနစ်မြုပ်သွားသည့် 6M /---- ဟွန်ဒါဖစ်ယာဉ်မှ အောင်ကိုကိုမိုး(၂၅) နှစ်ကို ဆယ်ယူရရှိခဲ့သည်။ ရေအောက်မှမော်တော်ယာဉ်ကို ရှာဖွေဆယ်ယူရရှိသော်လည်း ယာဉ်ပေါ်တွင်ပါရှိသည့် စည်သူဖြိုး(၂၄)နှစ်မှာ ပျောက်ဆုံးလျက်ရှိသည်။ ကနဦးစုံစမ်းမေးမြန်းချက်အရ ပျောက်ဆုံးနေသည့် စည်သူဖြိုးမှာ ယာဉ်ကိုမောင်းနှင်ခဲ့ကြောင်း သိရှိရသော်လည်း မိသားစုဝင်များ၏ ပြောကြားချက်အရ စည်သူဖြိုးမှာ ယာဉ်မောင်းနှင်တတ်ကျွမ်းမှုမရှိကြောင်းနှင့် ဆယ်ယူရရှိသည့် အောင်ကိုကိုမိုးမှာ ယာဉ်ကိုကိုယ်တိုင်မောင်းနှင်ခဲ့ကြောင်း ဝန်ခံထွက်ဆိုသဖြင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်မြို့မရဲစခန်းက ပျောက်ဆုံးနေသည့် စည်သူဖြိုးအား လိုက်လံရှာဖွေလျက်ရှိကြောင်း ထပ်မံသိရှိရသည်။

အောင်သူရ

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှုးယစ်ဆေး

လူသတ်အလောင်းဖျောက် ပြစ်မှုကျူးလွန်သူများကို ၄၈ နာရီအတွင်း ဖမ်းဆီး

မိုးကောင်း ဇန်နဝါရီ ၈

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မန်ရွက်ကျေးရွာအုပ်စု မီးသွေးကုန်းကျေးရွာအနီး (၉)မိုင်ရောဘာခြံတွင် လူသတ်မှုတစ်ခု ဖြစ်ပွားခဲ့ပြီး အလောင်းဖျောက်ခဲ့သည့် ပြစ်မှုကျူးလွန်သူများကို ၄၈ နာရီအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃ ရက်က ဝမ်းလျှောပြီးသရဲပူးကာ ရုတ်တရက် သေဆုံးသွားသည်ဟု ရော်ဘာခြံလုပ်သားများက သတင်းလွှင့်မြှုပ်နှံထားသည့် လူသတ်မှုနှင့် ပတ်သက်၍ ရော်ဘာခြံလုပ်သားအချို့ကို မသက်သာမှုဖြင့် ဂင်းအလောင်း မြှုပ်နှံထားသည့် မြေနေရာကို ပြန်လည်တူးဖော်စစ်ဆေးရာမှ လူသတ်မှုအဖြစ် ပေါ်ပေါက်ပြီး လူသတ်အလောင်းဖျောက် ပြစ်မှုကျူးလွန်သူများကို ၄၈ နာရီအတွင်း ဖမ်းဆီးရမိခဲ့သည်။

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မန်ရွက်ကျေးရွာအုပ်စု မီးသွေးကုန်းကျေးရွာအနီး (၉)မိုင်ရော်ဘာခြံတွင် အလုပ်လုပ်ကိုင်သူ မန်ရွက်ကျေးရွာနေ ဦးဇော်မိုးအေး(ခ)လွမ်းဝေ(၃၆) နှစ် သည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃ ရက်က ဝမ်းလျှောပြီး သရဲပူးကာ ရုတ်တရက် သေဆုံးသွားသည်ဟု ခြံလုပ်သားအချို့က သတင်းလွှင့်ပြီး နေ့ချင်းမြှုပ်နှံထားခဲ့ကြောင်း၊ ၎င်းအလောင်းမြှုပ်ထားသည့် နေရာသို့ ဇန်နဝါရီ ၅ ရက်တွင် မြို့မရဲစခန်းမှူး ဒုရဲမှူးသန်းထိုက် ဦးစီးတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းများ ပူးပေါင်းအဖွဲ့သည် ဥပဒေနှင့်အညီ အလောင်းကို ပြန်လည်တူးဖော်၍ စစ်ဆေးရာမှ လူသတ်မှုအဖြစ် ပေါ်ပေါက်ပြီး လူသတ်အလောင်းဖျောက် ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေးနှင့် သက်သေခံပစ္စည်း သိမ်းဆည်းရမိရေး ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၇ ရက်တွင် ရော်ဘာခြံတာဝန်ခံ သန်းထွန်းဝင်း(၄၇)နှစ်နှင့် ပါဝင်ပတ်သက်သူ ဝဏ္ဏ(ခ)ဝဏ္ဏဖြိုးတို့ကို သက်သေခံ တရားမဝင်ကိုင်ဆောင်သည့် လုပ်သေနတ်အရှည် တစ်လက်နှင့် ကျည်ဆန် ခြောက်တောင့်၊ ဝါးစိမ်းတုတ် နှစ်ချောင်း၊ ချည်ကြိုးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

"ဦးဝဏ္ဏက လူသတ်မှုဖြစ်ပြီးတဲ့နောက်မှာ ရန်ကုန်ကို တိမ်းရှောင်သွားပြီး မိုးကောင်းကိုပြန်လာတဲ့ သတင်းရလို့ ကားဂိတ်မှာ ဝိုင်းဝန်းဖမ်းဆီးလိုက်တာပါ"ဟု နယ်ထိန်းခေါင်းဆောင်ရဲအုပ်ဇော်ဝင်းက ပြောသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရော်ဘာခြံတာဝန်ခံ သန်းထွန်းဝင်းနှင့် ဝဏ္ဏ(ခ)ဝဏ္ဏဖြိုးတို့ကို လူသတ်အလောင်းဖျောက်၊ တရားမဝင်လက်နက်ကိုင်ဆောင်မှုဖြင့် မိုးကောင်းမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

မင်းမင်းဦး

ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၈

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၂၉ စီး၊ သွင်းကုန် ၁၀၉၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃ စီး၊ သွင်းကုန်အစီး ၁၆၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၁ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ ဒသမ ၄၄၂ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၆၆၅ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀ ဒသမ ၁၀၇ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်သွားရောက်စစ်ဆေးခဲ့ရာ ညောင်ခါးရွာကြေးရွာအနီးလမ်းဘေးတွင် စုပုံထားသည့် တရားဝင်စာရွက်စာတမ်းတင်ပြခြင်းမရှိသော အကောက်ခွန်မဲ့ Sugar (1x50)Kg 190 Bags စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၀၈၀ သန်းခန့်)အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဘိန်းဖြူနှင့် စိတ်ကြွရှူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၈

လက်ပန်လှရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၆ ရက် ည ၈ နာရီတွင် စဉ့်ကူးမြို့နယ် မာလဲကျေးရွာအုပ်စု လက်ပန်လှ-မာလဲ-ဝါးပိုးချပ်ကားလမ်း မာလဲကျေးရွာအနီး၌ ခင်မောင်ညွန့်(ခ) ဆရာကြီး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အားရှာဖွေရာ စိတ်ကြွရှူးသွပ်ဆေးပြား ၆၂၈ ပြား၊ လက်ကိုင်ဖုန်း တစ်လုံးနှင့် ငွေကျပ် ၇၉၅၀၀ တို့ကို လည်းကောင်း။

အလားတူ ယင်းနေ့မွန်းလွဲပိုင်းက မူးယစ်တပ်ဖွဲ့စု(၄၁)ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးကားဝင်း ဂိတ်(၃) ဝင်/ထွက်ပေါက်အနီးတွင် မြင့်ဝင်းထွန်းမောင်းနှင်လာသည့် မော်တော်ယာဉ်အားရှာဖွေရာ စိတ်ကြွရှူးသွပ်ဆေးပြား ၁၀ စီး၊ အုပ်ချုပ်မှုယာဉ် သုံးစီး၊ ထောက်ပံ့ယာဉ် သုံးစီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့် အမျိုးသား သုံးဦး၊ အမျိုးသမီး နှစ်ဦး မီးလောင်ဒဏ်ရာများ ရသဖြင့် သယ်နှုန်းကျွန်း စံပြဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

စိုင်းလွတ်၊ ထွန်းထွန်းနိုင်၊ အိုက်ရှုန်နှင့် အိုက်ယုံတို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ ဇန်နဝါရီ ၇ ရက် နံနက် ၈ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့ အမှတ်(၄) ရပ်ကွက် သချိုင်းကုန်းအနီးတွင် ချီကြားချန့် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အားရှာဖွေရာ ဘိန်းဖြူ ခုနစ်ဂရမ်နှင့် စိတ်ကြွရှူးသွပ်ဆေးပြား ၈၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွတ်ခိုင်မြို့ အမှတ်(၈)ရပ်ကွက် မြို့သစ်ရပ်ရှိ ၎င်း၏နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၅ ခွက် (ဘိန်းဖြူ အလေးချိန် ၁၈၀ ဂရမ်)နှင့် စိတ်ကြွရှူးသွပ်ဆေးပြား ၄၀၀၀(စုစုပေါင်းဘိန်းဖြူ ၂၀၇ ဂရမ်နှင့် စိတ်ကြွရှူးသွပ်ဆေးပြား ၄၈၀၀)တို့ကို လည်းကောင်း၊ အလားတူ ကျိုးရှင်ဆုန်းအားရှာဖွေရာ ဘိန်းဖြူ ရှစ်ဂရမ်နှင့် စိတ်ကြွရှူးသွပ်ဆေးပြား ၈၀၀ တို့ကိုလည်းကောင်း၊ ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ကျိုးရှင်ဆုန်းနေထိုင်သည့် ကွတ်ခိုင်မြို့ အမှတ်(၈)ရပ်ကွက် မြို့သစ်ရပ်ရှိ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၆ ဒသမ ၅ ဂရမ်နှင့် စိတ်ကြွရှူးသွပ်ဆေးပြား ၃၀၀၀ တို့ကို လည်းကောင်း။

ထို့အတူ ယနေ့မွန်းလွဲပိုင်းက မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပါဆတ်ရပ်ကွက် ဗိုလ်ချုပ်လမ်း မုဒြာရေဆေးခုံ ဝင်ပေါက်အနီး၌ စိုင်းလွတ် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အားရှာဖွေရာ စိတ်ကြွရှူးသွပ်ဆေးပြား ၂၂၀၀ သိမ်းဆည်းရမိပြီး ကွင်းဆက်အရ ရောင်နီဦးတည်းခိုရိပ်သာအားရှာဖွေရာ ထွန်းထွန်းနိုင်၊ အိုက်ရှုန်နှင့် အားယုံတို့အား တွေ့ရှိရပြီး အခန်းအတွင်းမှ စိတ်ကြွရှူးသွပ်ဆေးပြား ၆၂၇၀၊ အိုက်စ် ၁၀ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၃) ရပ်ကွက် နီလာလမ်းတွင် နေထိုင်သူ ဦးကိုကိုနိုင်၏ နေအိမ်၌ ဇန်နဝါရီ ၈ ရက် နံနက် ၈ နာရီက နေအိမ်ဘုရားစင်တွင် မီးပူဇော်ရာမှ ဖယောင်းတိုင် အောက်ပြုတ်ကျပြီး ဖိနပ် ကော်ကပ်ရာတွင် အသုံးပြုသော ဓာတ်ဆီပုံးပေါ်သို့ ပြုတ်ကျရာမှ မီးစတင်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထိန်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ အင်အား ၆၀၊ အရန်မီးသတ် ၃၀ နှင့် မီးသတ်ယာဉ် ၅ စီးတို့ဖြင့် ဇန်နဝါရီ ၈ ရက် နံနက် ၁၂ နာရီ ၂၀ မိနစ်တွင် ရောက်ရှိကာ မီးငြိမ်းသတ်ခဲ့ပြီး ဖြစ်ပွားမှုနှင့် ပတ်သက်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရဲစခန်းမှ ရဲအရာရှိများက ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အမြန်လမ်းတွင် ရပ်ကင်းတာဝန်ကျ ရဲတပ်ဖွဲ့ဝင်တစ်ဦး ယာဉ်တိုက်ခံရသဖြင့် သေဆုံး

နေပြည်တော် ဇန်နဝါရီ ၈

နေပြည်တော်-ရန်ကုန်အမြန်လမ်း မိုင်တိုင်(၇၂/၄)နှင့်(၇၂/၅)အကြားတွင် ဇန်နဝါရီ ၇ ရက် ည ၉ နာရီခွဲခန့်က ရပ်ကင်းတာဝန်ကျ ရဲတပ်ဖွဲ့ဝင်တစ်ဦး ယာဉ်တိုက်ခံရမှုကြောင့် ဦးခေါင်းခွံရိုးကွဲ၊ ယာလက်ဖျံပေါက်ပြဒဏ်ရာတို့ဖြင့် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၇ ရက် ည ၆ နာရီမှ ၁၀ နာရီအထိ ရပ်ကင်းတာဝန်ထမ်းဆောင်နေသော ဥယျာဉ်ကုန်းအမြန်လမ်းရဲစခန်းမှ ရဲဒုတပ်ကြပ် အောင်ထက်ဟိန်းနှင့် ရဲတပ်သားရန်မျိုးနိုင်တို့သည် စကားပြောပြီး အမြန်လမ်းတစ်ဖက်သို့သွားရောက်ရန် လမ်းဖြတ်ကူးစဉ် နေပြည်တော်ဘက်မှ မောင်းနှင်လာသော ယာဉ်အမျိုးအစားမမှတ်မိ ယာဉ်တစ်စီးမှ ဝင်ရောက်တိုက်မိပြီး ရဲတပ်သားရန်မျိုးနိုင်မှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သည်။

ဥယျာဉ်ကုန်း အမြန်လမ်းစခန်းမှူးနှင့် တာဝန်မှူးတို့သည် ယာဉ်တိုက်ခံရသော ရဲတပ်သားရန်မျိုးနိုင်အား မြို့ချောင်းတိုက်နယ်ဆေးရုံသို့ပို့ဆောင်ပြီး တိုက်ပြေးသွားသောယာဉ်အား ဖမ်းဆီးရမိနိုင်ရေးအတွက် နီးစပ်ရာရဲစခန်းများနှင့် ဆက်သွယ်အကူအညီတောင်းခံပြီး ဥယျာဉ်ကုန်းရဲစခန်းအပိုင် နယ်မြေအတွင်း လှည့်ကင်း၊ ဝပ်ကင်းများဖြင့် စုံစမ်းမှုပြုလုပ်လျက်ရှိသည်။

ရပ်ကင်းတာဝန်ထမ်းဆောင်နေသော ရဲတပ်သားရန်မျိုးနိုင်အား တိုက်ပြီး ထွက်ပြေးသွားသောယာဉ်နှင့် ယာဉ်မောင်းအား ဒုရဲအုပ်သက်ပိုင်မျိုးက တရားလို ပြုလုပ်တိုင်တန်းသဖြင့် ဥယျာဉ်ကုန်းအမြန်လမ်းရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

တင်စိုး(ပဲခူး)

ဝဝန်မြစ်ဆိပ်တံတားပေါ်မှ လူတစ်ဦး ခြေချော်ပြုတ်ကျပျောက်ဆုံး

ပုသိမ် ဇန်နဝါရီ ၈

ဝဝန်မြစ်ဆိပ်တံတားပေါ်မှ ကျန်းမာရေးမကောင်းသူတစ်ဦးသည် ဇန်နဝါရီ ၈ ရက် နံနက် ၇ နာရီက ခြေချော်လိမ့်ကျ ပျောက်ဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

စုံစမ်းသိရှိရသည်မှာ ဟင်္သာတမြို့နယ် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျန်းမာရေးမကောင်းသဖြင့် အနားယူခဲ့သော ဦးကိုကိုအောင်သည် ပုသိမ်မြို့ အမှတ်(၁)နယ်မြေ စဉ့်အိုးဖိုလမ်းနေ အစ်မဖြစ်သူနှင့် နေထိုင်လျက်ရှိသော ဖခင် ဦးမြသိန်းထံရောက်ရှိလာပြီး ရန်ကုန်တွင် ဆေးဝါးကုသရန် ဇန်နဝါရီ ၈ ရက် နံနက် ၇ နာရီက နေခြည်ဦး ဆေးစက်ရုံရှေ့ ဝဝန်မြစ်ဆိပ်တံတားအနီးမှ ခရီးသည်ကြိုပို့ကားစောင့်ဆိုင်းနေရာမှ ဦးကိုကိုအောင်သည် ဝဝန်မြစ်ဆိပ်တံတားအနီး အပေါ်အပါးသွားရန် တံတားပေါ်မှဆင်းသွားစဉ် နံနက်ခင်းနှင်းမှုန်ဖိုးရွဲနေသည်ကို သတိမထားမိဘဲ ခြေချော်၍ ဝဝန်မြစ်အတွင်း လိမ့်ကျသွားရာမှ ပျောက်ဆုံးသွားခြင်းဖြစ်သည်ဟု သိရသည်။

သတင်းအရ ပုသိမ်မြို့ ကမ်းနားလမ်း တန်ဆောင်းအနီး ဖွင့်လှစ်ထားရှိသော အရေးပေါ်မြစ်ကြောင်း အန္တရာယ်သက်ကယ်ရေးအဖွဲ့ဝင်များက ဇန်နဝါရီ ၈ ရက်မှ ၉ ရက်အထိ ဝဝန်မြစ်အတွင်း စုန်ဆန်ရှာဖွေသော်လည်း ဦးကိုကိုအောင်အား မတွေ့ရဘဲ ၎င်းစီးထားသော ဖိနပ်တစ်ဖက်သာ တွေ့ရသည်ဟုဆို၏။ ထို့ကြောင့် ပုသိမ်မြို့မရဲစခန်းက သေမှုသေခင်းဖွင့်၍ ဆက်လက် စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပုသိမ်လှကြည်

ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ကစားမည့် ကာလီဘရို ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဗီဒီယိုလက်ထောက်ဒိုင်စနစ်ကို အသုံးပြုမည်

ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ ထိပ်တိုက်တွေ့ဆုံနေသည့် ကာလီဘရိုဖလား ဆီမီးဖိုင်နယ်နှစ်ကျော့စလုံးတွင် ဗီအေအာရ်စနစ်(ဗီဒီယိုလက်ထောက်ဒိုင်)စနစ်ကို အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။ ဘရစ္စတိုးနှင့် မန်စီးတီးတို့၏ ဆီမီးဖိုင်နယ်ပွဲစဉ်နှစ်ကျော့စလုံးအပြင် နောက်လတွင် ကျင်းပမည့် ဗိုလ်လုပွဲစဉ်တွင်လည်း ဗီအေအာရ်စနစ်ကို အသုံးပြုသွားမည်ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် နိုင်ငံတကာဘောလုံးဘုတ်အဖွဲ့က ဗီအေအာရ်စနစ်ကို နှစ်နှစ်တာ စမ်းသပ်အသုံးပြုရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။

ဗီအေအာရ်စနစ်ကို ဂိုးဝင်၊ မဝင်၊ ပင်နယ်တီခွင့်ပြုသင့်၊ မသင့်ဆိုသည့် ဆုံးဖြတ်ချက်၊ တိုက်ရိုက်အနီကတ်၊ မည်သူက အမှားကျူးလွန်သည့် ကိစ္စရပ်လေးရပ်တွင် အသုံးပြုခြင်းဖြစ်သည်။ ဒိုင်လူကြီးချုပ် မိုက်ရီလေက မည်သည့်နည်းပညာကမှ ရာနှုန်းပြည့် ပြီးပြည့်စုံမှု ရှိမည်မဟုတ်ကြောင်း သတိပေးခဲ့သော်လည်း ပြောင်းလဲလာသည့် နည်းသစ်များကို သင်ကြားခြင်းဖြင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ဆိုခဲ့သည်။

အင်္ဂလန်တွင် ဗီအေအာရ်စနစ်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း ယှဉ်ပြိုင်ခဲ့သည့် ဂျာမနီနှင့် အင်္ဂလန်တို့ ကစားခဲ့သည့် ချစ်ကြည်ရေးခြေစမ်းပွဲတွင် ပထမဦးဆုံးအသုံးပြုခဲ့သော်လည်း ဒိုင်ဖြစ်သူက ယင်းစနစ်ကိုအသုံးပြုကာ ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းမရှိခဲ့ပေ။ ၂၀၁၆ ကမ္ဘာ့ကလပ်ချန်ပီယံဖလားပြိုင်ပွဲတွင် အသုံးပြုခဲ့ပြီးနောက် ၂၀၁၇ ခုနှစ် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတစ်လျှောက်အပြင် ဂျာမနီနှင့် အီတလီတို့တွင် ယှဉ်ပြိုင်သည့် ပြည်တွင်းလိဂ်ပြိုင်ပွဲများတွင်လည်း ဗီအေအာရ်စနစ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့ပြီးဖြစ်သည်။ လာမည့် ဗုဒ္ဓဟူးနေ့တွင် ကာလီဘရိုဖလား ဆီမီးဖိုင်နယ် ပထမအကျော့ကိုယှဉ်ပြိုင်ကာ ဒုတိယအကျော့ကို ဇန်နဝါရီ ၂၄ ရက်တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်မည်ဖြစ်သည်။

တစ်ပတ် ပေါင် လေးသိန်းသာ ရရှိပါက ဘာစီလိုနာကို မပြောင်းရွှေ့ဘဲ မန်ယူကိုသာ ဂရစ်ဇ်မန်း ရွေးချယ်ပွဲယ်ရှိ

အက်သလက် စူပါစတား ဂရစ်ဇ်မန်းဟာ ဘာစီလိုနာကို ပြောင်းရွှေ့ဖွယ်ရှိတယ်လို့ ယူဆချက်တွေ ကျယ်ကျယ်ပြန့်ပြန့် ထွက်နေပေမယ့် မန်ယူကသာ သူ့ကို တစ်ပတ်လုပ်ခ ပေါင် လေးသိန်း ပေးချေမယ်ဆိုရင် ဘာကာကို လျစ်လျူရှုပြီး မန်ယူကိုသာ ပြောင်းရွှေ့ဖွယ်ရှိတယ်လို့ သိရပါတယ်။ အစောပိုင်းက ဂရစ်ဇ်မန်းဟာ ဘာကာနဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီချက်တောင် ရရှိပြီးဖြစ်တယ်လို့ သတင်းတွေ ထွက်ခဲ့သေးပေမယ့် ခုတော့ ဒီသတင်းတွေဟာ တစ်ဖန် ငြိမ်သက်သွားပြန်ပါပြီ။

သိရသလောက်တော့ မန်ယူက ဂရစ်ဇ်မန်းကို ပေါ့ဘာနဲ့ နှုန်းထားတူ ပြောင်းရွှေ့ကြေး ပေါင် ၈၉ သန်းနဲ့ ခေါ်ယူဖို့ ချိတ်ဆက်မှုကို ဆက်လက်လုပ်ဆောင်နေဆဲ ဖြစ်ပါတယ်။ ယူနိုက်တက်က ဂရစ်ဇ်မန်းကို ကနဦးတစ်ပတ်လုပ်ခ ပေါင် ၂၉၀၀၀ ပေးချေမယ်လို့ ကမ်းလှမ်းခဲ့ပြီး လစာနှုန်းထား ဘယ်လောက်လိုချင်သလဲဆိုတာ မေးမြန်းခဲ့ရာမှာ ဂရစ်ဇ်မန်းက အခုကမ်းလှမ်းခဲ့တဲ့ နှုန်းထားထက် ပေါင်တစ်သိန်း ပိုရလိုတယ်လို့ အကြောင်းပြန်ခဲ့တယ်လို့ သိရပါတယ်။ မော်ရင်ဟိုက ဖြစ်နိုင်ရင် ဂရစ်ဇ်မန်းကို ယခု ဇန်နဝါရီစျေးကွက်အတွင်းမှာပဲ လိုချင်ပေမယ့် အက်သလက်ဘက်ကတော့ ဒီလတွေအတွင်း ဘယ်လိုကမ်းလှမ်းမှုတွေကိုမဆို ပယ်ချသွားမယ်လို့ ငြင်းဆိုထားတာပါ။

ဘာစီလိုနာပရိသတ်များ ပျော်ရွှင်စေရမည်ဟု ကော်တင်ဟို ကတိပြု

ဘာစီလိုနာအသင်းကို ပေါင် ၁၄၂ သန်းနဲ့ ပြောင်းရွှေ့သွားတဲ့ ကော်တင်ဟိုက သူ့အနေနဲ့ ဘာစီလိုနာ ဂန္ထဝင်ကစားသမားတွေနဲ့ တွဲဖက်ကစားရမည်ကို စိတ်လှုပ်ရှားမိသလို ဘာကာပရိသတ်များကို ပျော်ရွှင်စေရမည်ဟု ကတိပြုစကား ဆိုခဲ့သည်။ ကော်တင်ဟိုက ဘာကာသို့ ပြောင်းရွှေ့နိုင်ခဲ့ခြင်းမှာ အိပ်မက်များ တကယ်ဖြစ်လာခြင်း ပင်ဖြစ်ကြောင်းလည်း ဗီဒီယိုဖိုင်မှတစ်ဆင့် ပြောကြားခဲ့သေးသည်။ ဘာစီလိုနာနှင့် လီဗာပူးတို့ကြား ပြီးခဲ့သည့် စနေနေ့က ကော်တင်ဟို အတွက် သဘောတူညီခဲ့ခြင်းဖြစ်ပြီး လီဗန်တေးအား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိသည့် ပွဲစဉ်အပြီးတွင် ဓာတ်ပုံရိုက်ကူးခြင်းအခမ်းအနား အကျဉ်းပြုလုပ်ခဲ့သည်။

ကော်တင်ဟိုက တွစ်တာစာမျက်နှာပေါ်တွင် "ဘာကာပရိသတ်များခင်ဗျာ၊ ကျွန်တော် ဒီနေရာကို ရောက်ရှိလာခဲ့ပါပြီ၊ ဒါက အိပ်မက်တွေ တကယ်ဖြစ်လာခဲ့တာပါ။ မနက်ဖြန် ခင်ဗျားတို့နဲ့ ကျွန်တော်တွေ့ကြရအောင်ပါ"ဟူသော စကားပါရှိသည့် ဗီဒီယိုဖိုင်ကို တင်ခဲ့သည်။ ထို့ပြင် ဘာကာရုပ်သံနှင့် အင်တာဗျူးတွင်လည်း မက်ဆီ၊ ဆွာရက်ဇ်၊ အင်နီယယေစတာတို့လို ဂန္ထဝင်ကစားသမားများနှင့် တွဲဖက်ကစားရမည်ကိုလည်း မစောင့်စားနိုင်လောက်အောင် ဖြစ်နေရပြီဟု ဖြေကြားခဲ့သည်။ ကော်တင်ဟိုအနေဖြင့် ငါးနှစ်ခွဲစာချုပ်ကို လက်မှတ်ရေးထိုးမည်ဖြစ်ပြီး သူ၏ထွက်ခွာခွင့်တန်ဖိုးမှာ ယူရိုသန်း ၄၀၀(ပေါင် ၃၅၅ သန်း) ထည့်သွင်းချုပ်ဆိုမည်ဟု သိရသည်။ ယင်းအပြောင်းအရွှေ့မှာ နေမာ၏ ပေါင်သန်း ၂၀၀ ဖြင့် ပြောင်းရွှေ့မှုနှင့် မက်ပီ၏ ပေါင် ၁၆၅ ဒသမ ၇ သန်း(ကနဦးအငှား)ဖြင့် ခေါ်ယူနိုင်မှုများအပြီး တတိယတန်ဖိုးအမြင့်မားဆုံးခေါ်ယူမှုလည်း ဖြစ်ခဲ့သည်။

Carabao Cup ပထမအကျော့ ဆီမီးဖိုင်နယ်ပွဲစဉ်မှာ မန်စီးတီးအသင်းနိုင်ပို့များပြီး ချယ်လ်ဆီးအသင်း အခက်တွေ့နိုင်

ဇန်နဝါရီ ၉၊ ၁၀ ရက်တွေမှာ ယှဉ်ပြိုင်ကစားမယ့် Carabao Cup ပထမအကျော့ ဆီမီးဖိုင်နယ်ပွဲစဉ်မှာ မန်စီးတီးနဲ့ဘရစ္စတိုးစီးတီး၊ ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့ ထိပ်တိုက်တွေ့ဆုံယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး မန်စီးတီးအသင်းနိုင်ဖို့များကာ ချယ်လ်ဆီးအသင်းအခက်တွေ့နိုင်ပေမယ့် အိမ်ကွင်းဖြစ်တာကြောင့် နိုင်ဖို့အလားအလာကောင်းနေပါတယ်။

မန်စီးတီး-ဘရစ္စတိုးစီးတီး နံနက် ၂း၁၅ (၁၀-၁-၂၀၁၈)

ဒီနှစ်သင်းဟာ ထိပ်တိုက်တွေ့ဆုံမှု မရှိတာနဲ့အညီ ပိုပြီးကြည့်ကောင်းမယ့် ပွဲတစ်ပွဲဖြစ်လာမှာပါ။ ပရီမီယာလိဂ်ထိပ်ဆုံးမှာရောက်နေတဲ့ မန်စီးတီးအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံတာကြောင့် ဘရစ္စတိုးစီးတီးအတွက် ပိုပြီးခက်ခဲလာနိုင်ပါတယ်။ မန်စီးတီးအသင်းဟာ လက်စတာအသင်းကို ခက်ခက်ခဲခဲနဲ့နိုင်ပြီး ပင်နယ်တီအဆုံးအဖြတ်နဲ့ဆီမီးဖိုင်နယ်ကို တက်လှမ်းလာခဲ့တာပါ။ ဒီရာသီမှာ မန်စီးတီးအသင်းရဲ့ ခြေစွမ်းကောင်းမွန်နေမှုကြောင့် ဘရစ္စတိုးစီးတီး နိုင်ဖို့မလွယ်ကူပါဘူး။ ဘရစ္စတိုးအသင်းက မန်ယူအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့အနိုင်ရရှိပြီး ဒီအဆင့်ကို တက်လှမ်းလာခဲ့တာဖြစ်ပေမယ့် လက်ရှိအချိန်မှာ ဘရစ္စတိုးစီးတီးအသင်းဟာ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး မန်စီးတီးအသင်းက အိမ်ရှင်ဖြစ်တာကြောင့် ပထမအကျော့ပွဲစဉ်မှာ ဘရစ္စတိုးစီးတီးတို့ ဂိုးပြတ်မရှုံးနိမ့်ရေး ကြိုးစားရမှာပါ။

ချယ်လ်ဆီး-အာဆင်နယ် နံနက် ၂း၃၀ (၁၁-၁-၂၀၁၈)

ဒီနှစ်သင်းဟာ လန်ဒန်ဒါဘီပွဲစဉ်ဖြစ်တာနဲ့အညီ ပြိုင်ဆိုင်မှုပြင်းထန်လာမှာ အသေအချာပဲဖြစ်ပါတယ်။ နှစ်သင်းစလုံးဟာ အက်ဖ်အေပွဲစဉ်တွေ ကစားထားရတာကြောင့် ပွဲပန်းလာမှုရှိပါတယ်။ ချယ်လ်ဆီးအသင်းဟာ ဘုန်းမောက်အသင်းကို နိုင်ပြီးတက်လာတာကြောင့် ဧည့်သည်အာဆင်နယ်အသင်းကို အခက်တွေ့စေဦးမှာပါ။ ဒါပေမယ့် အာဆင်နယ်အသင်းကလည်း ဝက်စ်ဟမ်းအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့အနိုင်ရရှိပြီး ဒီအဆင့်ကိုတက်လှမ်းလာခဲ့တာဖြစ်လို့ အိမ်ရှင်ချယ်လ်ဆီးအသင်းအနေနဲ့ အာဆင်နယ်အသင်းကို ခက်ခက်ခဲခဲနဲ့ ယှဉ်ပြိုင်ကစားရဖို့ရှိနေပြီး ကပ်ပြီးနိုင်ဖို့များပါတယ်။

နိုင်ဝင်း

အာဆင်နယ်နည်းပြနေရာကို ဝင်းဂါးထံမှ အတီတာ လက်လွှဲရယူရန် အသင့်ဖြစ်ဟု သတင်းများထွက်ပေါ်

မြင့်မားမှုကြောင့် ဝင်းဂါးနေရာ တိုက်ရိုက် နယ် တာဝန်ရှိသူများက ရည်မှန်းလာခြင်း အစားထိုးရန် အဆင်ပြေနိုင်သည်ဟု အာဆင် ဖြစ်သည်။

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဘွားဘွား ဒေါ်ဆိုက်တီ အား ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ချီးမြှင့်သော **သီဟသုဓမ္မသိဂီဘွဲ့တံဆိပ်** ချီးမြှင့်ခြင်း ခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်၍ ကျန်းမာချမ်းသာ၊ သာသနာတော်မြတ်ကို ချီးမြှောက်ထောက်ပံ့နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

မြေး - ကျော်ခိုင်-ရီဟွေး
မြစ် - စုသန္တာမေ(အထက-၁၊ ဒဂုံ)
စုစန္ဒာသန်း၊ ဖြိုးဟန်ကျော်
ဖြိုးသိန်းကျော်

ရောင်းမည်

ပဲခူး-ဟံသာဝတီလေဆိပ် စီမံကိန်းအနီး၊ စက်မှုဇုန်အတွင်း စက်မှုမြေကွက် (၁၀)ကော၊ RC ခြံစည်းရိုးကာပြီး၊ ရေ၊မီး၊ ဂိုဒေါင်ပါ၊ ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။ (ပွဲစားမလို)

ဖုန်း-၀၉-၇၈၈၀၂၂၃၇၂၂
၀၉-၇၈၈၀၂၂၂၃၇၂

မီးသတိပြု


"ဓမ္မသုဓမ္မာင် "ဒုဒ္ဓဇယာ ဘုရားပူးအဖွဲ့.
(၁၀)နေ့ပြည့် အထူးအစီအစဉ်
(၁၄) ညအိပ်(၁၅)ရက် ဓမ္မဒေသနာ သွားပြီး ဟိုတယ်(၄)ညအိပ်၊
(28.Jan) (24.Mar) (07.Apr)
(၇)ညအိပ်(၈)ရက်ဓမ္မဒေသနာ (03.Mar) (13.Apr) (Hotel)


ထာဝရ ဘုရားပူးစင်းသွားလုပ်ငန်း

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

အမှတ်(၂၁၃)၊ အလုံလမ်း၊ မီးရထားအရာရှိရိပ်သာ၊ အလုံမြို့နယ်၊ ရန်ကုန်မြို့နေ
ဦးထွန်းအောင်သင်း (အထွေထွေမန်နေဂျာ၊ အောက်မြန်မာပြည်၊ မြန်မာ့မီးရထား)နှင့် ဒေါက်တာလဲ့လဲ့ဝင်းတို့၏သားကြီး

မောင်သင်းဖြိုးအောင်
B.E (MESE) , MMU

နှင့်

အမှတ်(၂၅၈)၊ (၂၁)လမ်း၊ မြိုင်သာယာရပ်၊ မော်လမြိုင်မြို့နေ
ဦးကိုကိုလွင်-ဒေါ်ဆွေဆွေမာ(ကထိက၊ ရုက္ခဗေဒဌာန၊ မော်လမြိုင်တက္ကသိုလ်)တို့၏သမီးကြီး

မနေခြည်လင်း
B.A (EPP), N.M.C, D.A.,D.M.A.,A.B.E (UK)

တို့၏ ၂၃-၁၂-၂၀၁၇ ရက် (စနေနေ့) ရန်ကုန်မြို့(Novotel Yangon Max Hotel)၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးခြင်းအခမ်းအနား၌ လက်မှတ်ရေးထိုးပေးပါသော ဥပဒေရေးရာဌာန ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ချစ်ချစ်အားလည်းကောင်း၊ မင်္ဂလာအသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဦးထွန်းအောင်ရင့်(GM, JSM Shipping Co.,Ltd) နှင့် ဦးမောင်မောင်လွင် (AGM, သစ်ထုတ်လုပ်ရေးဌာန)တို့အားလည်းကောင်း၊ ယင်းအခမ်းအနားသို့ တက်ရောက်လာသူများအားလုံးအားလည်းကောင်း၊ ၃၀-၁၂-၂၀၁၇ ရက်(စနေနေ့) Novotel Yangon Max Hotel (Yangon Ballroom) ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်တို့ ဆင်မြန်းပေးပါသော ဗိုလ်ချုပ်သီရိပျံချီဇေယျာအောင် ပြည်ထောင်စုဝန်ကြီး(ငြိမ်း)နှင့်ဇနီး ဒေါ်သူဇာဝေတို့အားလည်းကောင်း၊ မအားလပ်သော်လည်း မင်္ဂလာလက်ဖွဲ့မျှားပေးပို့ပါသော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့်ဇနီး ဒေါက်တာဒေါ်ခင်သန်းအေးတို့အားလည်းကောင်း၊ အခမ်းအနားမျှားအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးပါသော သမီးလေး မလင်းလဲ့ညိုနှင်းအေး၊ မင်္ဂလာပန်းကြဲပေးပါသော မလင်းချယ်ရီမိုး၊ မင်္ဂလာပန်းဗန်းကိုင်ဆောင်ပေးပါသော မအေးမြခိုင်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မသင်းလဲ့ရည်ဝိုင်း၊ မင်္ဂလာသတို့သားအရံအဖြစ် မောင်သော်ဇင်အောင်၊ မောင်သက်နိုင်ကိုကို၊ မင်္ဂလာသတို့သမီးအရံအဖြစ် ဒေါက်တာအိကေခိုင်သင်း၊ မဝင်းကေသီခိုင်တို့အားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ရွှေရတီရတနာရွှေဆိုင်မှ ဦးအောင်ဇေယျ-ဇနီး ဒေါ်တင်သင်းသင်းသန်းနှင့် အောင်ချမ်းသာစိန်ရွှေရတနာဆိုင်မှ ဦးကျော်ဇေယျ-ဇနီး ဒေါ်စန်းစန်းအေးတို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဖန်တီးပေးပါသော စုမြတ်သိဂီ Fashion & Design မှ ဒေါ်သိဂီအားလည်းကောင်း၊ ပန်းအလှပြင်ဆင်ပေးပါသော Bees & Flower နှင့် မိတ်ကပ်အလှပြင်ဆင်ပေးပါသော ဒီဇင်ဘာနှင်း၊ ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော Love Diary (Wai Lin) Wedding Studio မှ အဖွဲ့သားများ၊ မင်္ဂလာအခမ်းအနားတွင် Surprise Video ဖန်တီးပေးသည့်အပြင် မေတ္တာဖြင့် ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးပါသော MM Joy Production အဖွဲ့သားများအားလည်းကောင်း၊ မေတ္တာဖြင့် ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ လူကိုယ်တိုင် မတက်ရောက်နိုင်သော်လည်း လက်ဖွဲ့ပစ္စည်းများ ပေးပို့ကြသူများအားလည်းကောင်း၊ ၆-၁-၂၀၁၈ ရက် (စနေနေ့) မော်လမြိုင်မြို့တွင် ကျင်းပသော မင်္ဂလာဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိဧည့်ပရိသတ်အပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်သင်းဖြိုးအောင်-မနေခြည်လင်း

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့
တင်ဒါခေါ်ယူခြင်း

တင်ဒါအမှတ် - ၀၀၂/၂၀၁၇-၂၀၁၈

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့သည် ရုံးသုံးကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ဌာန၏ သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းလိုသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းလိုသည့်ကုမ္ပဏီသည် ငွေကြေးဆိုင်ရာ အဆိုပြုလွှာနှင့် နည်းပညာအဆိုပြုလွှာကို တင်ဒါစည်းကမ်းချက်များနှင့်အညီ တင်သွင်းရန် ဖြစ်သည်။

၃။ တင်ဒါစာရွက်စာတမ်းများကို ၅-၁-၂၀၁၈ရက်မှစ၍ ၁၂-၁-၂၀၁၈ရက်အထိ ရုံးချိန် (၉း၃၀ နာရီမှ ၁၆း၃၀နာရီ)အတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့ရုံး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ အလုံလမ်း၊ လွတ်တော်ဝင်း၊ ဂိတ်အမှတ်(၄)တွင် ၁၀၀၀၀ ကျပ်ဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီသည် တင်ဒါအဆိုပြုလွှာ အပြည့်အစုံကို အထက်ဖော်ပြပါဌာနသို့ ၁၉-၁-၂၀၁၈ရက် ညနေ ၁၆း၃၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။ အဆိုပြုလွှာများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့က ဖွင့်ဖောက်စစ်ဆေးသွားမည် ဖြစ်ပါသည်။

၅။ တင်ဒါခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသောအချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့ရုံး၊ တယ်လီဖုန်းနံပါတ်-၀၁-၂၃၀၂၄၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့
တင်ဒါခေါ်ယူခြင်း

တင်ဒါအမှတ် - ၀၀၃/၂၀၁၇-၂၀၁၈

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးကျောက်တံတားမြို့နယ်၊ ကမ်းနားလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊ ကျန်းမာရေးဆိပ်ကမ်းတွင် တည်ရှိသော Yangon Innovation Centre အတွက် Operator အဖြစ် အဆိုပြုလွှာတင်သွင်းရန် ပြည်တွင်းပြည်ပအဖွဲ့အစည်းများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစာရွက်စာတမ်းများကို ၅-၁-၂၀၁၈ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး တင်ဒါ website https://tender.yangon.gov.mm/tenders/90 တွင် အခမဲ့ရယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီသည် အဆိုပြုလွှာအပြည့်အစုံကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့ရုံး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ အလုံလမ်း၊ လွတ်တော်ဝင်း၊ ဂိတ်အမှတ်(၄)သို့ ၂၈-၂-၂၀၁၈ရက် ညနေ ၁၆း၃၀ နာရီနောက်ဆုံးထား၍ ပြန်လည်တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။ အဆိုပြုလွှာများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ Yangon Innovation Centre တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့က ဖွင့်ဖောက်စစ်ဆေးသွားမည် ဖြစ်ပါသည်။

၄။ တင်ဒါခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသောအချက်အလက်များကို Yangon Innovation Centre တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့၏ email yictender@yangon.gov.mm မှ တစ်ဆင့်သော်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့ရုံး၊ တယ်လီဖုန်းနံပါတ်-၀၁-၂၃၀၂၄၇၇ သို့ လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့



ဖခင်အမည်မှန်

တာပွန်မြို့၊ အထက၊ နဝမတန်း(B) မောင်ချစ်မင်းထွန်း၏ ဖခင် ဦးတင်ထွန်းဦး [၇/နတလ(နိုင်)၀၉၁၈၂၆]၏ အမည်မှန်မှာ ဦးထွန်းနိုင် ဖြစ်ပါကြောင်း။

ဦးထွန်းနိုင်

ဝန်ထမ်း(အမြန်)အလိုရှိသည်

Business Executive (or) Executive To M.D ကျား/မ (၁)ဦး

* အသက်(၂၃-၃၃)နှစ်အတွင်း ဘွဲ့ရပြီး၊ ဆက်ဆံရေးအထူးကောင်းမွန်သူ၊ ရုပ်ရည်သန့်ပြန့်ရည်မွန်သူ၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာများနှင့် ထိတွေ့ဆက်ဆံမှု ကျွမ်းကျင်သူ၊ ယုံကြည်ရသူ၊ အလုပ်လုပ်ရာတွင် စိတ်ဝင်စားမှုရှိပြီး စိတ်ချရသူ၊ အခက်အခဲ ဖြေရှင်းမှုတော်ပြီး အားကိုးရသူ၊ ခိုင်းမှလုပ်တတ်သူမဟုတ်ဘဲ Self initiative ရှိသူ ဦးစားပေးမည်။ ရေရှည်လုပ်နိုင်သူဖြစ်ရမည်။ စကားပြောလိမ်မာချိသာပြေပြစ်ဆွဲဆောင်ကျွမ်းကျင်သူကို ဦးစားပေးမည်။ အလုပ်လုပ်ရာတွင် နာခံမှုရှိပြီး ပြန်လည်သင်ပို့တင်ပြတတ်သူဖြစ်ရမည်။ English စာကျွမ်းကျင်သူလည်း ဖြစ်ရမည်။
* ပုံမှန်လစာ (၂၅၀၀၀၀/မှ ၃၀၀၀၀၀/-) ရက်မှန် (ကြိုးစားမှုပေါ်မူတည်၍ ၁၀၀၀၀၀/) အောင်မြင်မှုပေါ် Bonus ချီးမြှင့်မှုများ ပါဝင်ပါမည်။

To Contact Send CV to - Full E-mail & Viber,
dr.nangnaynwee@ brightdiamondbusiness.com. Viber +959 799972665
ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ

ပြည်ထဲရေးဝန်ကြီးဌာန
အကျဉ်းဦးစီးဌာန၊ ကရင်ပြည်နယ်
ရိက္ခာဆန်ဝယ်ယူရေး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက် အကျဉ်းထောင်/စခန်းများရှိ အကျဉ်းသား/အချုပ်သားများအတွက် ၂၀၁၈ ခုနှစ် ဧပြီလမှ အောက်တိုဘာလအထိ ကျွေးမွေးရန်လိုအပ်သော ရိက္ခာဆန် ၅၄၅၄ အိတ်အား သက်ဆိုင်ရာ အကျဉ်းထောင်/စခန်းများအရောက် (မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်ရက်/နေရာ	။ ၈-၁-၂၀၁၈ ရက်နေ့မှ ၇-၂-၂၀၁၈ ရက်နေ့ထိ အကျဉ်းဦးစီးဌာန ကရင်ပြည်နယ်ဦးစီးမှူးရုံး
အိတ်ဖွင့်တင်ဒါဖွင့်ဖောက်မည့်နေ့ရက်၊ အချိန်နှင့်နေရာ	။ ၈-၂-၂၀၁၈(ကြာသပတေးနေ့)၊ (၁၀း၀၀)နာရီ၊ အကျဉ်းဦးစီးဌာန ကရင်ပြည်နယ်ဦးစီးမှူးရုံး

၂။ အိတ်ဖွင့်တင်ဒါတစ်စုံလျှင် ၁၀၀၀၀/- နှုန်းဖြင့် ရောင်းချသွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ ဘားအံမြို့။ (၀၉-၇၉၁၉၁၂၆၅၁၊ ၀၉-၇၉၃၄၁၇၇၁၉)
(ခ) ဘားအံအကျဉ်းထောင် (၀၉-၅၆၆၁၇၁၈)

တင်ဒါစိစစ်ရေးအဖွဲ့၊ ကရင်ပြည်နယ်
ပြည်ထဲရေးဝန်ကြီးဌာန

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၈၅၉)၊ အကျယ်အဝန်း ပေ(၄၁×၆၀) (၂၄၆၀ စတုရန်းပေ) အကျယ်ရှိ ဦးကျော်ညွှန့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်(၁)ကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခု တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံတတိပြုသူ ဒေါ်စိမ်းကလျာနွယ်န(၁၃/မဖန(နိုင်)၀၀၀၅၅၇၂)ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ဇင်ဦး(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၉၂)
ရုံးလိပ်စာ-အမှတ်(၇၇)၊ အခန်းအမှတ်-၁၀၁၊ ပထမထပ်၊
အဝေရာအိမ်ရာ(၂)၊ အဝေရာလမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၇၁၉၆၄၈

မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

(ဌ) ဤပုဒ်မတွင် ဖော်ပြပါရှိသော "ကုမ္ပဏီ" ဆိုသည်မှာ ဤဥပဒေအရ စာရင်းရှင်းလင်း ဖျက်သိမ်းနိုင်သော ကုမ္ပဏီတစ်ရပ်ရပ်ကို ဆိုလိုသည်။ ဤပုဒ်မပါကိစ္စရပ်များအတွက် တရားစွဲဆိုထားသော သို့မဟုတ် အမိန့်ဒီကရီတစ်ရပ်ရပ် လက်ခံရရှိထားသော အာမခံအကျိုးခံစားခွင့်မရရှိသော မြီရှင်များ (unsecured creditors) ကို အခြားသော အာမခံ အကျိုးခံစားခွင့် မရရှိသော မြီရှင်များကဲ့သို့ အမျိုးအစားတစ်ရပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

(ဎ) တရားရုံးကချမှတ်သည့်အမိန့်အပေါ် ဥပဒေနှင့်အညီတစ်ဆင့်မြင့် တရားရုံးသို့ အယူခံနိုင်သည်။

၂၈၈။ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၈၇၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်အားလိုက်နာရန် ပျက်ကွက်လျှင် ကုမ္ပဏီနှင့် ပျက်ကွက်မှုကို သိလျက်ဖြင့် တမင်ပြုလုပ်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာများ သို့မဟုတ် အခြားအရာရှိများ တစ်ဦးစီသည် ဒဏ်ကြေးငွေကျပ်တစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

စီစဉ်ဆောင်ရွက်မှုများနှင့် စေ့စပ်ပြေငြိမ်းမှုများအား လွယ်ကူစွာဆောင်ရွက်နိုင်စေရန်အတွက် ပြဋ္ဌာန်းချက်များ

၂၈၉။(က) ပုဒ်မ ၂၈၇ တွင် ဖော်ပြပါရှိသည့်အတိုင်း ကုမ္ပဏီနှင့် ပုဂ္ဂိုလ်တစ်ဦးဦးအကြား အဆိုပြုထားသော စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုတစ်ရပ်ရပ်ကို ခွင့်ပြုနိုင်ရန်အတွက် အဆိုပါ ပုဒ်မပါ ပြဋ္ဌာန်းချက်များအရ တရားရုံးသို့ လျှောက်ထားမှု တစ်ရပ်အား တင်ပြလာသည့်အခါ စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုအား ကုမ္ပဏီတစ်ခုခု သို့မဟုတ် ကုမ္ပဏီများကို ပြန်လည်ဖွဲ့စည်းရန် သို့မဟုတ် ကုမ္ပဏီနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ကုမ္ပဏီများကိုပေါင်းစည်းရန် ရည်ရွယ်သည့် စီမံချက်တစ်ရပ်အတွက် သို့မဟုတ် ယင်းစီမံချက်နှင့်စပ်လျဉ်း၍ အဆိုပြုခြင်းဖြစ်ကြောင်း၊ အဆိုပါစီမံချက်အရ ဤပုဒ်မတွင် "လွှဲပြောင်းပေးသည့်ကုမ္ပဏီ" ဟု ရည်ညွှန်းမည့် စီမံချက်နှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုခု၏ တာဝန်ယူဆောင်ရွက်မှု သို့မဟုတ် ပစ္စည်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဤပုဒ်မတွင် "လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီ" ဟု ရည်ညွှန်းမည့် အခြားကုမ္ပဏီသို့ လွှဲပြောင်းပေးကြောင်း တရားရုံးက တွေ့ရှိလျှင် တရားရုံးသည် စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုအား ခွင့်ပြုသည့်အမိန့်ဖြင့်သော်လည်းကောင်း၊ နောက်ဆက်တွဲ အမိန့်တစ်ရပ်ဖြင့်သော် လည်းကောင်း အောက်ပါကိစ္စရပ်အားလုံးအတွက်ဖြစ်စေ၊ ကိစ္စတစ်ရပ်ရပ်အတွက်ဖြစ်စေ စည်းကမ်းချက်များ ပြုလုပ်သတ်မှတ်နိုင်သည် -

(၁) လွှဲပြောင်းပေးသည့်ကုမ္ပဏီ၏ တာဝန်ယူဆောင်ရွက်မှုများနှင့်ပစ္စည်း သို့မဟုတ် တာဝန်ရှိမှုအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီသို့ လွှဲပြောင်းပေးခြင်း၊

(၂) လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီက အခြားသူတစ်ဦးဦးသို့ သို့မဟုတ် အခြားသူ တစ်ဦးဦးအတွက် ခွဲဝေသတ်မှတ်သည့် သို့မဟုတ် လျာထားဆောင်ရွက်သည့် စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုအားပြုလုပ်မည့် အဆိုပါ ကုမ္ပဏီရှိ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များ သို့မဟုတ် အခြားအလားတူ အကျိုးခံစားခွင့်များနှင့် စပ်လျဉ်း၍ လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီက ခွဲဝေသတ်မှတ်ခြင်း သို့မဟုတ် လျာထားဆောင်ရွက်ခြင်း၊

(၃) လွှဲပြောင်းပေးသည့် ကုမ္ပဏီကသော်လည်းကောင်း၊ လွှဲပြောင်းပေးသည့် ကုမ္ပဏီအပေါ်တွင်လည်းကောင်း၊ ဆိုင်းငံ့ထားသော တရားစွဲဆိုမှုတစ်ရပ်ရပ်ကို လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီကသော်လည်းကောင်း၊ လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီအပေါ်တွင်လည်းကောင်း ဆက်လက်စွဲဆိုဆောင်ရွက်ခြင်း၊

(၄) လွှဲပြောင်းပေးသည့် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမပြုဘဲ ဖျက်သိမ်းခြင်း၊

(၅) တရားရုံးက သတ်မှတ်သည့်အချိန်အတွင်း ထိုသို့သတ်မှတ်ပေးသည့် နည်းလမ်းအတိုင်း စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုအား သဘောတူညီခြင်း မရှိသော ပုဂ္ဂိုလ်တစ်ဦးဦးအတွက် ပြဋ္ဌာန်းချက်များ ပြုလုပ်ခြင်း၊

(၆) ပြန်လည်ဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ပေါင်းစည်းခြင်းအား ပြည်နှံထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော နောက်ဆက်တွဲ သို့မဟုတ် ဆက်စပ်သည့် ကိစ္စရပ်များ ချမှတ်ခြင်း။

(ခ) ဤပုဒ်မအရ ချမှတ်သည့် အမိန့်တစ်ရပ်သည် ပစ္စည်း သို့မဟုတ် တာဝန်ရှိမှုများကို လွှဲပြောင်းခြင်းနှင့် သက်ဆိုင်လျှင် အဆိုပါ အမိန့်အရ ထိုပစ္စည်းကို လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီသို့ လွှဲပြောင်းအပ်နှင်းရမည်ဖြစ်ပြီး ယင်း၏ပစ္စည်းများဖြစ်လာစေရမည်။ အလားတူ အဆိုပါ အမိန့်အရ ထိုတာဝန်ရှိမှုများကို လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီသို့ လွှဲပြောင်းပေးရမည်ဖြစ်ပြီး လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီ၏တာဝန်ရှိမှုများ ဖြစ်လာစေရမည်။ ပစ္စည်းများနှင့် သက်ဆိုင်သည့် ကိစ္စရပ်တွင်အမိန့်ညွှန်ကြားချက်တစ်စုံတစ်ရာ ပါရှိခဲ့လျှင် စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုအရ အကျိုးသက်ရောက်မှု ရပ်စဲစေရန် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်ရပ်မှ ကင်းလွတ်စေရမည်။

(ဂ) ဤပုဒ်မအရ အမိန့်တစ်ရပ်အား ချမှတ်သည့်အခါ အဆိုပါအမိန့်နှင့် သက်ဆိုင်သောကုမ္ပဏီအားလုံးသည် အဆိုပါအမိန့်၏ မူရင်းမိတ္တူမှန် တစ်စောင်အား အမိန့်ချမှတ်သည့်နေ့မှ ၁၄ ရက်အတွင်း မှတ်ပုံတင်နိုင်ရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။

(ဃ) ဤပုဒ်မတွင်ပါရှိသော "ပစ္စည်း" ဟူသောစကားရပ်တွင် ပစ္စည်း၊ အခွင့်အရေးနှင့် အခွင့်အာဏာ အားလုံးပါဝင်ပြီး "တာဝန်ရှိမှု" ဟူသော စကားရပ်တွင် တာဝန်များလည်း ပါဝင်သည်။

(င) ပုဒ်မ ၂၈၇၊ ပုဒ်မခွဲ (ဋ) ပါပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေဘဲ ဤပုဒ်မပါ "ကုမ္ပဏီ" ဟူသော စကားရပ်တွင် ဤဥပဒေအဓိပ္ပာယ်ဖော်ပြချက်တွင်ပါရှိသော ကုမ္ပဏီမှအပ အခြားကုမ္ပဏီတစ်ခုခု ပါဝင်ခြင်းမရှိ။

၂၉၀။ပုဒ်မ ၂၈၉၊ ပုဒ်မခွဲ (ဂ) အား လိုက်နာရန် ပျက်ကွက်ပါက ကုမ္ပဏီနှင့် ထိုပျက်ကွက်မှုကို သိလျက်ဖြင့် တမင်ဆောင်ရွက်ခဲ့သည့် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးစီသည် ဒဏ်ကြေးငွေ ကျပ်တစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

အများစုဖြင့်အတည်ပြုထားသော ပဋိညာဉ်စာချုပ်တစ်ရပ်နှင့် သဘောကွဲလွဲသော အစုရှယ်ယာရှင်များက အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုတွင် အစုရှယ်ယာများ ဝယ်ယူနိုင်သည့် အခွင့်အရေး

၂၉၁။(က) အခြားဥပဒေတစ်ရပ်ရပ်တွင် ပါရှိသော ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ ဤပုဒ်မတွင် "လွှဲပြောင်းပေးသည့် ကုမ္ပဏီ" ဟု ရည်ညွှန်းမည့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုရှိ အစုရှယ်ယာများ သို့မဟုတ် အစုရှယ်ယာ အမျိုးအစားတစ်ရပ်ရပ်ကို ဤပုဒ်မတွင် "လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီ" ဟု ရည်ညွှန်းမည့် အခြားကုမ္ပဏီသို့ ပဋိညာဉ်စာချုပ်အရ လွှဲပြောင်းခြင်းကိုလက်ခံသည့် ကုမ္ပဏီက အဆိုပါကိစ္စရပ်အတွက် ကမ်းလှမ်းမှုကို ပြုလုပ်ပြီးနောက် လေးလအတွင်း သက်ဆိုင်သော အစုရှယ်ယာများ၏တန်ဖိုး လေးပုံသုံးပုံထက်မနည်းသော ပိုင်ရှင်များက အတည်ပြုသည့်အခါ လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီသည် အဆိုပါ လေးလကုန်ဆုံးပြီးနောက် နှစ်လအတွင်း မည်သည့်အချိန်တွင်မဆို သတ်မှတ်ထားသည့် နည်းလမ်းဖြင့် သဘောကွဲလွဲသော အစုရှယ်ယာရှင်တစ်ဦးဦးထံသို့ အကြောင်းကြားစာပေးပို့၍ လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီက ၎င်း၏အစုရှယ်ယာများကို ရယူလိုကြောင်း ဖော်ပြအကြောင်းကြားနိုင်သည်။ ထိုအကြောင်းကြားစာပေးပို့ပြီးသည့်နေ့ရက်မှ ၂၈ ရက်အတွင်း သဘောကွဲလွဲသည့် အစုရှယ်ယာရှင်ကတရားရုံးသို့ တင်ပြလျှောက်ထားလာသည့်အပေါ် တရားရုံးက အခြားနည်း တစ်စုံတစ်ရာကို အမိန့်ချမှတ်ခဲ့ခြင်းမရှိလျှင် လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီသည် ၎င်းထံသို့ လွှဲပြောင်းပေးရန် အတည်ပြုထားသော အစုရှယ်ယာရှင်များ၏ အစုရှယ်ယာများနှင့် စပ်လျဉ်းသည့် စီမံချက် သို့မဟုတ် ပဋိညာဉ်စာချုပ်အရ စည်းကမ်းချက်များဖြင့် အဆိုပါ အစုရှယ်ယာများကို ရရှိပိုင်ခွင့်ရှိပြီး ရယူရမည်ဖြစ်သည်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီက အကြောင်းကြားစာတစ်စောင်အား ပေးပို့ခဲ့ပြီး တရားရုံးက သဘောကွဲလွဲသည့် အစုရှယ်ယာရှင်၏ တင်ပြလျှောက်ထားချက်အပေါ် ဆန့်ကျင်ကွဲလွဲသည့် အမိန့်တစ်ရပ်ရပ်ချမှတ်ခဲ့ခြင်း မရှိလျှင် အကြောင်းကြားစာပေးပို့သည့် နေ့မှစ၍ ၂၈ ရက် ကုန်ဆုံးသည့်အခါ သို့မဟုတ် သဘောကွဲလွဲသည့် အစုရှယ်ယာရှင်က တရားရုံးသို့ တင်ပြလျှောက်ထားပြီး ထိုသို့ တင်ပြလျှောက်ထားမှုအား ဆိုင်းငံ့ထားခြင်းခံရသည့်အခါ အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်ကို လိုက်နာလျက် လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီသည် အကြောင်းကြားစာမိတ္တူတစ်စောင်ကို လွှဲပြောင်းပေးသည့် ကုမ္ပဏီသို့ပေးပို့ရမည်ဖြစ်ပြီး လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီက ရရှိထိုက်ခွင့်ရှိသည့် အစုရှယ်ယာများအတွက် လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီမှ ပေးချေရမည့် တန်ဖိုးပမာဏ သို့မဟုတ် ယင်းအတွက် အဖိုးစားနားတစ်ရပ်ရပ်ကို လွှဲပြောင်းပေးသည့် ကုမ္ပဏီသို့ ပေးချေရမည် သို့မဟုတ် လွှဲပြောင်းပေးရမည်။ ယင်းသို့ ဆောင်ရွက်ပြီးနောက် လွှဲပြောင်းပေးသည့် ကုမ္ပဏီသည် လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီအား အဆိုပါ အစုရှယ်ယာများ၏ ပိုင်ရှင်အဖြစ် မှတ်ပုံတင်စာရင်း ရေးသွင်းဖော်ပြရမည်။

(ဂ) ဤပုဒ်မအရ လွှဲပြောင်းပေးသည့်ကုမ္ပဏီက လက်ခံရရှိသော ငွေကြေးများကို သီးခြားဘဏ်ငွေစာရင်းတစ်ခုသို့ ပေးသွင်းရမည်ဖြစ်ပြီး ထိုသို့လက်ခံရရှိသော ငွေပမာဏနှင့် အခြားအဖိုးစားနားများကို ၎င်းတို့နှင့်စပ်လျဉ်းသည့် အစုရှယ်ယာရှင်အသီးသီးအတွက် ယုံကြည်အပ်နှံမှုအဖြစ် အဆိုပါ လွှဲပြောင်းပေးသည့်ကုမ္ပဏီက ထိန်းသိမ်းထားရှိရမည်။

(ဃ) ဤပုဒ်မတွင် ဖော်ပြပါရှိသော "သဘောကွဲလွဲသည့် အစုရှယ်ယာရှင်" ဆိုသည်တွင် ပဋိညာဉ်စာချုပ်အား သဘောတူညီခြင်းမရှိသည့် အစုရှယ်ယာရှင်နှင့် စီမံချက် သို့မဟုတ် ပဋိညာဉ်စာချုပ်နှင့်အညီ လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီသို့ ၎င်း၏ အစုရှယ်ယာများကို လွှဲပြောင်းပေးရန် ပျက်ကွက်သော သို့မဟုတ် ငြင်းဆန်သော အစုရှယ်ယာရှင်တစ်ဦးဦးတို့ ပါဝင်သည်။

အပိုင်း (၅)
ဖျက်သိမ်းခြင်း
အခန်း (၂၆)
ကုမ္ပဏီတစ်ခုအားဖျက်သိမ်းခြင်း
ကုမ္ပဏီဖျက်သိမ်းခြင်းဆိုင်ရာနည်းလမ်းများ

၂၉၂။(က) ကုမ္ပဏီတစ်ခုအား အောက်ပါနည်းလမ်း တစ်ရပ်ရပ်ဖြင့် ဖျက်သိမ်းနိုင်သည် -

(၁) တရားရုံးကဖြစ်စေ၊

(၂) ဆန္ဒအလျောက်ဖြစ်စေ၊

(၃) တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ။

(ခ) ဆန့်ကျင်ကွဲလွဲမှု တစ်စုံတစ်ရာမရှိခဲ့လျှင် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဖော်ပြပါနည်းလမ်းတစ်ရပ်ရပ်အရ ကုမ္ပဏီတစ်ခုအား ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်စေရမည်။

ကြွေးမြီပေးဆပ်ရသူများ (Contributories)
လက်ရှိသော်လည်းကောင်း၊ ယခင်ကသော်လည်းကောင်း ကုမ္ပဏီတွင်ပါဝင်သူများ၏ ကြွေးမြီပေးဆပ်ရသူများအဖြစ် တာဝန်ရှိမှု

၂၉၃။(က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်ကိစ္စရပ်တွင် လက်ရှိသော်လည်းကောင်း၊ ယခင်ကသော်လည်းကောင်း ကုမ္ပဏီတွင်ပါဝင်သူများအားလုံးသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီ၏ ကြွေးမြီများနှင့် တာဝန်ရှိမှုများ၊ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ကြွေးမြီပေးဆပ်ရသူများအကြား အခွင့်အရေးများကို ညှိနှိုင်းဆောင်ရွက်ရန်အတွက် အောက်ပါသတ်မှတ်ချက်များကို လိုက်နာစေလျက် ကျသင့်သည့် ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များအား ပေးချေရာတွင် ငွေကြေးလုံလောက်မှုရှိစေရေးအတွက် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များ စာရင်းသို့ ထည့်ဝင်ပေးဆပ်ရန် တာဝန်ရှိစေရမည်။

(၁) ကုမ္ပဏီတွင် ယခင်ကပါဝင်ခဲ့သူတစ်ဦးသည် စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ခြင်းမပြုမီ လွန်ခဲ့သော တစ်နှစ်သို့မဟုတ် ထိုထက်ပိုသော ကာလကတည်းကပင် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲခဲ့ခြင်းဖြစ်လျှင် ကြွေးမြီပေးဆပ်ရေးအတွက် တာဝန်မရှိစေရ။

(၂) ကုမ္ပဏီတွင် ယခင်က ပါဝင်ခဲ့သူတစ်ဦးသည် ၎င်းအနေဖြင့် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲခဲ့ပြီးနောက်ပိုင်း၌ ကုမ္ပဏီကချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်အရ ဖြစ်ပေါ်လာသည့် ကြွေးမြီ သို့မဟုတ် တာဝန်ရှိမှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကြွေးမြီပေးဆပ်ရာတွင် တာဝန်မရှိစေရ။

(၃) ဤဥပဒေအရ ကုမ္ပဏီတွင် လက်ရှိပါဝင်သူများက ၎င်းတို့ပေးဆပ်ရန်ဖြစ်သော ကြွေးမြီတာဝန်ကို ပေးဆပ်နိုင်ဖွယ်မရှိကြောင်း တရားရုံးကတွေ့ရှိခဲ့လျှင်မှအပ ကုမ္ပဏီတွင် ယခင်ကပါဝင်ခဲ့သူတစ်ဦးသည် ကြွေးမြီပေးဆပ်ရာတွင် တာဝန်မရှိစေရ။

(၄) အစုအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတွင် လက်ရှိပါဝင်နေသူ သို့မဟုတ် ယခင်က ပါဝင်ခဲ့သူတစ်ဦးအဖြစ် တာဝန်ရှိသည့် အစုရှယ်ယာများအတွက် ပေးချေရခြင်းမရှိသေးသော ငွေပမာဏ (ရှိခဲ့လျှင်) ထက်ပိုမိုသော ငွေပမာဏကို ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးထံမှ ကြွေးမြီပေးဆပ်ရန်အတွက် ရယူခြင်းမရှိစေရ။

(၅) ခံစန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတွင် ယင်းကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါ ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များသို့ ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးက ထည့်ဝင်ရန် တာဝန်ယူထားသည့် ပမာဏထက်ပိုမို၍ ၎င်းထံမှ ကြွေးမြီပေးဆပ်ရန်အတွက် ရယူခြင်းမရှိစေရ။

(၆) ဤဥပဒေတွင်ဖော်ပြပါရှိသော မည်သည့်ပြဋ္ဌာန်းချက်မျှ အာမခံပေါ်လစီ (policy of insurance) သို့မဟုတ် ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်အရ ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးချင်းစီ၏တာဝန်ရှိမှုကို ကန့်သတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖြစ်စေ၊ ကုမ္ပဏီ၏ ဘဏ္ဍာငွေများဖြင့်သာလျှင် အဆိုပါပေါ်လစီ သို့မဟုတ် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်အရ တာဝန်ရှိမှုများကိုဖြစ်စေ တရားမဝင်ခြင်း မဖြစ်စေရ။

(၇) အမြတ်ဝေစုများ၊ အကျိုးအမြတ်များ သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးကို ကုမ္ပဏီတွင်ပါဝင်သူအဖြစ် ပေးရန်ရှိသည့်ငွေပမာဏတစ်ရပ်ကို ၎င်းနှင့် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးမဟုတ်သော မြီရှင်တို့အကြား မည်သူထံသို့ပေးချေရမည်ဟု ဖြစ်ပေါ်လာသည့်ကိစ္စရပ်၌ အဆိုပါကုမ္ပဏီတွင် ပါဝင်သူထံသို့ ကုမ္ပဏီကပေးချေရမည့် ကြွေးမြီတစ်ရပ်အဖြစ် မှတ်ယူခြင်းမရှိစေရ။ သို့သော် အဆိုပါငွေပမာဏကို ယင်းတို့အကြား ကြွေးမြီပေးဆပ်ရသူများ၏ အခွင့်အရေးအား အပြီးသတ် ညှိနှိုင်းသတ်မှတ်ရာတွင် ထည့်သွင်းစဉ်းစားနိုင်သည်။

(ခ) အစုရှယ်ယာမတည်ငွေရင်း ပါရှိသော ခံစန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ထိုကုမ္ပဏီတွင် ပါဝင်သူအားလုံးသည် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသဖြင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များ စာရင်းသို့ ၎င်းကထည့်ဝင်ရန် တာဝန်ယူထားသောပမာဏအတွက်တာဝန်ရှိသည့်အပြင် ၎င်းပိုင်ဆိုင်ထားသော အစုရှယ်ယာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပေးချေရခြင်းမရှိသေးသောငွေပမာဏတစ်ရပ်ရပ်အတွက်လည်း ထည့်ဝင်ရန်တာဝန်ရှိသည်။

ဆက်လက်ဖော်ပြပါမည်။

သင်းခွေချပ်နှင့် ရေချိုလိပ်များအား အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်း လွှတ်ပေး

စစ်ကိုင်း ဇန်နဝါရီ ၈

အလောင်းတော်ကဿပ ရာသီ လမ်းဖွင့်ပွဲအထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးနေ့က စစ်ကိုင်းမြို့နယ် သစ်တောဦးစီးဌာနနှင့် ရဲတပ်ဖွဲ့တို့ ပူးပေါင်းဖမ်းမိသော သင်းခွေချပ်ခြောက်ကောင်နှင့် ရေချိုလိပ်သုံးကောင်တို့အား ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက သဘာဝဥယျာဉ်ကြီးအတွင်း လွှတ်ပေးခဲ့ကြောင်း သိရသည်။

"လက်ရှိအစိုးရအနေနဲ့ သယံဇာတတွေကို တန်ဖိုးထားပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးပေးပူးပေါင်းဆောင်ရွက်နေတာတွေ့ရပါတယ်။ တိုင်းဒေသကြီးအစိုးရဦးဆောင်မှုနဲ့ သဘာဝပတ်ဝန်းကျင် သားငှက်ထိန်းသိမ်းရေးတွေနဲ့ ပတ်သက်တဲ့ စည်းရုံးဟောပြောပွဲတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေကိုအမြဲမပြတ်လုပ်ဆောင်နေပါတယ်၊ အဓိကတော့ ပြည်သူတွေသိရှိပြီး လက်တွဲပါဝင်လာအောင်ပါ။ တစ်ဖက်ကလည်းတရားမဝင်နည်းလမ်းနဲ့ထုတ်နေတာတွေကိုအရေးယူတာတွေလုပ်ဆောင်နေပါတယ်။ တရားမဝင်သယ်တဲ့သူတွေဆီက ဖမ်းမိတဲ့တိရစ္ဆာန်တွေလည်း ဘေးမဲ့တောတွေ အမျိုးသားဥယျာဉ်တွေမှာ ဘေးအန္တရာယ်ကင်းရှင်းပြီး ရေရှည်ကျန်းမာသက်ရှည်အောင်စနစ်တကျ ပြန်လွှတ်တာတွေ လုပ်ဆောင်နေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးမှူး ဦးခင်မောင်ဝင်းက ပြောသည်။

အလောင်းတော်ကဿပဘုရား ရာသီလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီက ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းတို့က သင်းခွေချပ်ခြောက်ကောင်နှင့် ရေချိုလိပ်သုံးကောင်တို့အား အမွေးနုံသာများပက်ဖျန်းပြီး သစ်တောဝန်ထမ်းများနှင့် တာဝန်ရှိသူများက အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၏ သဘာဝတောအတွင်း လွှတ်ပေးခဲ့သည်။ အဆိုပါ သင်းခွေချပ်နှင့် ရေချိုလိပ်များကို ပြည်ပခိုးထုတ်ရန်သယ်ဆောင်လာသူများထံမှ ဇန်နဝါရီ ၄ ရက် လွှတ်လပ်ရေးနေ့က တွေ့ရှိသိမ်းဆည်းရမိခြင်းဖြစ်သည်။

မျိုးဝင်းထွန်း(မုံရွာ)

တိုင်းဒေသကြီးနှင့်ပြည်နယ် အလွှတ်တန်းပြေးခုန်ပစ်ပြိုင်ပွဲများ စတင်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ် ထွက်ပေါ်လာစေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားပြိုင်ပွဲများကို နှစ်စဉ် ကျင်းပလျက်ရှိရာ ယနေ့ နံနက် ၆ နာရီခွဲမှ စတင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် အလွှတ်တန်းပြေးခုန်ပစ်ပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

အမျိုးသားမီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီးမီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီးသံပြားပိုင်းပစ်ပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၀၀ တန်းကျော်ပြေးပြိုင်ပွဲ၊ အမျိုးသားမီတာ ၁၁၀ တန်းကျော်ပြေးပြိုင်ပွဲ၊ အမျိုးသမီး တုတ်ထောက်ခုန်ပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသားမီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား အလျားခုန်ပြိုင်ပွဲ၊ အမျိုးသား လှံတံပစ်ပြိုင်ပွဲများကို ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲများသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူးများ၊ နည်းပြ/အုပ်ချုပ်သူများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှတာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများကို ချီးမြှင့်ခဲ့ကြသည်။ အဆိုပါ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြေးခုန်ပစ်ပြိုင်ပွဲကို ဇန်နဝါရီ ၈ ရက်မှ ၁၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ဝင်းအတွင်း၌ နံနက် ၆ နာရီခွဲမှ စတင်၍ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်စော်

ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေး မွမ်းမံသင်တန်းဖွင့်

တပ်ကုန်း ဇန်နဝါရီ ၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တပ်ကုန်းမြို့နယ်အတွင်း လူထုဗဟိုပြုစီမံကိန်း(CDD) အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုနှစ် စီမံကိန်းစက်ဝန်းစတုတ္ထနှစ်တွင်လည်း ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေး မွမ်းမံသင်တန်းကို ဇန်နဝါရီ ၅ ရက်က တပ်ကုန်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးတွင် သင်ကြားပို့ချခဲ့ရာ ကျေးလက်ဦးစီးဌာနမှ စီမံကိန်းဝန်ထမ်းများ၊ နည်းပညာအကြံပေးအဖွဲ့ဝင်များ၊ လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူးများ တက်ရောက်သင်ကြားခဲ့သည်။

ယခုလို ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေး မွမ်းမံသင်တန်း ဖွင့်လှစ်ရခြင်းမှာ အကြံပြုတိုင်ကြားသောစနစ်ကို စီမံကိန်းနှင့် ဆက်နွယ်သူများအားလုံး (Stakeholders) ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ဆောင်နိုင်ရန်၊ ဖြစ်ပေါ်လာနိုင်သော ပြဿနာများကို စေ့စပ်သေချာသော လုပ်ထုံးလုပ်နည်းဖြင့် ဖြေရှင်းရန်၊ စီမံကိန်းကိုနှောင့်နှေးစေနိုင်သည့် အကြောင်းအရာမှန်သမျှကို ခိုင်လုံစွာ ဖော်ထုတ်နိုင်ရန်၊ စီမံကိန်းလမ်းကြောင်းမှန်ပေါ်ရှိနေစေရန်၊ တာဝန်ခံမှုကျင့်ဝတ်စောင့်ထိန်းမှုတို့ အားကောင်းစေရန်နှင့် စီမံကိန်းအရည်အသွေး တိုးတက်လာစေရန် ဖွင့်လှစ်သင်ကြားရခြင်းဖြစ်ကြောင်း သင်တန်းဆရာ ဒေါ်စုစုငွေက ပြောကြားသည်။

မြတ်သူရိန်

မီးငြိမ်းသတ်မှူ သရုပ်ပြ

ဆော ဇန်နဝါရီ ၈

ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ် စည်ပင်သာယာဈေးဌာန မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှူ လက်တွေ့သရုပ်ပြခြင်းကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

မီးဘေး ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှူ လက်တွေ့သရုပ်ပြပွဲသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမြင့်နိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒု-မီးသတ် ဦးစီးမှူး ဦးကျော်မင်းသန်းနှင့် တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ ပူးပေါင်း၍ မီးသတ်ဆေးဘူးများ၊ မီးသတ်စက်ယာဉ်များဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

(၄၆၅)

လယ်ယာမြေတွင်လိုအပ်သော အာဟာရဓာတ်နှင့် သုံးစွဲသင့်သည့် မြေဩဇာပမာဏကို စမ်းသပ်အဖြေထုတ်ပေးနိုင်တော့မည်

မကွေး ဇန်နဝါရီ ၈

မိရိုးဖလာအလေ့အထများမှ သိပ္ပံနည်းကျကောင်းမွန်သော စိုက်ပျိုးရေးကျင့်စဉ်များသို့ စတင်ပြောင်းလဲ ကျင့်သုံးနေပြီဖြစ်သော မကွေးတိုင်းဒေသကြီး၌ တောင်သူများ၏ လယ်ယာမြေတွင် လိုအပ်သောအာဟာရဓာတ်နှင့် သုံးစွဲသင့်သည့် မြေဩဇာပမာဏတို့ကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ထားသော မြေဆီလွှာဓာတ်ခွဲခန်းမှ စမ်းသပ်အဖြေထုတ်ပေးနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

"ဓာတ်ခွဲခန်းကို စိုက်ပျိုးမယ့်မြေနမူနာတွေ ပို့ဆောင်ပေးတာနဲ့ ချက်ချင်းစမ်းသပ်ပြီး အဖြေထုတ်ပေးနိုင်တော့မှာပါ။ အရင်ကတော့ ရန်ကုန်မှာရှိတဲ့ ဓာတ်ခွဲခန်းကိုပို့ပြီး စစ်ဆေးရလို့ ရလဒ်ကို အချိန်ပေးစောင့်ဆိုင်းခဲ့ရတာတွေရှိခဲ့ပါတယ်၊ ခုကိုယ့်တိုင်းကိုယ့်ဒေသမှာ စမ်းသပ်နိုင်ပြီဆိုတော့ လယ်ယာမြေမှာ ဘယ်လိုအာဟာရဓာတ်တွေချို့တဲ့နေတယ်၊ ဘယ်လို အာဟာရ ဓာတ်တွေရှိနေတယ်ဆိုတာ အချိန်ပိုင်းအတွင်းမှာ သိရှိနိုင်ပြီး ဘယ်လိုမြေဩဇာကို ဘယ်လောက်သုံးစွဲရမယ်ဆိုတာ တောင်သူတွေသိရှိနိုင်မှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်ဝင်းက ပြောသည်။

မြေဆီလွှာစမ်းသပ်လိုသည့် တောင်သူများအနေဖြင့် လယ်ယာမြေတစ်ကေတွင် အနည်းဆုံးနေရာသုံးခုမှ မြေနမူနာကို စိုက်ပျိုးရေးဝန်ထမ်းများပြဿသည့်အတိုင်း ပို့ပုံသဏ္ဌာန်တူးယူပြီး ပေးပို့ရမည်ဖြစ်ကြောင်း၊ လတ်တလော အခမဲ့စမ်းသပ်ပေးမည်ဖြစ်ပြီး နောက်ပိုင်းတွင် ဓာတ်ခွဲခန်းသုံးပစ္စည်းများ ပြန်လည်ဖြည့်တင်းနိုင်ရန်အတွက် သင့်တင့်လျောက်ပတ်သော နှုန်းထားဖြင့် ဓာတ်ခွဲစမ်းသပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကိုယ်ပိုင်တဲ့ လယ်ယာမြေအခြေအနေကို သိပြီဆိုရင် လိုပြီး မသုံးဖြစ်တာတွေ၊ မလိုဘဲနဲ့ သွင်းအားစုတွေ

အရမ်းကာရော သုံးမိတာတွေ ရှောင်ရှားလာနိုင်မယ်၊ အကုန်အကျသက်သာလာမယ်၊ အနာနဲ့ဆေးတည့်ပြီး တောင်သူအကျိုးစီးပွားကို ဖော်ဆောင်နိုင်မယ်လို့ ယူဆပါတယ်" ဟု မြေဆီလွှာစမ်းသပ်ခြင်း၏ အကျိုးရလဒ်ကို တိုင်းဒေသကြီး ဦးစီးမှူးက ရှင်းပြသည်။

နိုက်ထရိုဂျင်၊ ပိုတက်စီယမ်၊ မဂ္ဂနီစီယမ် ၊ ကယ်လ်စီယမ်၊ ဆာလ်ဖာစသည့်ဓာတ်များ၊ မြေဆီလွှာ၏ အချဉ်၊ အငန်အတိုင်းအဆ၊ ရေ၏ PH နှင့် EC အင်တီဂိတ်တာများ၏ ဓာတ်ခွဲစမ်းသပ်မှုများကို မကွေးတိုင်းဒေသကြီး မြေဆီလွှာဓာတ်ခွဲခန်းမှ စတင်ဆောင်ရွက်ပေးနေပြီဖြစ်သည်။

မြေဆီလွှာဓာတ်ခွဲခန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင်လည်း ထူထောင်ထားပြီး မကွေးတိုင်းဒေသကြီးမှ ဓာတ်ခွဲခန်း၏စံချိန်ကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးများရှိ ဓာတ်ခွဲခန်းများ၏ စံချိန်အတိုင်း တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ဓာတ်ခွဲခန်း အဆောက်အအုံအား တိုင်းဒေသကြီး အဝိုးရအဖွဲ့ ခွင့်ပြုငွေကျပ်သိန်း ၂၅၀၊ ဓာတ်ခွဲခန်းသုံးပစ္စည်းအတွက် ကျပ်သိန်း ၅၀၀ ခန့်ဖြင့် စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလကတည်းက လည်ပတ်ရန် အသင့်ဖြစ်ခဲ့ကာ BAG ဘွဲ့ရ ဝန်ထမ်းများကို သင်တန်းလွှတ်၍ စနစ်တကျတာဝန်ပေးထားကြောင်း သိရသည်။

ဖေယျောတု(မကွေး)

မန္တလေးမြို့တော်စည်ပင်မှ အနှေးယာဉ်လိုင်စင်များ အသစ်လဲလှယ်ပေး

မန္တလေး ဇန်နဝါရီ ၈

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာန အနှေးယာဉ်ဌာနခွဲမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် အနှေးယာဉ်ဆိုက်ကား၊ မြင်းလှည်းများအား လိုင်စင်အသစ်လဲလှယ်မှု လုပ်ငန်းများကို မြို့နယ်အလိုက်သတ်မှတ်နေရာများတွင်One Stop Sreviceဆောင်ရွက်ပေးလျက်ရှိသည်။

အောင်မြေသာစံမြို့နယ်မှ ဆိုက်ကား၊ မြင်းလှည်းများအား ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်အထိ၊ ချမ်းအေးသာစံမြို့နယ်မှ ဆိုက်ကား၊ မြင်းလှည်းများအား ဇန်နဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ၊ မဟာအောင်မြေမြို့နယ်မှ ဆိုက်ကား၊ မြင်းလှည်းများအား ဇန်နဝါရီ ၂၂ ရက်မှ ၂၆ရက်အထိ၊ ချမ်းမြသာစည်မြို့နယ်မှ ဆိုက်ကား၊ မြင်းလှည်းများအား ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ၃၅ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ အနှေးယာဉ်ဌာနခွဲရုံးတွင် လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်မှ ဆိုက်ကား၊ မြင်းလှည်းများအား ဖေဖော်ဝါရီ ၅ ရက်မှ ၉ ရက်အထိ ပြည်ကြီးတံခွန်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတွင် လည်းကောင်း၊ အမရပူရမြို့နယ်မှ ဆိုက်ကား၊ မြင်းလှည်းများအား ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၆ ရက်အထိ မန္တလေး-စစ်ကိုင်းလမ်းရှိ အမရပူရမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးတွင် လည်းကောင်း ပြုလုပ်ပေးမည်ဖြစ်သည်။ မြို့နယ် ခြောက်မြို့နယ်မှ ကျန်ရှိသော အနှေးယာဉ်များအား ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ မဟာအောင်မြေမြို့နယ် ၃၅ လမ်း ၇၁ လမ်းထောင့်ရှိ အနှေးယာဉ်ဌာနခွဲတွင် ဆောင်ရွက်ပေးမည်ဖြစ်သည်။

လိုင်စင်လဲလှယ်ရာတွင်အဌား၊ ကိုယ်ပိုင်ဆိုက်ကားတစ်စီးကျပ် ၁၅၀၀၊ အငှား၊ ကိုယ်ပိုင်မြင်းလှည်းတစ်စီးကျပ် ၁၇၅၀၊ သတ်မှတ်ရက် လိုင်စင်မဝင်နောက်ကျဒဏ်ကြေးကျပ် ၁၀၀၀၊ ယာဉ်ပိုင်ရှင်အမည်ပြောင်းကျပ် ၁၅၀၀၊ နံပါတ်ပြား နှစ်ချပ်ကျပ် ၃၀၀၊ လူလိုင်စင်ကျပ် ၂၅၀၊ ယာဉ်ကြွခိုင်မှုမရှိဒဏ်ကြေးကျပ် ၂၅၀ သတ်မှတ်ထားပြီး ယာဉ်ပိုင်ရှင် ဓာတ်ပုံ နှစ်ပုံ၊ နင်းသား ဓာတ်ပုံနှစ်ပုံ၊ သွေးစစ်လက်မှတ်နှင့်အတူ ယာဉ်ပိုင်ရှင်ကိုယ်တိုင် သက်တမ်းတိုးကြရန် အသိပေးထားပြီး အနှေးယာဉ်ဌာနခွဲမှလည်း One Stop Service ဆောင်ရွက်ပေးနေကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ရောဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံရာမြစ်ဝတွင် သောင်ထွန်း

ညောင်တုန်း ဇန်နဝါရီ ၉

ညောင်တုန်းမြို့၏ မြစ်ကမ်းရေကာတာမှာ နှစ်စဉ် နှစ်တိုင်း နိမ့်ဆင်းပြိုကျလျက်ရှိနေခြင်းကြောင့် ရေဘေးအန္တရာယ် စိုးရိမ်ဖွယ်ရာအခြေအနေများ နှစ်စဉ်ပေါ် ပေါက်လျက်ရှိသဖြင့် နိုင်ငံတော်မှ နှစ်စဉ် ငွေကြေးမြောက်မြားစွာ အကုန်အကျခံကာ ရေကာတာ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလဆန်းပိုင်းမှစ၍ ရောဝတီမြစ်နှင့် ပန်းလှိုင်မြစ်ပေါင်းဆုံရာ မြစ်ဝနှင့် ပန်းလှိုင်မြစ်လယ် (၇ လမ်းထိပ်မှ ၁၀ လမ်းထိပ်အထိ) သောင်များပေါ်လာသည်။

"ကျွန်တော့် တစ်သက်နဲ့တစ်ကိုယ် ညောင်တုန်းမြို့ ပန်းလှိုင်မြစ်လယ်မှာ သောင်တွေပေါ်ထွန်းခဲ့ဖူးခြင်းမရှိပါဘူး၊ အခု ရောဝတီမြစ်နဲ့ ပန်းလှိုင်မြစ်ဆုံရာ မြစ်ဝနဲ့ ညောင်တုန်းမြို့ ပန်းလှိုင်မြစ်လယ်မှာ သောင်ထွန်းနေတာကြောင့် ရန်ကင်းစံရာဘက်ကမ်းနဲ့ မြစ်ဆုံမြစ်ဝမှ သင်္ဘောတွေမဝင်နိုင်တော့ဘဲ ညောင်တုန်းမြို့ (၄) ရပ်ကွက် တိုးချဲ့ (၄) မြစ်ကမ်းဘက်မှကွေ့ပြီး ညောင်တုန်းမြို့ ပန်းလှိုင်မြစ်ထဲဝင်ကြရတယ်၊ ညောင်တုန်းမြစ်ကမ်း ရေကာတာဘေးကနေ သင်္ဘောတွေ ခုတ်မောင်းသွားလာနေကြတာ နေ့စဉ်နဲ့အမျှ နေ့ရောညပါ ဖြစ်ပါတယ်။

ဒီလို ညောင်တုန်းမြို့ မြစ်ကမ်းရေကာတာဘေးကနေ နေ့စဉ် ခုတ်မောင်းမယ်ဆိုရင် ညောင်တုန်းမြို့ မြစ်ကမ်းရေကာတာဟာ သင်္ဘောကြီးတွေရဲ့ စက်အရှိန်ကြောင့် တုန်ခါမှုများဖြစ်ပေါ်ကာ ခံနိုင်ရည်မရှိဘဲ နိမ့်ဆင်းပြိုကျနိုင်ပါတယ်။

မြစ်ကမ်းပါး ရေကာတာတွေအောက်မှာ ရေနက်အိုး (ကလိုင်) တွေရှိလို့ သင်္ဘောကြီးတွေရဲ့ ပန်ကာကြောင့် ရေနက်အိုးများ ပိုကြီးလာနိုင်ပါတယ်၊ ညောင်တုန်းမြို့သူ မြို့သားတွေ ရေဘေးအန္တရာယ်က ကင်းဝေးစေဖို့ မိုးဦးမကျမီ ကာကွယ်မှုတွေ ခိုင်ခိုင်မာမာပြုလုပ်ပေးစေချင်ပါတယ်"ဟု ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မြို့နယ် (ပြန်/ဆက်)

လူငယ်နှင့် နိုင်ငံရေးခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်အတွင်းရှိ လူငယ်များ အသိအမြင်ဗဟုသုတ တိုးတက်စေရေးနှင့် ဒီမိုကရေစီအင်္ဂါရုပ်များနှင့်အညီ အစိုးရနှင့် ပြည်သူကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများအား ဖော်ဆောင်ပေးနိုင်ရေး၊ လူငယ်များ နိုင်ငံရေးအသိ၊ နိုင်ငံရေးသတိရှိပြီး တိုင်းပြည်နှင့်ပြည်သူများအပေါ် အလုပ်အကျွေးပြုတတ်စေရန် ရည်ရွယ်လျက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်သူ့စကားဝိုင်း (Public Talk)ကို 'လူငယ်နှင့် နိုင်ငံရေး' ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၂ နာရီက လှိုင်သာယာမြို့နယ် ကနောင်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် မြို့နယ် လူငယ်များဖြစ်ကြသော ဦးကျော်ဇေယျ(အလွတ်တန်းရှေ့နေ)၊ ဦးသန်းဇော်မြင့် (လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့)၊ ရွှေယမင်းဦး (IRကျောင်းသူ)၊ ဦးမင်းစိန် (ပရဟိတကျောင်းဆရာ)၊ မြသန္တာကျော် (သခ်ၤာကျောင်းသူ)တို့က ဦးဆောင်ဆွေးနွေးကြသည်။

ထို့နောက်တက်ရောက်လာကြသူများက မေးခွန်းများမေးမြန်းခြင်းနှင့် ပြန်လည်ဆွေးနွေးဖြေကြားခြင်းအစီအစဉ်ကို ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ ပြည်သူများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

မြို့နယ် (ပြန်/ဆက်)

၂၀၁၇-၂၀၁၈ ပညာသစ်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အမှတ် (၂၅) ရပ်ကွက်အ-မ-က (၂) တွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးနိုင်နှင့် ဆရာမများ၊ကျောင်းသား၊ကျောင်းသူများတက်ရောက်ခဲ့ကြောင်းသိရသည်။

ခင်မောင်ဝင်း (ကြေးမုံ)

လှိုင်မြို့နယ်အမှတ် ၅ ရပ်ကွက် ရတနာမွန်လမ်းနှင့် အေးရိပ်မွန်လမ်းတို့ရှိ ပိတ်ဆို့ရေနုတ်မြောင်းများ ရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်ဖြစ်သော လှိုင်မြို့နယ် အမှတ် (၅) ရပ်ကွက်ရှိ ရတနာမွန်လမ်းနှင့် အေးရိပ်မွန်လမ်းတို့တွင် ရေနုတ်မြောင်းများ ပိတ်ဆို့မှုရှိနေသဖြင့် ဇန်နဝါရီ ၆ ရက်က မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း၏ ကြီးကြပ်မှုဖြင့် ရတနာမွန် ၃ လမ်းနှင့် အေးရိပ်မွန် ၅ လမ်းတို့တွင် သန့်ရှင်းရေးဌာနမှ မြောင်းရှင်းလုပ်သားများက ပိတ်ဆို့အမှိုက်၊ နုန်း၊ သဲများ ဆယ်ယူရှင်းလင်းဆောင်ရွက်နေမှုကို မြင်တွေ့ရသည်။

"အခြေခံပညာ အထက်တန်းကျောင်းဝန်းကျင်မှာ ရေစီးရေလာကောင်းဖို့ သက်ဆိုင်ရာကျောင်းအုပ်ကြီးတွေနဲ့ ပူးပေါင်း ဆောင်ရွက်ပေးထားသလို စွေးဝန်းကျင် ရေစီးရေလာကောင်းဖို့အတွက်လည်း စွေးများဌာနက စွေးတာဝန်ခံနဲ့ ပူးပေါင်းဆောင်ရွက်ထားပါတယ်၊ အလားတူ ရပ်ကွက်အတွင်းပိုင်း ရေနုတ်မြောင်းတွေ ပိတ်ဆို့မှုမရှိအောင် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးက ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းခွင်ကို ရှင်းပြပြောဆိုသည်။

လှိုင်မြို့နယ်သည် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းပါဝင်ပြီး ၅ ဒသမ ၂၉ စတုရန်းမိုင် ကျယ်ဝန်းကြောင်း မြို့နယ်အခြေပြုမြေပုံတွင် ဖော်ပြထားသည်။ အလားတူ ရပ်ကွက်ကြီး ၁၆ ရပ်ကွက်ဖြင့် စုဖွဲ့ ထားသော မြို့နယ်ဖြစ်သည်။

မောင်သုည

သမဝါယမအသင်းစု ချေးငွေထုတ်ချေး

ဒေးဒရဲ ဇန်နဝါရီ ၉

ရောဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် သမဝါယမအသင်းစု၏ နဝမအကြိမ် Exim Banks ချေးငွေထုတ်ချေးမှု အခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက အဆိုပါအသင်းစုရုံးခန်းမ၌ ပြုလုပ်ရာ ဒေးဒရဲမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်၊ သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းစုမှ တာဝန်ရှိသူများ၊ အခြေခံသမအသင်းစုများမှ ဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျင်သိန်းနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌတို့က ချေးငွေစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီ အကျေပေးသွင်းနိုင်ရေး၊ စာရင်းဇယားများ စနစ်တကျထားရှိထိန်းသိမ်းသွားရေး၊ သမဝါယမအသင်းနှင့် လုပ်ငန်းစဉ်များ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး၊ ဆောင်ရွက်ဆဲနှင့် ရှေ့လုပ်ငန်းစဉ်အခြေအနေများ ရှင်းလင်းဆွေးနွေးပြီး အခြေခံအသင်း ၂၈၈ သင်းသို့ Exim Banks နဝမအကြိမ် ချေးငွေကျပ်သန်း ၂၀၈၉ ဒသမ ၇၉၂ သန်း ထုတ်ချေးပေးခဲ့သည်။

ထို့နောက်လွှတ်တော်ကိုယ်စားလှယ်က သမဝါယမဦးစီးဌာနနှင့် အသင်းစုတို့၏ လက်ရှိဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ သိလိုသည်များ မေးမြန်း၍ လိုအပ်သည်များ သုံးသပ်အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

သဖြေထွန်း

သာကေတမြို့နယ်တွင် မူးယစ်ဆေးဝါးအန္တရာယ်နှင့် သက်ငယ်မှုဒိမ်းမှုပပျောက်ရေး ဟောပြော

သာကေတ ဇန်နဝါရီ ၉

သာကေတမြို့နယ် ၁၀/တောင် ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၆ ရက် ည ၇ နာရီက သာကေတရဲတပ်ဖွဲ့မှူး ယာယီရဲမှူး အောင်နိုင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် သက်ငယ်မှုဒိမ်းမှု ပပျောက်ရေးပညာပေးဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါ ဆွေးနွေးပွဲသို့ သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက်နေ ပြည်သူ ၆၀ ခန့် တက်ရောက်ခဲ့ကြသည်။

(ကြေးမုံ)

ပဲခူး ITC ၌ ဆည်ရေစီမံခန့်ခွဲမှု သင်တန်းဖွင့်

ပဲခူး ဇန်နဝါရီ ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆည်ရေ စီမံခန့်ခွဲမှု သင်တန်း အမှတ် (၃) ကို ပဲခူးမြို့ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ (ITC) ၌ ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီက ဖွင့်လှစ်သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းထွဋ်နှင့် JICA မှ Mr.Hiromichi KIDATA, Irrigation Policy Advisor တို့က သင်တန်းဖွင့် အမှာစကားပြောကြားခဲ့သည်။

အဆိုပါ သင်တန်းတွင် စိုက်ပျိုးရေ စနစ်တကျ စီမံခန့်ခွဲမှုနည်းစနစ်များ၊ ရေသုံးစွဲသူအဖွဲ့ (Water User Group)များ ဖွဲ့စည်းရာတွင် လိုအပ်သည့် ဖွဲ့စည်းပုံနည်းစနစ်များ၊ ဌာနနှင့် ရေအသုံးပြုသူ တောင်သူလယ်သမားများ ပူးပေါင်းကာ ဆည်ရေကို အကျိုးရှိစွာ စီမံခန့်ခွဲနိုင်မည့်နည်းစနစ်များ၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဆည်ရေစီမံခန့်ခွဲမှု အပေါ် အကျိုးသက်ရောက်မှုများကို ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ပြီး ဂျပန်နိုင်ငံ JICA မှ Irrigation Policy Advisor နှင့် Senior Volunteer တို့မှ ဆည်ရေ အသုံးပြုသူအဖွဲ့များ ဖွဲ့စည်းခြင်း၊ Participatory Irrigation Management (PIM) နည်းပညာများ၊ ဂျပန်နိုင်ငံ၏ လယ်သမားများပါဝင် ဆောင်ရွက်မည့် ဆည်ရေစီမံခန့်ခွဲမှု နည်းစနစ်များ ပါဝင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သင်တန်းသား ၅၀ တက်ရောက်သင်ကြားပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်ထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

သူရိန်ထွန်း (ပဲခူး)

တောင်ကိုရီးယားနိုင်ငံ e-Government စနစ်အကြောင်းတစေ့တစောင်း

သန်းပြိုးနိုင်(ကညင်ကျိုး)

အစိုးရအုပ်ချုပ်ရေးဌာနဆိုင်ရာများမှ အကောင်အထည်ဖော်နေမှုများ

ယနေ့လက်ရှိ မြန်မာနိုင်ငံအစိုးရဌာနဆိုင်ရာများအားလုံးတွင် မဖြစ်မနေအကောင်အထည်ဖော်နေသည့် လုပ်ငန်းတစ်ရပ်မှာ e.Governmentစနစ် အောင်မြင်အောင် အကောင်အထည်ဖော်နေသည့် လုပ်ငန်းပင်ဖြစ်သည်။ ထိုလုပ်ငန်းကိုသတ်မှတ်ချိန်အတွင်းအကောင်အထည်ဖော်ဆောင်ကာ ထိထိရောက်ရောက်အသုံးပြုနိုင်ရေးသည်လည်းအစိုးရ၏မူဝါဒတစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့်ပင် ဝန်ကြီးဌာနဆိုင်ရာများအလိုက် သူဌာနနှင့် ဆိုင်သည့်အချက်အလက်များကို စုဆောင်းကြရသည်။ ပြည်သူအများသိသင့်လေ့လာသင့်သည့်အချက်အလက်များကို အလွယ်တကူမြင်သာ ထင်သာရှိအောင် ဌာန ကိုယ်စီဖွင့်လှစ်ထားကြသည့် အင်တာနက်ဝက်ဘ်ဆိုက်များ၊ လူမှုကွန်ရက်စာမျက်နှာ facebook Pageများတွင် ဖော်ပြပေးလာကြသည်။နိုင်ငံတော်က နှစ်စဉ်ဘဏ္ဍာငွေအမြောက်အများ အကုန်အကျခံကာ Mini Data Center များ တည်ဆောက်နေကြပြီဖြစ်သည်။ ပြောင်းလဲတိုးတက်လာသည့်နိုင်ငံရေးစနစ်နှင့် အညီနိုင်ငံတကာနှင့် ကူးလူးဆက်ဆံလာမှုများကြောင့်အခြားငွေကြေးတတ်နိုင်သည့်နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများကလည်း ICT ကဏ္ဍာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများအလိုက် အကူအညီပေးရေးလုပ်ငန်းများ လုပ်ဆောင်နေကြချိန်လည်းဖြစ်သည်။

လုပ်ငန်းကျွမ်းကျင်မှုရှိရန် လိုအပ်လာ

အခြားတစ်ဖက်တွင်လည်း ထိုကိစ္စများကိုအဓိကလုပ်ဆောင်ကြမည့်နိုင်ငံ့ဝန်ထမ်းများအတွက်လည်းလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာသင်တန်းများကို ပြည်တွင်းပြည်ပ၌ စေလွှတ်သင်ကြားခြင်းများလည်း ပြုနေကြသည်ကို အားလုံးသိရှိကြပြီး ဖြစ်ကြပေမည်။ ဆိုလိုသည်မှာ နိုင်ငံတော်အစိုးရအနေဖြင့် e-Government စနစ်ကို အကောင်အထည်ပေါ်ရန်အတွက်လိုအပ်သည့်အခြေခံအဆောက်အအုံ (Infrastructure)များကို ပြုလုပ်ခဲ့ကြပြီးဖြစ်သည်ဟု ပြော၍ရနိုင်သည့် အခြေအနေတစ်ရပ်ကို ရောက်ရှိနေခဲ့ပြီဟုဆိုလျှင်လည်း မမှားပေ။

လိုနေသေးသည်မှာ ဌာနဆိုင်ရာများအချင်းချင်းData Centerများ အပြန်ပြန်အလှန်လှန် ချိတ်ဆက်၍ သတင်းဖလှယ်ခြင်း၊ စာပေးစာယူပြုလုပ်ခြင်း၊ ပြည်သူများမှလည်း ထိုဌာနများမှတင်ထားသည့် သတင်းများ၊ အချက်အလက်များအပေါ် ဝင်ရောက်ကြည့်ရှုလေ့လာရယူကာ သုံးစွဲကြခြင်းများနှင့် ထိုICTဆိုင်ရာစက်ပစ္စည်းကိရိယာများအပေါ် ကိုင်တွယ်သုံးစွဲကြမည့်ဝန်ထမ်းများ၏ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု အရည်အချင်းပင်ဖြစ်သည်။

ဥပဒေပြုရေးနှင့်တရားရေးကဏ္ဍများအတွက် ဆောင်ရွက်ချက်

တစ်ဖန်ဥပဒေပြုလွှတ်တော်များတွင်လည်း ရေရှည်တွင် ငွေကြေးအကုန်အကျသက်သာပြီး လွယ်ကူလျင်မြန်မည့် E-Parliament System သို့ တက်လှမ်းကာ Paperless စနစ်ဖြစ်စေရေးနှင့် တရားစီရင်ရေးကဏ္ဍတွင်လည်း ပြည်သူ့ရှေ့မှောက်တွင်ပင် ပွင့်လင်းမြင်သာသည့် E-Judicial System ဖြင့် တရားခွင်ကို Liveshow ထုတ်လွှင့်နိုင်သည့် တရားစီရင်ရေးစနစ်ဖြစ်စေရေးသို့ အထိ အဆင့်ဆင့်တက်လှမ်းကာ ဆောင်ရွက်နေကြရချိန်လည်းဖြစ်သည်။

နမူနာယူဆောင်ရွက်သင့်

ယနေ့လက်ရှိကာလတွင် အုပ်ချုပ်ရေးဌာနဆိုင်ရာအသီးသီး၊ ဥပဒေပြုရေးလွှတ်တော်များနှင့်တရားစီရင်ရေးဌာနအသီးသီးတို့တွင် သက်ဆိုင်ရာ ရုံးဌာနများအလိုက် အကောင်အထည်ဖော်နေမှုများအတွက် ခေတ်မီ ICT စက်ပစ္စည်းကိရိယာများနှင့်Software Program ရေးဆွဲခြင်းနည်းစနစ်များမှတစ်ဆင့် အဆင့်ဆင့် တက်လှမ်းကြရမည့် အခြေအနေများနှင့် ပတ်သက်ပြီး နမူနာယူကြရမည်ဆိုလျှင် တောင်ကိုရီးယားနိုင်ငံ၏ e-Government စနစ်ကိုသာ အနီးစပ်ဆုံးအနေဖြင့် အတုယူလေ့လာကာ ထိုအတိုင်းလုပ်ဆောင်ကြရမည်ဖြစ်သည်ဟုအကြံပြုလိုပါသည်။ သို့အတွက် ထိုနိုင်ငံ၏ ဌာနဆိုင်ရာအချို့၊ လွှတ်တော်နှင့်တရားရေးဌာနတို့တွင် လက်ရှိလုပ်ဆောင်နေကြသည့် e-Government ဆိုင်ရာအကြောင်း အကျဉ်းမျှတင်ပြလိုပါသည်။

တောင်ကိုရီးယားနိုင်ငံ၏ ဆက်သွယ်ရေးတိုးတက်လာမှုသမိုင်းအကျဉ်း

၎င်းတို့နိုင်ငံတွင်လက်ရှိ ဆက်သွယ်ရေးကြိုတ်တု ငါးလုံးရှိနေပြီး အင်တာနက် မြန်နှုန်းစနစ်မှာ ကမ္ဘာတွင် ဒုတိယအဆင့်ရှိသည်။၁၈၈၅ခုနှစ်မှ စတင်သုံးစွဲခဲ့ပြီး ၁၈၉၆ တွင် ကိုယ်ပိုင်ဆက်သွယ်ရေးဖုန်းများကို စတင်တီထွင်ခဲ့ခြင်း၊ ၁၉၁၁ ခုနှစ်တွင် ပထမဦးဆုံး ဝါယာလက်ရေဒီယိုစနစ်ကို တီထွင်အသုံးပြုခြင်း၊ ၁၉၃၅ ခုနှစ်တွင် အိတ်ချိန်းစနစ်သို့ ပြောင်းလဲခြင်း၊ ၁၉၄၈ တွင် ဝန်ကြီးဌာနဖွင့်လှစ်ခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် “Chaesin No.1” ဖုန်းကို စတင်ထုတ်လုပ်နိုင်ခဲ့ခြင်း၊ ၁၉၇၀ ပြည့်နှစ်တွင် ဂြိုဟ်တုစနစ်သို့ စတင် ပြောင်းလဲခဲ့ခြင်း၊ ၁၉၈၆ ခုနှစ်တွင် ဒစ်ဂျစ်တယ်စနစ်ကို ပြောင်းလဲခဲ့ပြီး ၁၉၉၆ တွင် CDMA ဖုန်းများ စတင်ထုတ်လုပ်သုံးစွဲနိုင်ခဲ့ခြင်း၊ ၂၀၀၀ ခုနှစ်တွင် အင်တာနက် မြန်နှုန်းမြှင့် စနစ်စတင်ခဲ့ကာ ၂၀၁၁ ခုနှစ်တွင် 4G (4th Generation Mobile Coporation) စနစ်အဆင့်မြှင့်တင်ခဲ့ခြင်းများအထိ တိုးတက်ခဲ့ကြောင်း၊ ၂၀၁၄၊ ၂၀၁၅ ခုနှစ်တွင် ပိုမိုတိုးတက်ခဲ့ပြီး ဆက်သွယ်ရေးစက်မှုသက်တမ်းကာလသည် နှစ်ပေါင်း ၁၃၀ တိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ထိုအချက်သည်ပင်လျှင် ၎င်းတို့နိုင်ငံတိုးတက်စေခဲ့သည့် အဓိကအချက် ဖြစ်ကြောင်း သုံးသပ်ရသည်။ ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင်ကိုယ်ပိုင်ဂြိုဟ်တုလွှတ်တင်ခြင်း၊ ဖုန်းများတီထွင်ခြင်း၊ ရုပ်သံစက်များ ကိုယ်ပိုင်တီထွင်ခြင်းများသည် ဂျပန်နိုင်ငံထံမှ နည်းပညာများကို အတုယူပြီး ကြိုးစားဆောင်ရွက်ခဲ့ကြကြောင်းကိုလည်း လေ့လာခဲ့ရသည်။

အမျိုးသားအချက်အလက်ဆိုင်ရာဗဟိုဌာန

အဆိုပါဌာနသည် Ministry of Government Administration and Home Affairs လက်အောက်ခံဌာနဖြစ်ပြီး အစိုးရဌာနဆိုင်ရာများအလိုက် သီးခြားစီထိန်းသိမ်းထားရှိသောအချက်အလက်များကို တစ်နေရာတည်းတွင် စုစည်းပြီး(Main Data Base)အဖြစ်အစိုးရအနေဖြင့်အချက်အလက်များ ထိန်းသိမ်းခြင်းစနစ်ပြုလုပ်ရန် တည်ထောင်ထားသောဌာန ဖြစ်သည်။ အဆိုပါဌာနသည် ကိုရီးယားနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော် ဆယ်ကျိုးတွင်ရှိပြီး ဆိုးလ်မြို့မှ ကီလိုမီတာ ၁၃၀ ခန့်ဝေးသည်။ လုံခြုံရေးစနစ်တင်းကျပ်ကာ underground တွင် ထားရှိပါသည်။ တစ်နိုင်ငံလုံး၏ အရေးကြီးသည့် အချက်အလက်များကို တစ်နေရာတည်းတွင် ထားရှိပြီး ထိန်းသိမ်းထားသည့် နေရာဖြစ်ပါသည်။ ကိုရီးယားနိုင်ငံတွင် ထိုသို့သော ဌာနပေါင်း ခြောက်ခုခန့်ရှိပြီး နိုင်ငံ၏ အခြားလုံခြုံသည့်နေရာများတွင် ထားရှိကြောင်းကိုလည်း လေ့လာခဲ့ရသည်။

> e-Government System ကို အသုံးပြုခြင်းဖြင့် စာရွက်စာတမ်းများ၊ စာရေးကိရိယာများ၊ Printer များ၊ Copier များ၊ စာလှည့်စက်များ၊ ဖိုင်ဖောက်စက်များ၊ ချုပ်စက်များ ဝယ်ယူရသည့် ကုန်ကျစရိတ်များ၊ ပြုလုပ်ရသည့် လုပ်အားများ၊ ကုန်ဆုံးသွားမည့်အချိန်များကို လျော့ပါးသက်သာ . . .

ဥပဒေပြုလွှတ်တော်

လွှတ်တော်အတွင်းE-Voting Systemဖြင့် မဲခွဲပြီး လွှတ်တော်ကိုယ်စားလှယ်များအတွက် အစည်းအဝေးခန်းမအတွင်း၌ E.Systemဖြင့်သာ ကျင့်သုံးကြရသည်။ အစည်းအဝေးနေ့စဉ်အစီအစဉ်များ၊ အစီရင်ခံစာများကို လွှတ်တော်ကိုယ်စားလှယ်ထိုင်ခုံများပေါ်ရှိ Mutiple Use computer အတွင်းသို့ ပေးပို့ထားပြီး ထိုစက်ပေါ်လေးများမှာစွဲယ်စုံသုံး၍ ရသည်။ ထိုစက်တစ်ခုတည်းတွင်ပင် အချက်အလက်များကြည့်ခြင်း၊ မဲပေးခြင်း၊ ပြင်ပရှိသူများအားမက်ဆေ့ပို့ခြင်း၊ မေးလ်ပို့ခြင်းနှင့်စာစီစာရိုက်လုပ်နိုင်ခြင်းများအထိ အားလုံးထည့်သွင်းထားပေးသည်။ စာရွက်စာတမ်းများ မသုံးတော့ဘဲ E- Parliament System ဖြင့်သာ Paperless စနစ်ဖြင့်လည်ပတ်နေသည်ကို လေ့လာခဲ့ရသည်။

တရားရေးဝန်ကြီးဌာန (Ministry of Justice)

အဆိုပါ ဝန်ကြီးဌာနတွင် ဌာနကြီးခုနစ်ဌာန ရှိသည်။ ထူးခြားချက်မှာ လူဝင်မှုကြီးကြပ်ရေးဌာနကြီးနှင့် Cyber Crime ဌာနကြီးတို့ ပါဝင်ဖွဲ့စည်းထားပြီး ဌာနများအားလုံးရှိ တရားစီရင်ရေး ကိစ္စအတော်များများကို e-government စနစ်ဖြင့်သာ ဆောင်ရွက်ကြကြောင်း လေ့လာခဲ့ရသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် Cyber Crime ကိစ္စများအပေါ် ပြင်ပITကုမ္ပဏီများနှင့် ချိတ်ဆက်ထားပြီး စောင့်ကြည့်သည့် ဝန်ထမ်း ၂၀၀၀ ကျော်ရှိကြောင်းတွေ့ရှိရသည်။ ကျန်ဌာနအားလုံးနှင့် ချိတ်ဆက်မှုအားလုံးကို E-System ဖြင့်သာ ဆောင်ရွက်နေကြပြီး သတင်းအချက်အလက် ကြိုတင်ရယူမှုစနစ်အားကောင်းကြောင်း တွေ့ရှိရသည်။ တရားစီရင်ရေးကိစ္စများတွင်လည်း E Justicial System ဖြင့်သာ ဆောင်ရွက်လျက်ရှိကြသည့်အတွက် ငွေကြေးအချို့သက်သာပြီး အကျင့်ပျက်ခြစားမှုကင်းခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တရားမျှတခြင်းများရှိကြောင်း သိရှိရသည်။

ဥပဒေဆိုင်ရာသတင်းအချက်အလက်များကို ရယူလျက် ICT နည်းပညာဖြင့်တရားစီရင်ကြခြင်း

၎င်းတို့နိုင်ငံ၏ တရားစီရင်ရေးအပိုင်းတွင် တရားစီရင်ရေးစနစ်များ ရှင်းလင်းလွယ်ကူစေရန် E-Court System ကို ၂၀၁၁ ခုနှစ်မှစ၍ ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးခဲ့ပါသည်။ E-Court Center ၁၄ ခု ထူထောင်ထားပြီး အချင်းချင်းချိတ်ဆက်ကာ Paper less system ဆောင်ရွက်ခဲ့ပါသည်။ ထိုတရားရုံးတိုင်းတွင် မြေပိုင်ဆိုင်မှု စာရင်းများ၊ အဆောက်အအုံပိုင်ဆိုင်မှုစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ လူဦးရေစာရင်းများ၊ အခြားစီးပွားရေးအလုပ်ရုံမှ ထိုအချက်အလက်များကို ပြည်သူများ လွယ်လင့်တကူ ဝင်ရောက်ကြည့်ရှုပြီး အရောင်းအဝယ်ပြုလုပ်ရန် ကြော်ငြာ၍ရကြောင်း၊ ၂၀၁၃ ခုနှစ်မှ စတင်ပြီး mobile စနစ်ကို စတင်ခဲ့ကြောင်း mobile Phone များ၊ Table များမှတစ်ဆင့် တရားစီရင်မှုပြုလုပ်နေသည့် သတင်းများကို ပြည်သူများမှ တိုက်ရိုက်ဝင်ရောက်ကြည့်ရှု၍ ရကြောင်း၊ တရားရုံးများအနေဖြင့်လည်း တရားစီရင်မှုပြုတိုင်း Live Show မှတ်တမ်းတင်ပြီး website ကိုလည်း ဘာသာစကား ၁၇ မျိုးဖြင့် လွှင့်တင်ထားကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။ ပြည်သူတစ်ဦးမှ အကြောင်းအရာတစ်ခုကို တရားစွဲဆိုသည့် အဆင့်မှစ၍ နောက်ဆုံးတရားရုံးမှ စီရင်ချက်ချပြီးချိန်ထိ အမှုစစ်ရာတွင် Online System, Video Conferencing System ဖြင့်သာ ဆောင်ရွက်နေကြပြီး အဆိုပါစနစ်ကို ပြည်သူ ၆၀ ရာခိုင်နှုန်းမှ ပါဝင်အသုံးပြုလျက်ရှိနေကာ ယခုနှစ်တွင် ၈ ရာခိုင်နှုန်းအထိ တိုးတက်လာလျက်ရှိကြောင်း သိရသည်။ ထို့အပြင် ထိုစနစ်များကို အနာဂတ်ကလေးငယ်များနှင့် ထိတွေ့မှုရရှိစေပြီး နိုင်ငံရေးအမြင်များပြောင်းလဲစေရန်တရားရုံး E-Court System တရားရုံးပုံစံငယ်ခင်းကျင်းထားခြင်း၊ တရားသူကြီးများ ဝတ်စုံကို ကလေးသူငယ်များ တပ်ဆင်စေပြီး သရုပ်ပြလေ့ကျင့်စေခြင်းများ ဆောင်ရွက်ထားရှိခြင်းကိုလည်း လေ့လာခဲ့ရပါသည်။

> ပြည်သူ တစ်ဦးမှ အကြောင်းအရာတစ်ခုကို တရားစွဲဆိုသည့် အဆင့်မှစ၍ နောက်ဆုံးတရားရုံးမှ စီရင်ချက်ချပြီး ချိန်ထိ အမှုစစ်ရာတွင် Online System, Video Conferencing System ဖြင့်သာ ဆောင်ရွက်နေကြပြီး အဆိုပါစနစ်ကို ပြည်သူ ၆၀ ရာခိုင်နှုန်းမှ ပါဝင်အသုံးပြုလျက်ရှိ . . .

အနှစ်ချုပ်သုံးသပ်တင်ပြချက်

သို့အတွက်နိဂုံးချုပ်အားဖြင့်တင်ပြလိုရင်းမှာထိုသို့ e-Government System ကို အသုံးပြုခြင်းဖြင့် စာရွက်စာတမ်းများ၊ စာရေးကိရိယာများ၊ Printer များ၊ Copier များ၊ စာလှည့်စက်များ၊ ဖိုင်ဖောက်စက်များ၊ ချုပ်စက်များ ဝယ်ယူရသည့် ကုန်ကျစရိတ်များ၊ ပြုလုပ်ရသည့် လုပ်အားများ၊ ကုန်ဆုံးသွားမည့်အချိန်များကို လျော့ပါးသက်သာစေပြီး အစိုးရဌာနဆိုင်ရာများ အတွင်းတွင်လည်း အဂတိတရားလိုက်စားမှုများကို ပယျောက်စေကာ ပွင့်လင်းမြင်သာသည့် အုပ်ချုပ်ရေးစနစ်ကိုလည်း ပြည်သူများ ထိတွေ့ခံစားကြရမည် ဖြစ်ပါသည်။ သို့မှသာ ပြည်သူ့ရေးရာဝန်ဆောင်မှုများပိုမိုကောင်းမွန်လာခြင်း၊ ပြည်သူနှင့် အစိုးရအကြား တရားဥပဒေစိုးမိုးရေးစနစ်ပိုမိုထိရောက်ကောင်းမွန်လာပြီး နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းများသည်လည်း ခိုင်မာသည့် သတင်းအချက်အလက်များ ပေါ်မူတည်၍ အချိန်တိုအတွင်း တိုးတက်ပြောင်းလဲမှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ပါသဖြင့် e-Government စနစ်အမြန်အကောင်အထည်ဖော်ကာ မြေပြင်တွင် အမှန်တကယ် ထိထိရောက်ရောက် သုံးစွဲနိုင်ရေး စိတ်ကောင်းစေတနာဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

နိုင်ငံလိုင်စင်ကို အလျင်အမြန်ဖြည့်တင်းပေးနိုင်မည့် မီးခိုးတိတ်လုပ်ငန်း

ခင်မောင်ဌေး(ပညာရေး)

မြန်မာနိုင်ငံသည် အာဆီယံဒေသတွင်း နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အကျယ်အဝန်းအားဖြင့် ၂၆၁၂၈ စတုရန်းမိုင်ကျယ်သည်။ လူဦးရေ သန်း၀ါးဆယ်ကျော် နေထိုင်သည်။ သဘာဝတောတောင်ရေမြေ အလှရှုခင်းများ၊ ဆိပ်ကမ်းများ၊ ကမ်းခြေများ၊ ကျွန်းများဖြင့် ဝန်းရံလျက်ရှိ၏။ အိမ်နီးချင်းနိုင်ငံများကဲ့သို့ပင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပေါပြည့်လှသည့်အပြင် ဘုရားပုထိုးဂူကျောင်းများ၊ ရှေးဟောင်းနယ်မြေများရှိသော သာယာလှပသည့် နိုင်ငံတစ် နိုင်ငံဖြစ်သည်။ ဤမျှ သာတောင့်သာယာရှိလှသည့် နိုင်ငံသည် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်သောအခါ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှာ အံ့အားသင့်လောက်အောင်ပင် နိုင်ငံ၀င်ငွေအရေးကြီးနေသည်ကို တွေ့ရ၏။

နိုင်ငံတော်က ဆောင်ရွက်နေသော အပိုင်းများကို တစ်စွန်းတစ်စလေ့လာကြည့်မိ၏။ ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ တတိယအကြီးမားဆုံး မီးခိုးတိတ်လုပ်ငန်း ဖြစ်သည်။ ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်ရန် ဟိုတယ်နှင့် ခရီးသွားလာရေး၀န်ကြီးဌာနက အဓိကဦးဆောင်လုပ်နေသည်။ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း(၂၀၁၃-၂၀၂၀) ကို ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လမ်းပြမြေပုံအဖြစ် ခံယူကျင့်သုံးမည်ဖြစ်သည်။ ထို့ပြင် အဖွဲ့အစည်းအားလုံး ပါဝင်ကြရန် "မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ရေးမူဝါဒ" ကို ချမှတ်ခဲ့ပြီးလည်းဖြစ်သည်။

ဖြည်စွမ်းအား

ယခုနှစ်ဆောင်ပုဒ်မှာ (Sustainable Tourism a Tool for Development) ရေရှည်တည်တံ့ခရီးသွားဖွံ့ဖြိုးမှုအတွက် ပြည့်စွမ်းအားဖြစ်ကာ အောက်ပါကဏ္ဍ (၅) ရပ်တွင် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုရရန် ရည်ရွယ်၍ ဆောင်ရွက်နေကြောင်းတွေ့ရ၏။

(၁) စီးပွားရေးကဏ္ဍ - ဖွံ့ဖြိုးတိုးတက်မှု ရှိသော စီးပွားရေးကဏ္ဍ တစ်ရပ်ဖြစ်လာစေရန်။

(၂) လူမှုရေးကဏ္ဍ - သင့်တင့်သော အလုပ်အကိုင်များ ဖန်တီးပေးရေးနှင့် ရပ်ရွာလူထုအား လုပ်ပိုင်ခွင့်ပေးနိုင်စေရန်။

(၃) သဘာဝပတ်ဝန်းကျင်ကဏ္ဍ - ရာသီဥတုအပြောင်းအလဲများကို ထိန်းညှိပေးနိုင်ရန် သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်။

(၄) ယဉ်ကျေးမှုကဏ္ဍ- ဒြပ်ရှုဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ခလေ့ထုံးတမ်းများကို ထိန်းသိမ်းစောင့်ရှောက် နိုင်စေရန်။

(၅) ငြိမ်းချမ်းရေးကဏ္ဍ- နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် ငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်သော ကဏ္ဍတစ်ရပ်အဖြစ် လုပ်ဆောင်နိုင်ရန်ဖြစ်သည်။

စင်စစ် အစိုးရပိုင်းမှ ချမှတ်အကောင်အထည်ဖော်နေသည့် ရည်ရွယ်ချက်များ၊ မူဝါဒများလည်းကောင်းသည်။ သို့သော် မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကို ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်လိုက်သောအခါ တွင် ၂၀၁၆ ခုနှစ် စာရင်းအရ ခရီးသွားလုပ်ငန်းမှ၀င်ငွေ ၁ ဒသမ ၆ ဘီလီယံဖြင့် အောက်ဆုံးအဆင့်တွင် ဘရူနိုင်းနှင့် လာအိုသာကျန်တော့သည်။ ကမ္ဘောဒီးယားနိုင်ငံပင် ၃ ဒသမ ၁ ဘီလီယံရှိသည်ကို တွေ့ရ၏။ ထိုင်းနိုင်ငံကား ၄၄ ဒသမ ၆ ဘီလီယံဖြင့် ပထမဖွဲ့နေလေသည်။ အဘယ်ကြောင့် မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း မအောင်မြင်ဖြစ်နေရလေသနည်း။ စင်စစ် ရည်ရွယ်ချက်များ၊ မူဝါဒများကို မည်မျှအထိ ပေါက်ပေါက်မြောက်မြောက် ဖော်ဆောင်နိုင်သနည်း ဆိုသည့်အချက်အပြင် အောက်ခြေအထိ မည်မျှထဲထဲဝင်ဝင် လေ့လာဆန်းစစ်နိုင်သနည်း ဆိုသည့်အချက်ပင် ဖြစ်သည်။

စာရေးသူသည် ခရီးသွား၀ါသနာထုံလှသည်။ အညာတွင် နေထိုင်စဉ်က အထက်အညာတစ်ခွင်တစ်ပြင်နှင့် ရှမ်းပြည်တစ်လွှားအနှံ့အပြား အကြိမ်ကြိမ်အခါခါ ရောက်ဖြစ်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် ကျင်းပခဲ့သည့် Visit Myanmar Year ကိုလည်း ကြုံဆိုခဲ့သူဖြစ်သည်။ ယခုအချိန်အထိ အားလျှင်အားသလို ခရီးထွက်ဖြစ်နေဆဲဖြစ်၏။ မကြာခင်ကပင် ခရီးထွက်ဖြစ်ခဲ့၏။ သီတင်းကျွတ်ကျောင်း၀ိတ်ရက်တွင် မရောက်ဖြစ်သည်မှာ ကြာပြီဖြစ်သည့် ပုဂံညောင်ဦးနှင့် ပဲခူးနယ်သို့ ခြေဆန့်ဖြစ်၏။ တန်ဆောင်မုန်းလပြည့်နေ့တွင် မထင်မှတ်ဘဲ ငွေဆောင်ကမ်းခြေသို့ ရောက်ဖြစ်ခဲ့ပြန်၏။ မကြာသေးမီကလည်း ရင်းနှီးသော မိတ်ဆွေရင်းချာများ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အလည်အပတ်ရောက်ခဲ့ကြရာ မိမိတွေ့ရှိခဲ့ရသည့် ပြည်တွင်း အတွေ့အကြုံများနှင့် မိတ်ဆွေတို့ ထံမှ ရရှိသည့် ပြည်ပအတွေ့အကြုံတို့ကို ဝေမျှရင်း အကြံပြုချင်မိပါသည်။

ဈေးနှုန်းကြီးမြင့်

ပြည်တွင်းခရီးသွား အခြေအနေကို အသေးစိတ်တင်ပြရလျှင် ပြောစရာများစွာရှိသော်လည်း ခြုံငုံ၍တင်ပြရလျှင် အသွားအလာများလှသည့် ငွေဆောင်၊ ချောင်းသာကဲ့သို့ ခရီးစဉ်မှာပင် လမ်းများမတိုးချဲ့နိုင်သေးပါ။ လမ်းဆိုးခြင်း၊ ကျဉ်းမြောင်းခြင်းတို့ကြောင့် အချိန်ကြန့်ကြာလွန်းပါသည်။ တည်းခိုခန်းများ၊ ဟိုတယ်များရှိသော်လည်း မလုံလောက်ပါ။ ဈေးနှုန်းကြီးမြင့်သော်လည်း ဝန်ဆောင်မှုညံ့ပါသည်။ (စာရေးသူတို့ငွေဆောင်တွင် နှစ်ယောက်ခန်းမရ၍ လေးယောက်ခန်းကို တစ်သိန်းပေးရ) ကမ်းခြေနှင့် အနီးတစ်ဝိုက်သန့်ရှင်းမှုမရှိ ထင်ရှားကျော်ကြားသော နေရာအများစုတွင် စားသောက်ဆိုင် စားသောက်ခန်းများ သပ်သပ်ရပ်ရပ်မရှိသကဲ့သို့ ဈေးနှုန်းမြင့်စွာ ဝယ်ယူစားသောက်ရ၏။ (ညောင်ဦးတွင် စားသောက် ဆိုင်ကြီးအချို့ ည ၈ နာရီနောက်ပိုင်း ဟင်းထမင်းပြတ်ခြင်း၊ လမ်းဘေးဈေးဆိုင်များသာ အစီအရီရှိကာ လောကနန္ဒာဘုရားတွင် နံနက်စောစောမှပင် ညအကျန်ထမင်းများ ဆွေးခြေရောင်းခြင်း၊ ယခင်ကကဲ့သို့ နွားနို့စစ်စစ်မရတော့ခြင်း)။

ပင်လယ်လေ့ကျင့်

လာရောက်သည့် ခရီးသည်များအတွက် ကမ်းခြေများသို့ သွားလျှင် ဟိုတယ်တွင် ညအိပ်၍ ပင်လယ်လေ့ကျင့်ရုံသာရှိသည်။ ကမ်းခြေတွင်ရှိသည့် Speed Boatဆိုင်ကယ်၊ မြင်းစီးစသည်တို့မှာ အဆမတန်ဈေးမြင့်၏။ ပြည်တွင်းခရီးသွားများမှ လွဲ၍ မည်သည့်နိုင်ငံခြားသားမှ နှစ်နှစ်ခြိုက်ခြိုက်စီးနင်းနေသည်ကို မတွေ့ရ။ လျှပ်စစ်မီးကလည်း နေ့ပိုင်းမရ။ အခန်းတိုင်းအဲကွန်းမရ။ ဆိုရလျှင် မည်သို့သော ဖျော်ဖြေတင်ဆက်မှုမျိုးမှ မတွေ့ရ။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေများတွင် ပို၍စည်းကမ်းသတ်မှတ်သင့်သည်။ မသွားရမည့် နေရာများ၊ မတက်ရောက်သင့်သည့် ဘုရားများပေါ်တွင် တက်ရောက်နေကြ၍ မလိုလားအပ်သော သေဆုံးမှုနှင့်အတူ ဘာသာရေးဆိုင်ရာ အနှောင့်အယှက်များဖြစ်ကြသည်။ ဆိုရလျှင် ဇုန်၀င်ကြေးပေးသွင်းပြီး ရုံမျှဖြင့် မိမိတို့စိတ်တိုင်းကျ ပြုလုပ်ခွင့်မရသင့်။ ကန့်သတ်တားမြစ်ချက်များ အတိအကျ ထုတ်ပြန်ထားသင့်လေသည်။

အရန်သင့်စားသောက်ဆိုင်

မကြာသေးမီကပင် မိတ်ဆွေရင်းများ ထိုင်းနိုင်ငံက ပြန်လာကြ၏။ မြန်မာနိုင်ငံတွင် နေရာအတော်များများ လည်ပတ်ပြီးဖြစ်၍ နိုင်ငံပြင်ပသို့ ထွက်ကြခြင်းဖြစ်၏။ အချို့မလေးရှားက ပြန်လာကြ၏။ ယင်းတို့နှင့်တွေ့ရာ စကားတစ်ခွန်းတည်းဖြင့် ခြုံငုံပြောရလျှင် "ကိုယ့်နိုင်ငံနဲ့တော့ အစစအရာအရာ အကုန်ကွာလွန်းပါသတဲ့" ဟု။ ထိုင်းနိုင်ငံဟာ ခရီးသွားလုပ်ငန်းက ဝင်ငွေတွေ၀င်တာလည်း မပြောနဲ့တဲ့။ ဟိုတယ်တွေ အဆင့်မီတယ်။ ပုံမှန်ဈေးပဲ ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် အရန်သင့်စားသောက်ဆိုင်တွေ ပေါမှပေါ၊ ကောင်းမှကောင်း၊ ဈေးလည်းချိုမှချိုသတဲ့။ မြဘုရားတစ်ဆူတည်းတောင် နေ့စဉ်လူတိုးမပေါက်ဘူး။ ဖျော်ဖြေပွဲတွေ၊ ဆင်ကပွဲတွေ၊ မျောက်ကပွဲတွေ ဖျော်ဖြေတင်ဆက်မှုတွေ၊ အဲဒါတွေဟာ လာသမျှခရီးသွားအိတ်ထဲက နုတ်ယူသွားတဲ့ ငွေတွေ။ ကမ်းခြေဆိုလည်း ပတ္တယားနဲ့ ဖူးခက်ပဲ ထင်ရှားတာ။ သဲဖြူကျွန်းသွားမလား၊ အမှတ်တရဓာတ်ပုံရိုက်မလား။ လာထားပိုက်ဆံပဲတဲ့။ အလကား ဆန်ဆန်ဘန်ဂလိုများရှိပြီး မိမိနှစ်သက်ရာ ဝယ်ယူနိုင်သည့် Myanmar Andaman Best နှင့် လဲရှိကြောင်း သိရ၏။ အလားတူပင် မြိတ်ဘက်တွင်လည်း လည်ပတ်၍ရသည်။ ကျွန်းပေါင်း ၁၀ ကျွန်းမကရှိ၏။ ဒုံးကျွန်း၊ ဒုံးရေတံခွန်၊ နတ်သမီးလှကျွန်း၊ နှစ်ဖက်လှကျွန်း၊ နတ်သမီးရေတွင်းကျွန်း၊ လေးကျွန်း၊ ပါဟန့်ကျွန်း (ခေါ်) Smart ကျွန်း၊ အကြီးဆုံးငှက်သိုက်ကျွန်းနှင့် ပုလဲကျွန်းတို့ဖြစ်သည်။

"သဘာဝတောတောင်ရေမြေ အလှရှုခင်းများ၊ ဆိပ်ကမ်းများ၊ ကမ်းခြေများ၊ ကျွန်းများဖြင့် ဝန်းရံလျက် ရှိ၏။ အိမ်နီးချင်းနိုင်ငံများကဲ့သို့ပင် ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ ပေါပြည့်လှသည့်အပြင် ဘုရားပုထိုးဂူကျောင်းများ၊ ရှေးဟောင်းနယ်မြေများရှိသော သာယာလှပသည့် နိုင်ငံတစ် နိုင်ငံ . . ."

လှပသောကမ်းခြေများရှိ

မြန်မာနိုင်ငံတွင် ကမ်းရိုးတန်းမိုင်ပေါင်း ၁၈၀၀ ရှိသည်။ လှပသောကမ်းခြေများရှိ၏။ သို့သော် အရေအတွက် အနည်းငယ်သာရှိ၏။ သို့ဖြစ်၍ သွားလာမှုအတန်လွယ်ကူသော ငပလီ၊ ကမ်းသာယာ၊ ချောင်းသာ၊ ငွေဆောင်နှင့် စက်စဲကမ်းခြေလောက်သာ လူသိများ၏။ အချို့သော ကမ်းခြေများ၊ ကျွန်းများမှာ ဒေသခံများ၏ ဖော်ထုတ်မှုကြောင့်သာ ပေါ်ပေါက်လာသည်ကများနေသည်။ ဥပမာအားဖြင့် လွန်ခဲ့သည့် နှစ်များကဒေသခံများ ဖော်ထုတ်ခဲ့သည့် ဂေါ်ရန်ဂျီကျွန်းမှာ ယခုအခါသက်ဆိုင်ရာဝန်ကြီးဌာနမှ တိုးချဲ့အကောင်အထည် ဖော်ရန်လျာထားချက်ရှိကြောင်း သိရ၏။ ထို့အပြင် ထားဝယ်ဘက်တွင် အံ့ဩြမကုန်နိုင်လောက်အောင် လှပသည့်ကျွန်းများရှိ၏။ မကြာသေးမီက သိရသည့် ကျွန်းမှာ ပင်လယ်ကူးအပျော်စီးသင်္ဘောကြီးများပင် ဝင်ရောက်လာသည်ကိုတွေ့ရင် ယင်းကျွန်းမှာ ကော့သောင်းခရိုင်ထဲမှ ခရင်းခွကျွန်း (Macked Island) ဖြစ်သည်။ ပုံသဏ္ဌာန်ရှိ၍ ထူးခြားမှုမှာ Snookeling အပြင်တောင် တက်ကမ်းနှင့် တောင်ပေါ်အထိ တက်နိုင်သည်။ သဘာဝ ရစရာတော့ ဘာမှမရှိဘူးတဲ့ (မိမိတို့ နိုင်ငံတွင်ဇုန်၀င်ကြေးပေးပြီးသည်နှင့် တက်ချင်သည့်ဘုရားတက်ရိုက်ချင်သလို ရိုက်နေသည်ကို တွေးမိသည်) မလေးရှားကပြန်လာသူက ၎င်းတို့ လန်ကာဝီကျွန်းရောက်ခဲ့ကြောင်း၊ မလေးရှားတွင် အကောင်းစား ဟိုတယ်၌ နှစ်ယောက်ခန်း မြန်မာကျပ်ငွေ သုံးသောင်းခန့်သာကျကြောင်း၊ အစားအသောက်ကောင်းကြောင်း ပြောပြလေသည်။ မြန်မာနိုင်ငံ အကြောင်းပြန်ပြောင်းတွေးကြည့်မိ၏။

လှပသောကမ်းခြေများရှိ

မြန်မာနိုင်ငံတွင် ကမ်းရိုးတန်းမိုင်ပေါင်း ၁၈၀၀ ရှိသည်။ လှပသောကမ်းခြေများရှိ၏။ သို့သော် အရေအတွက် အနည်းငယ်သာရှိ၏။ သို့ဖြစ်၍ သွားလာမှုအတန်လွယ်ကူသော ငပလီ၊ ကမ်းသာယာ၊ ချောင်းသာ၊ ငွေဆောင်နှင့် စက်စဲကမ်းခြေလောက်သာ လူသိများ၏။ အချို့သော ကမ်းခြေများ၊ ကျွန်းများမှာ ဒေသခံများ၏ ဖော်ထုတ်မှုကြောင့်သာ ပေါ်ပေါက်လာသည်ကများနေသည်။ ဥပမာအားဖြင့် လွန်ခဲ့သည့် နှစ်များကဒေသခံများ ဖော်ထုတ်ခဲ့သည့် ဂေါ်ရန်ဂျီကျွန်းမှာ ယခုအခါသက်ဆိုင်ရာဝန်ကြီးဌာနမှ တိုးချဲ့အကောင်အထည် ဖော်ရန်လျာထားချက်ရှိကြောင်း သိရ၏။ ထို့အပြင် ထားဝယ်ဘက်တွင် အံ့ဩြမကုန်နိုင်လောက်အောင် လှပသည့်ကျွန်းများရှိ၏။ မကြာသေးမီက သိရသည့် ကျွန်းမှာ ပင်လယ်ကူးအပျော်စီးသင်္ဘောကြီးများပင် ဝင်ရောက်လာသည်ကိုတွေ့ရင် ယင်းကျွန်းမှာ ကော့သောင်းခရိုင်ထဲမှ ခရင်းခွကျွန်း (Macked Island) ဖြစ်သည်။ ပုံသဏ္ဌာန်ရှိ၍ ထူးခြားမှုမှာ Snookeling အပြင်တောင် တက်ကမ်းနှင့် တောင်ပေါ်အထိ တက်နိုင်သည်။ သဘာဝ

ပေါ်ပြည့်လျှံ

ဆိုရလျှင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သူများသည် အားလုံးပင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တစ်ခုတည်းကိုသာ စူးစိုက်လာကြသူများမဟုတ်။ အချို့က ကမ်းခြေများ၊ ကျွန်းအလှနှင့် သဘာဝရှမ္ဘော်ခင်းများကို ခံစားလိုကြ၏။ တချို့ကား အေးမြနေသည့် တောင်တန်းဒေသများ၊ တောင်ပေါ်မြို့များသို့ သွားလိုကြခြင်း၊ အချို့ကား ပျော်ရွှင်မှု သက်သက်အတွက် ဖြစ်သကဲ့သို့ ဘာသာယဉ်ကျေးမှုဓလေ့ထုံးစံများကို လေ့လာလိုသူများလည်းပါ၀င် ကြမည်သာဖြစ်၏။ သို့ဖြစ်၍ မြန်မာနိုင်ငံတွင် သဘာဝကပေးထားသည့် လက်ဆောင်မွန်များကအပြည့်ရှိသည်။ တောင်ပေါ်မြို့တော်များရှိသည်၊ အေးမြသောတောင်တန်းများရှိသည်၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များလည်း ပေါပြည့်လျှံလှသည်။

အဓိကအားဖြင့်ဆိုရလျှင် ကမ်းခြေကောင်းများ၊ ကျွန်းအလှများရာချီ၍ ရှိသော်လည်း အစိုးရကိုယ်တိုင်မဖော်ထုတ်နိုင်သေးသည်များလည်းရှိ၏။ နိုင်ငံတော်၀င်ငွေများစွာရရှိနိုင်ပါလျက် လျစ်လျူရှုထားခံရသကဲ့သို့ဖြစ်နေရ၏။ ရှိပြန်သော်လည်း အခြေခံအဆောက်အအုံ၊ လျှပ်စစ်မီးမလုံလောက်၊ ဝန်ဆောင်မှုညံ့ဖျင်းမှု၊ လမ်းပန်းမချောမွေ့မှု၊ ဈေးနှုန်းကြီး မြင့်မှုများကြောင့် တစ်ခေါက်တစ်ခါရောက်လာခဲ့ကြသော်လည်း တရှိုက်မက်မက်ဖြင့် ကြိမ်ဖန်များစွာ ပြန်လည်လာ ရောက်လိုမှု စိတ်ဆန္ဒကိုမူ ငြင်းပယ်ခံရနေရဆဲဖြစ်၏။ သို့ဖြစ်၍လည်း ခရီးသွားဦးရေတိုးတက်မလာဘဲ မရောက်ဖူးသူများ ရောက်ဖူးရန် လာနေသည့်အဆင့်သာဖြစ်နေလေသည်။ မည်သို့ပင် ရောက်ဖူးသည်ဖြစ်စေ မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ၊ သဘာဝအလှအပများ၊ ရှုမျှော်ခင်းများ၊ ကျွန်းများ၏ အလှနှင့် အပန်းဖြေနားနေနိုင်မှုအတွက် အကြိမ်ကြိမ်အခါခါ လာချင်လိုသည့် စိတ်ဆန္ဒများဖြစ်လာသည်အထိ ဆွဲဆောင်နိုင်စွမ်းမရှိသေးပါ။

သဘာဝကပေးထား

မြန်မာနိုင်ငံသို့တစ်ခေါက်တစ်ခါ အရောက်လာကြသည့် ခရီးသွားများအတွက် တန်ဖိုးကြီးမားသလောက် ဝန်ဆောင်မှုညံ့ဖျင်းနေမှုများ၊ ဈေးနှုန်းကြီးမြင့်မှုများ၊ စားသောက်ဆိုင်များ သန့်ရှင်းမှု နည်းပါးခြင်း၊ ခံညားမှုမရှိခြင်း၊ ရေလွှာအေးလိုင်းဖွေးဖွေးများရှိသော်လည်း အမှိုက်ပြင်ကြီးသဖွယ်ဖြစ်နေသည့် ကမ်းခြေများ၊ လမ်းမချောမွေ့ပိတ်ဆို့မှုကြောင့် ၃ - ၄ နာရီခရီးကို ၆ နာရီ ၇ နာရီခန့်မောင်းနှင်နေရခြင်း၊ ကမ်းခြေအလှ ကျွန်းအလှကို အပြည့်အ၀မခံစားရခြင်း၊ ဖျော်ဖြေတင်ဆက်မှုမရှိခြင်း စသည့်လိုအပ်ချက်များသည် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရေရှည်တည်တံ့ရေးဆိုသည်ထက် ပြည်တွင်းခရီးသွားများကဲ့သို့ပင် ရာသီပေါ်လုပ်ငန်းတစ်ခုအသွင်သာရှိနေဦးမည်ဖြစ်သည်။ သဘာဝကပေးထားသည့် သဘာဝရေမြေတောတောင် မြစ်ချောင်းအင်းအိုင်နှင့် ကျွန်းများ၊ ကမ်းခြေများ၊ ယဉ်ကျေးမှုအမွေအနှစ်များ မည်သို့ပင်ရှိနေသော်လည်း စီမံခန့်ခွဲနိုင်မှု၊ ရှာဖွေဖော်ထုတ်ဖော်အသုံးချနိုင်မှု၊ ထိန်းသိမ်းကြီးကြပ်နိုင်မှု၊ နည်းပညာမကျွမ်းကျင်မှုကြောင့် အမွေအနှစ်ဆိုလျှင် အန်ကောဝပ်ဘုရားကျောင်းတစ်ခုတည်းကို မှီခိုနေရသည့် နိုင်ငံတစ်နိုင်ငံအဆင့်သို့ပင် နိုင်ငံခြားဝင်ငွေမရ ဖြစ်နေခြင်းမှာ စဉ်းစားစရာပင်။ အကယ်၍ သာဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကို အားထည့်၍ ဖော်ထုတ်မှု၊ ရင်းနှီးမြှုပ်နှံမှု ပြုနိုင်မည်ဆိုလျှင် ထိုင်းနိုင်ငံကဲ့သို့ ၄၄ ဒသမ ၆ ဘီလီယံ မရလျှင်ပင်ထားဦး နိုင်ငံ၏လိုင်စင်သို့မဟုတ် နိုင်ငံခြားကြွေးမြီလောက်ကိုမူ အလွန်တစ်ရာခက်ခဲနိုင်လိမ့်မည်မဟုတ်ဟု တွေးဆမိပါကြောင်း။ ။

ကချင်ပြည်နယ် ပညာရေးစုံညီပွဲတော် မြစ်ကြီးနားမြို့၌ ကျင်းပ

မြစ်ကြီးနား ဇန်နဝါရီ ၈

၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကချင်ပြည်နယ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၆ ရက်နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးထူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဧည့်သည်တော်များအား အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူလေးများက ပန်းဖွားအက၊ ကိုယ်ကာယလေ့ကျင့်ခန်းသရုပ်ပြခြင်းနှင့် အေရိုးပစ်အကတို့ဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းခန်းများအတွင်း ခင်းကျင်းပြသထားသော ပညာရေးဆိုင်ရာစွမ်းရည်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ အာဆီယံဖွဲ့စည်းတည်ထောင်မှု နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၊ မြန်မာအမျိုးသမီးများနေ့၊ အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့နှင့် (၇၂) ကြိမ်မြောက် ကုလသမဂ္ဂနေ့စသည့် နေ့ကြီးများ၏ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲများ၊ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ လွှတ်တော်ရေးရာ ဥက္ကဋ္ဌစမ်းပဟေဠိ ပြိုင်ပွဲ၊ နိုင်ငံတကာလူငယ်ပေးစာပြိုင်ပွဲ၊ နိုင်ငံတကာပန်းချီပြိုင်ပွဲများနှင့် သန့်ရှင်းအိုလံပစ်၊ အင်္ဂလိပ်စာ၊ မြန်မာစာစွမ်းရည်ပြိုင်ပွဲများနှင့် ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပြည်နယ်ပြန်/ဆက်

မြန်မာ့စီးပွားရေးဘဏ်မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် SME ချေးငွေအကြောင်းရှင်းလင်း

မြိတ် ဇန်နဝါရီ ၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် အသေးစား၊ အလတ်စားလုပ်ငန်းရှင်များကို မြန်မာ့စီးပွားရေးဘဏ်မှ SME ချေးငွေများထုတ်ချေးပေးမည့် အစီအစဉ်ကို လုပ်ငန်းရှင်များသိရှိစေရန် ရည်ရွယ်၍ ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီက မြိတ်ခရိုင်ဘဏ်ခွဲတွင် မြန်မာ့စီးပွားရေးဘဏ်မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် SME ချေးငွေအကြောင်း ရှင်းလင်းပွဲကျင်းပခဲ့ကြောင်း သိရသည်။

SME ချေးငွေအကြောင်း ရှင်းလင်းပွဲတွင် တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြူးဝင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့စီးပွားရေးဘဏ် တိုင်းဒေသကြီး မန်နေဂျာ ဦးထွန်းထွန်းဝင်းက မြန်မာ့စီးပွားရေးဘဏ်မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် SME ချေးငွေအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဖြိုးဇာနည်ဝင်းက အသေးစား၊ အလတ်စား လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း ခရိုင်တာဝန်ခံ ဦးနိုင်မျိုးကျော်က CGI အာမခံနှင့် ပတ်သက်သော သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသော အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ မြန်မာ့စီးပွားရေးဘဏ် တိုင်းဒေသကြီး မန်နေဂျာနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

မြန်မာ့စီးပွားရေးဘဏ်မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် SME ချေးငွေကို ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်ထုတ်ရောင်းဝယ်မှုလုပ်ငန်းများ၊ ပြည်ပပို့ကုန်လုပ်ငန်းများ၊ သွင်းကုန်အစားထိုးကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ Recycling နှင့် Energy Saving လုပ်ငန်းများ၊ နည်းပညာအခြေခံထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ စသော စီးပွားရေးလုပ်ငန်းများကို ဦးစားပေးလုပ်ငန်းများအဖြစ် သတ်မှတ် ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဓိုင်ထူး (မြိတ် ပြန်/ဆက်)

ကချင်ပြည်နယ်အတွင်း အသေးစားအရင်းအနှီးချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများ ပံ့ပိုး

မြစ်ကြီးနား ဇန်နဝါရီ ၈

ကချင်ပြည်နယ် သမဝါယမဦးစီးဌာနမှ ကြီးမှူး၍ ကချင်ပြည်နယ်အတွင်း သမဝါယမအသင်းများရှိ ဒေသခံတောင်သူများနှင့် အသင်းဝင်များ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသေးစားအရင်းအနှီးချေးငွေ၊ လယ်ယာမြေအဆင့်မြှင့်တင်ခြင်း ချေးငွေပေးအပ်ခြင်းနှင့် လယ်ယာသုံးစက်ကိရိယာများ ထပ်မံပံ့ပိုးပေးအပ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိ ပြည်နယ်သမဝါယမဦးစီးဌာနရုံး၌ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြသိန်းက သမဝါယမဦးစီးဌာနမှ မူဝါဒခြောက်ရပ်၊ လုပ်ငန်းစဉ် (၁၀) ရပ်ဖြင့် သမဝါယမအသင်းများနှင့် အသင်းဝင်ပြည်သူများဘဝဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းနေ့ကျင်းပသည့်အခမ်းအနားတွင် သမဝါယမအသင်းသားများ၏ စုဆောင်းငွေနှင့် ပံ့ပိုးငွေများကို ထုတ်ချေးပေးသွားမည်ဖြစ်သည့်အပြင် ပံ့ပိုးငွေဖြင့်ဖြည့်ဆည်းသည့် လယ်ယာသုံးစက်ကိရိယာများလည်း လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၂)လမ်း၊ အမှတ်(၈၄/၈၆)နေ (ဦးဖေသင်း-ဒေါ်သန်းမြ)တို့၏သား၊ (ဒေါ်တင်တင်မြ)၏ခင်ပွန်း၊ ဒေါ်ဥမ္မာလှိုင် (ကထိက၊ သတ္တဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးတင်စိုး(Civil' 83)-ဒေါ်ခင်မာလှိုင် (Civil' 85)၊ ဦးသန့်လှိုင်(Tony)-ဒေါ်ခင်မေချိုတို့၏ ချစ်လှစွာသောဖခင်၊ ကိုရဲပြည့်စိုးလှိုင် (BE-P&H)၊ မောင်ထွန်းသူရလှိုင် (VI-BE Mech.Tu-သန်လျင်)၊ မခင်နဒီ(1st Yr-BBM)တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၈-၁-၂၀၁၈ (တနင်္လာနေ့) နံနက် ၇း၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား ရန်ကုန်မြို့၊ ဆေးတက္ကသိုလ် (၁)သို့ လျှဒါန်းပြီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး၊ မိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကွယ်လွန်သူအား ရည်စူး၍ ၁၄-၁-၂၀၁၈ (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။) ကျန်ရစ်သူမိသားစု

ဦးအေးကျော် (၆၃)နှစ်
မန်နေဂျာ (ငြိမ်း)၊ စက်မှုဝန်ကြီးဌာန၊ တာဘိုင်စက်ရုံ၊ သာဝရ

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သာဝရမြို့နေ (ဦးရိုး-ဒေါ်ကြည်)တို့၏သားကြီး၊ ရန်ကုန်မြို့၊ ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၆၂၀)နေ ဒေါ်တင်တင်ဆင့်၏ခင်ပွန်း၊ ဦးထွန်းထွန်းဝင်း-ဒေါ်အေးအေးမြင့်၊ ဦးမျိုးမင်းကျော်-ဒေါ်နန်းကလျာထွေး၊ ဦးအောင်မြတ်သူ၊ မအေးအေးဆင့်တို့၏ဖခင်၊ ဒေါ်ခင်မမ၊ ဦးကျော်ကျော်လိုင်(ဗိုလ်ကြီး-ငြိမ်း၊ မန်နေဂျာ၊ YESC)-ဒေါ်နီနီလှတို့၏အစ်ကို၊ မြေးလေးယောက်တို့၏အဘိုး ဦးအေးကျော်သည် ၈-၁-၂၀၁၈ ရက် နံနက် ၆း၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁-၂၀၁၈ (တနင်္ဂနွေနေ့) နံနက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးနေမောင်(ငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန
အသက် (၅၆)နှစ်

ရန်ကုန်မြို့နေ (ဦးသိန်းမောင်-ဒေါ်စောရှင်)တို့၏သား၊ ဦးတင်ထွေး-(ဒေါ်တင်လှိုင်)တို့၏သားသမက်၊ အရာခံဗိုလ်သန်းညွှန့်၏ညီ၊ ဦးခင်မောင်ထွန်း၊ ဦးကျော်နိုင်ထွန်း၊ ရဲမှူးဇော်ဝင်းထွန်း၊ ဒေါ်မေစောသိန်းတို့၏အစ်ကို၊ ဦးခင်ဦး၏ညီ၊ ဦးမောင်မောင်ဝင်း၊ ဦးအောင်နိုင်၊ ဒေါ်ညိုညိုလွင်၊ ဦးအောင်လွင်တို့၏အစ်ကို၊ နေပြည်တော်၊ ဇမျူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ သုတလမ်း၊ တိုက် (၉၉)၊ အခန်း(၁၃)နေ ဒေါ်အေးအေး၏ခင်ပွန်း၊ မစပယ်ဖြူနေမောင်၊ မယ့ဇနေမောင်တို့၏ဖခင်သည် ၇-၁-၂၀၁၈ (တနင်္ဂနွေနေ့) ည ၇း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၈(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကွေကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးသူရိန်(B.C.Sc) အသက်(၄၀)
MD. ရွှေနဂါးမင်းကုမ္ဘကီ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၁၃၅ L/L-1)နေ (ဦးကျော်မင်း-ဒေါ်ယို)၊ (ဦးကျော်အုန်း-ဒေါ်တင်ရီ)တို့၏မြေး၊ ဦးဝင်းမြင့်(စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး-ငြိမ်း)-ဒေါ်မြင့်မြင့်သန်းတို့၏ချစ်လှစွာသောသားကြီး၊ ဦးစည်သူ-ဒေါ်ပိုးအိမင်းအေး၊ ဦးယဉ်ထွေးဆွေ-ဒေါ်ဟေမာဝင်းမြင့်တို့၏အစ်ကိုကြီး၊ မောင်နေဦးဝေယံ(ခ) Leo၊ မသောဘီလေး၊ မောင်ဘုန်းသိခ်ဆွေ (ခ) George တို့၏ချစ်လှစွာသောဘကြီး ဦးသူရိန်သည် ၈-၁-၂၀၁၈ ရက် ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်စောရွှေ(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုံးချုပ်-ငြိမ်း)
အသက် (၅၉) နှစ်

၃၀-၁၂-၂၀၁၇ ရက်တွင် ကွယ်လွန်သွားသော ဒေါ်စောရွှေ၏နာရေးကိစ္စအဝဝအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဦးဆောင်ညွှန်ကြားရေးမှူး (မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း)နှင့်ဇနီး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အငြိမ်းစားနှင့် လက်ရှိတာဝန်ထမ်းဆောင်နေကြသော အရာရှိများနှင့် ဇနီးများ၊ ဝန်ထမ်းများ၊ Parami Energy Group of Companies မှ ဝန်ထမ်းများ၊ AMTT Co., Ltd မှ ဝန်ထမ်းများ၊ RIT (75-81) Batch မှ သူငယ်ချင်းများ၊ လျှဖွယ်သက်နိုးနှင့်ဝတ္ထုပစ္စည်းများ ပေးပို့လှူဒါန်းပေးကြသည့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်း ကောင်း၊ တယ်လီဖုန်း၊ ဖေ့ဘွတ်တို့မှ ဝမ်းနည်းကြောင်း ဆုတောင်းစကား ပြောကြားပေးသူများ အားလုံးတို့ကိုလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းကြည်(ဖြိတ်) (၇၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး (၉)ရပ်ကွက်၊ ဝါယာလက် (၃)လမ်း၊ ကမ္ဘာအေးအိမ်ရာ၊ တိုက်(၆)၊ အခန်း(၁၀၂)နေ (ဦးဌေး-ဒေါ်စော)တို့၏ သမီး၊ ဦးမောင်မြင့်(ခ)စိန်မြင့်-ဒေါ်မိမိလတ်၊ ဒေါ်မြင့်အေးတို့၏ အစ်မ၊ ဒေါ်မေဇင်မြင့်၊ ဒေါ်ဟန်သီထွန်း၊ ဦးကျော်ဇော်သူ၊ ဦးလွှမိုးအောင်၊ ဦးအောင်မြင့်ခိုင်တို့၏အဒေါ်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၈-၁-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၈း၃၀ နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗဟန်းရပ်ကွက်၊ ဗဟန်းလမ်း၊ အမှတ်(၁၀၆)နေ ဒေါ်ခင်ခင်ဦး၏ခင်ပွန်း၊ ဦးသိန်းဝင်း-ဒေါ်ခင်ခင်ဦး

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်စျေးရောင်းပွဲ(ရန်ကုန်) တတိယနေ့ ကျင်းပ

ယနေ့တွင် ကျောင်းသား ကျောင်းသူများနှင့် ပြည်သူ ၉၀၀၀ ခန့် လာရောက်ပြီး ပြိုင်ပွဲမျိုးစုံတွင် ပါဝင်ယှဉ်ပြိုင်သူ ကလေးငယ် ၁၆၈၀ ကျော်ရှိ

ရန်ကုန် ဇန်နဝါရီ ၈

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်စျေးရောင်းပွဲ(ရန်ကုန်) တတိယနေ့ကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း(စိန့်ပေါလ်ကျောင်း)၌ ယနေ့နံနက် ၉ နာရီမှ ည ၈ နာရီအထိ ကျင်းပရာ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူ ၉၀၀၀ ခန့် လာရောက်ကြသည်။

အဆိုပါပွဲတော်ကို ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ သုံးရက်ကြာကျင်းပရာတွင် ကလေးစာပေပြပွဲနှင့် စာအုပ်စျေးရောင်းပွဲများ၊ ဟောပြောပွဲနှင့် ဆွေးနွေးပွဲများ၊ အားကစားပြိုင်ပွဲများ၊ ဖျော်ဖြေရေး အစီအစဉ်များ၊ ပုံပြင်ပြောပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ၊ စက္ကူခေါက်ပြိုင်ပွဲများနှင့် ပျော်ရွှင်စရာ ကစားနည်းအစီအစဉ်တို့အပြင် ကလေးစာပေများစွာ ရေးသားခဲ့သည့် ဆရာကြီးမင်းသုဝဏ်၏ စာပေလက်ရာများ၊ မှတ်တမ်းဓာတ်ပုံများနှင့် ကလေးစာအုပ်ပြခန်း၊ ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းများမှ စုပေါင်း၍

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱

ကလေးစာပေပွဲတော် တတိယနေ့၌ ပွဲတော်လာကလေးငယ်များ စာပေဖတ်ရှုလေ့လာနေကြစဉ်။

KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ်(၃) ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ်(၃)ကို ဇန်နဝါရီ ၉ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

ပွဲစဉ်(၃)အဖြစ် ဇွဲကပင်အသင်းနှင့် သစ္စာအားမာန်အသင်း၊ ဇန်နဝါရီ ၁၀ ရက်တွင် YREO အသင်းနှင့် တက္ကသိုလ်အသင်း၊ ဇန်နဝါရီ ၁၁ ရက်တွင် အား/ကာ သိပ္ပံအသင်းနှင့် မြဝတီအသင်း၊ ဇန်နဝါရီ ၁၂ ရက်တွင် ဂန္ဓမာအသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပွဲစဉ်(၂)အပြီးတွင် အား/ကာဦးစီးဌာနအသင်းနှင့် ဇွဲကပင်အသင်းတို့က ခြောက်မှတ်စီ၊ မြဝတီနှင့် သစ္စာအားမာန်အသင်းတို့က လေးမှတ်စီ၊ အား/ကာသိပ္ပံနှင့် YREO အသင်းတို့က တစ်မှတ်စီ၊ ဂန္ဓမာနှင့် တက္ကသိုလ်အသင်းတို့က အမှတ်မရသေးကြောင်း သိရသည်။

သတင်း-ရဲရင့်ရွှိုင်း
ဓာတ်ပုံ-စိုးညွှန့်

လက်ရှိချန်ပီယံ မြဝတီအသင်းကို တွေ့ရစဉ်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် UNODC တို့ ပူးပေါင်းဆောင်ရွက်သည့် စာတမ်းဖတ်ကြားဆွေးနွေးပွဲ ကျင်းပမည်

စာမျက်နှာ ›› ၃

လယ်ယာမြေတွင် လိုအပ်သော အာဟာရဓာတ်နှင့် သုံးစွဲသင့်သည့် မြေဩဇာပမာဏကို စမ်းသပ် အဖြေထုတ်ပေးနိုင်တော့မည်

စာမျက်နှာ ›› ၁၆

ဖုန်း 8380164
09 5017088
09250640699
စိုးဝင်းအေးမိုးမျိုးနွယ်ဝေစုပ်
ကားများရှိ ငှားရန်ရှိသည်။
ဆက်သွယ်ပြောဆိုနိုင်ပါသည်။

လှိုင်သာယာ (တွင်းကြီး)
ကုန်းဘောင်ရပ်ကွက်
ပြည်လမ်းမကြီးနှင့် ကုန်းဘောင်လမ်းမကြီး
ထောင့်တွင် ကုန်းဘောင်ရပ်ကွက်
ဆိုင်ခန်းအသစ်များ ဖွင့်လှစ်ရောင်းချ
ငှားရမ်းရန် ရှိပါသည်။

ဆိပ်ကြီးခနောင်တို အထက မြတ်ဆရာပူဇော်မည်

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ အထက၏ (၁၄)ကြိမ်မြောက် အသက် (၆၀)နှစ်ပြည့်နှင့်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် (တနင်္ဂနွေနေ့) နံနက်(၁၀)နာရီတွင် အဆိုပါကျောင်းအောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး/ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လျှဒါန်းလိုပါက ဦးဝင်းကြိုင် ဖုန်း-၀၉-၂၅၀၁၆၂၉၇၀၊ ဦးအုန်းသန်း ဖုန်း-၀၉-၂၅၀၀၃၉၉၇၀၃၊ ဒေါ်သီတာမြင့် ဖုန်း-၀၉-၇၃၁၂၇၊၁၆၊ ဦးစိုးဝင်း ဖုန်း-၀၉-၇၈၀၉၉၉၉၄၆၆၊ ဦးအေးမြင့် ဖုန်း-၀၉- ၄၃၁၅၂၃၃၄၊ ဦးလှဝင်း (သမားတော်) ဖုန်း-၀၉-၂၅၄၂၆၇၁၂၂၊ ဦးဇော်လွင်မြင့် ဖုန်း-၀၉-၅၁၀၄၃၀၈၆၊ ဒေါ်တင်တင်ဝင်း ဖုန်း-၀၁-၂၂၁၅၉၆၊ ဦးကျော်ဇင်ချစ် ဖုန်း-၀၉-၅၁၃၆၆၈၅ သို့ ဆက်သွယ်နိုင်ပါသည်။

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

အထူးလိုက်လံစွာဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၈ခုနှစ်၊ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈)ဖြင့် **ဒေါ်စိစိတင်**အား **သုဓမ္မသိဂီ**ဘွဲ့တံဆိပ်ချိုးမြှောက်ခြင်းခံရသည့်အတွက် အထူးလိုက်လံစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။ သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် နိုင်ငံအကျိုး၊ သာသနာ့အကျိုးကို ဆတက်ထမ်းပိုးတိုး၍ ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သနတ်ပင်မြို့မှဆွေမျိုးတစ်စု
ဘိုးဘိုး ဦးကြည်
ဘွားဘွား ဒေါ်ကြည်ကြည်
ဦးထိပ်တင်ထွဋ်-ဒေါက်တာဒေါ်ခင်လေးကြည်
ဦးထင်ကျော်-ဒေါ်စောကလျာ
ဒေါ်ခင်လေးနု
ဦးကျင်စိုးမောင်-ဒေါ်မြင့်လွင်
ဦးကိုကိုနိုင်-ဒေါ်သီတာ
ဦးမြင့်ဌေး-ဒေါ်သန္တာ
ဦးခိုင်ဝင်း-ဒေါ်အေးမူ

အထူးလိုက်လံစွာဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၈ခုနှစ်၊ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၈)ဖြင့် **ဒေါ်စိစိတင်**အား **သုဓမ္မသိဂီ**ဘွဲ့တံဆိပ်ချိုးမြှင့်ခြင်းခံရသည့်အတွက် အတိုင်းမသိ ဝမ်းသာဂုဏ်ယူမိပါသည်။ ကျန်းမာချမ်းသာစွာဖြင့် အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မန္တလေးမြို့မှမောင်နှမများ
ဒေါ်မိုမို့လှိုင်
ဒေါ်စံပယ်ဖူး
ဦးနေမျိုးသူ

၁၀တန်းစာမေးပွဲအနီးကပ် ရက်ပေါင်း (၅၀)
အထူးစခန်းသွင်းဘော်ဒါ
(၁၆-၁-၁၈မှ၅-၃-၁၈)ထိ

- ရက်ပေါင်း (၅၀) အတွင်း ဘာသာရပ်တစ်ခုလျှင် ရမှတ် (၆၀)ဖိုး ရရှိစေရန်
- စာမေးပွဲအတွက် ပြင်ဆင်ပြီးသော်လည်း စိတ်တိုင်းမကျ၍ ဖြစ်စေ၊ ဘာမှ မပြင်ဆင်ရသေးသည်ဖြစ်စေ တက်ရောက်သင်ကြားနိုင်ပါသည်။
- ဘာသာရပ်ဆိုင်ရာ စာစစ်အတွေ့အကြုံရင့် အငြိမ်းစားပါမောက္ခများ၊ တက္ကသိုလ်ဆရာ၊ ဆရာမဟောင်းများမှ ဘာသာရပ်တစ်ခုချင်း အစမှ ပြန်လည်သင်ကြားပေးမည်ဖြစ်ပြီး Guide ဆရာ၊ ဆရာမများနှင့် မေးခွန်းဟောင်းများ လေ့ကျင့်ဖြေဆိုရမည်။
- နေထိုင်၊ စားသောက်၊ သင်ကြား လေ့ကျင့်မှုအားလုံးပါဝင်ပြီး စရိတ်ငြိမ်း သင်တန်းကြေး (၄)သိန်းကို ပထမအကြိမ် ၂ သိန်းခွဲ ဒုတိယအကြိမ် ၁သိန်းခွဲဖြင့်ခွဲ၍ ပေးသွင်းနိုင်ပါသည်။
- ကျား/မ သီးသန့်နေထိုင်ရပါမည်။
- တစ်နှစ်တည်းနှင့်အောင်ရမည်။
- (၉၁၂)၊ အောင်မင်္ဂလာလမ်း၊ ၂၈ ရပ်ကွက်၊ မြောက်ဒဂုံ
- ဖုန်း-၀၉-၇၉၈၄၀၄၅၈၉
  ၀၉-၂၅၄၇၀၆၅၄၆

၁၆-၁-၁၈ စသင်ပါမည်။







ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဧပြဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၂၂

ဦးတင်လှိုင် နှင့် ဦးစောထွန်းလှ
(၎င်း၏အထွေထွေကိုယ်စားလှယ်
စာရသူ ဒေါ်တင်တင်အေး)
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ (၁၁)လမ်း၊ အမှတ်(၁၅)၊ (၅-လွှာ)၊ ဘယ်ဘက်ခြမ်းနေ ဦးစောထွန်းလှ (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်-၅၀၀၀၀၀၀၀/-(ကျပ်သိန်း ငါးရာတိတိ) ရလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ရက်(၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်) မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှုင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအ့ိပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်ရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီတာဝမ်း)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဒဿနိကဇေဒမိသားစု၏
(၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

ဒဿနိကဇေဒမိသားစု၏ (၁၂)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် တက္ကသိုလ်/ ကောလိပ်အသီးသီးရှိ ဒဿနမိသားစု ဆရာ/ဆရာမများ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ပညာသင်ဆဲ မျိုးဆက်သစ်ကျောင်းသား/ကျောင်းသူများ၊ အဝေးသင် ကျောင်းသား/ကျောင်းသူ (အဟောင်း/အသစ်)များအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်အချိန် - နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ
ကျင်းပမည့်ရက် - ၁၃-၁-၂၀၁၈ ရက် (စနေနေ့)
ကျင်းပမည့်နေရာ - တက္ကသိုလ်များ ဓမ္မာရုံ၊ ကမာရွတ်မြို့နယ်။

အလှူငွေဆက်သွယ်လှူဒါန်းရန်
၁။ တက္ကသိုလ်/ကောလိပ်အသီးသီးရှိ ဒဿနိကဇေဒဌာနများအားလုံး
၂။ ကမ္ဘောဇာဏ် (ကမာရွတ်) ငွေစာရင်းအမှတ်(၀၂၃၃၀၂၀၀၄၀၀၆၂၀၀၁)
မိတ်ဆုံညစာစားပွဲကို ဗဟန်းမြို့နယ် M.3 (Food Center) Diamond Hall တွင် ကျင်းပမည်ဖြစ်ပါ၍ ညစာစားပွဲလက်မှတ်များကို ရန်ကုန်တက္ကသိုလ် ဒဿနိကဇေဒဌာနတွင် ကြိုတင်ဝယ်ယူနိုင်ပါသည်။

ဒဿနိကဇေဒမိသားစု
(၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန် ဒဿမအကြိမ် ဘွဲ့နှင်းသဘင်

ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ ဒဿမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၁-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၂၀-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက်ပိုင်းတွင် လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ သင်တန်းများ၏ ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဤတက္ကသိုလ်တွင် လျှောက်ထားရမည်။

၁။ ပါရဂူဘွဲ့ (ပြည်သူ့ကျန်းမာရေး)သင်တန်း (၁/၂၀၁၄) ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများ။
၂။ ပါရဂူဘွဲ့ (ပြည်သူ့ကျန်းမာရေး)သင်တန်း (၁/၂၀၁၅) ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူ။
၃။ ပြည်သူ့ကျန်းမာရေး မဟာဘွဲ့သင်တန်း(၁/၂၀၁၇) ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများ။
၄။ ဆေးပညာမဟာသိပ္ပံ(ဆေးရုံအုပ်ချုပ်မှုနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုပညာ) သင်တန်း(၁/၂၀၁၇) ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများ။
၅။ ဆေးရုံအုပ်ချုပ်မှု ပညာဒီပလိုမာသင်တန်း(၁/၂၀၁၇) ဘွဲ့ရ အောင်စာရင်းထုတ်ပြန်ပြီးသူများ။
၆။ ဆေးပညာသင်ကြားရေး ဒီပလိုမာသင်တန်း (၃/၂၀၁၇) ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများ။

ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး (၁၅၀၀/-)ကျပ်နှင့် အဝေးရောက်ဘွဲ့ယူလိုသူများသည် အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး (၁၀၀၀/-)ကျပ်ကို ပေးသွင်းရမည်။ သတ်မှတ်ထားသော လျှောက်လွှာတွင် ပြည့်စုံစွာ ဖြည့်စွက်လျက် လွန်ခဲ့သည့်သုံးလအတွင်း ရိုက်ကူးထားသော (တစ်လက်မခွဲ× နှစ်လက်မ)အရွယ် ရောင်စုံဓာတ်ပုံ(၅)ပုံနှင့်အတူ ၂-၂-၂၀၁၈ ရက်၊ နောက်ဆုံးထား၍ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်မော်ကွန်းထိန်းထံ လျှောက်ထားနိုင်သည်။ ဘွဲ့တက်ရောက်ယူမည့်သူများသည် အစမ်းလေ့ကျင့်ခြင်းကို မပျက်မကွက် တက်ရောက်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်မော်ကွန်းထိန်းရုံးခန်း (ဖုန်း-၀၁-၃၉၅၃၆၇)၊ စာမေးပွဲ/ဘွဲ့နှင်းသဘင်ဌာနစု (ဖုန်း-၀၁-၃၉၅၂၁၃၊ ၃၉၅၂၁၄ (လိုင်းခွဲ-၁၅)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အမိန့်အရ
လှလှရီ
မော်ကွန်းထိန်း
ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒကိုဏာသိရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၉/ဒကိုဏာသိရိတောင်ရပ်)၊ ပေ(၈၀×၈၀) မြေကွက်အမှတ် (၁/၃၁၈၆)၊ ဒုတိယပိုလိမ္မာကြီးဒေါ်ခင်ဇော်(ဘ)ဦးစံမြိုင်[၈/မကန(နိုင်)၀၂၂၉၅] အမည်ပေါက်ပါမစ်မြေအား အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးတင်မောင်ဝင်း(ဘ) ဦးဘိုညွှန့်[၉/မရတ(နိုင်)၀၄၆၈၃၇]မှ မြေပေးမိန့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဦးတင်မောင်ဝင်း အား ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒကိုဏာသိရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၉/ဒကိုဏာသိရိတောင်ရပ်)၊ ပေ(၈၀×၈၀) မြေကွက်အမှတ် (၁/၃၁၈၇)၊ ပိုလိမ္မာကြီးထင်ဇော်ဝင်း(ဘ)ဦးကျော်ဝင်း [၁၃/ရစန(နိုင်)၀၂၂၉၃] အမည်ပေါက်ပါမစ်မြေအား အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးတင်မောင်ဝင်း(ဘ) ဦးဘိုညွှန့်[၉/မရတ(နိုင်)၀၄၆၈၃၇]မှ မြေပေးမိန့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဦးတင်မောင်ဝင်းအား ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

ပြန်လည်ရောက်ရှိသူများမှ ခင်နန္ဒာ (ဗုဒ္ဓဂယာ) သို့ ပို့သမေတ္တာ မုဒိတာများ ■ ဝေ-၅၆၀၀၁၂၃

၁-၁-၂၀၁၈ ခင်အောင်ထူး ဝေ-၄၄၀၀၃၃၃၄၄၄

- ခရီးစဉ်တလျှောက်လုံးကောင်းမွန်ပါသည်။ ဦးတင့်ဆွေ (မန္တလေး ဝေ-၂၁၀၄၁၂၂)
- Many Thanks. ဦးမြင့်အောင် (သနပွင် ဝေ-၄၂၀၃၂၀၄၆)
- ရွေးချယ်မှုမှန်ကန်သွားပါသည်။ ဒေါ်စိန်သွယ် (ကော့ကရိတ် ဝေ-၄၂၀၀၂၆၆၃)
- ခင်နန္ဒာနဲ့ပဲ သွားကြပါလို့ အကြံပြုပါရစေ။ ဒေါ်ယဉ်ယဉ်ဦး (မကွေး ဝေ-၂၄၈၄၀၂၂၂)
- အလွန်ကောင်းမွန်ပါသည်။ ကိုဝင်းနိုင် (သာကေတ ဝေ-၄၄၀၀၄၄၄၄)
- ခွေးထွေးမှုကောင်း ဦးလွန်းကြည် (တိုက်ကြီး ဝေ-၄၂၀၁၀၆၁၀)
- တာဝန်ကျေပွန်ဝန်ဆောင်မှုကောင်းမွန်ပါသည်။ ဦးမြင့်စန်း (မ/ဥက္ကလာ ဝေ-၀၉၂၂၄၀၀၀)
- အခွဲသားအားလုံး လက်တွဲညီပါသည်။ ဒေါ်စန်းစန်းယု (ဟသ်ာတ ဝေ-၀၉၂၀၂၀၂၀)
- ဦးဆောင်စီစဉ်မှုတော်ပါသည်။ ဒေါ်မြလွင် (ဟသ်ာတ ဝေ-၀၉၈၀၁၂၀၆)

၃-၁-၂၀၁၈ တေဇာ ဝေ-၂၄၄၅၅၀၀၆၆

- တတိယအကြိမ် သွားနိုင်ရန် အဓိဋ္ဌာန်ပြုပါသည်။ ဦးစစ်အောင်ဌေး (အရှေ့ဒဂုံ ဝေ-၀၉၁၀၆၃၀၀၅)
- အဆင်ပြေလိုက်တာနော်။ ဒေါ်မော်မော်စိုး (သဃ်နဲကျွန်း ဝေ-၄၄၀၀၅၅၀၆)
- တတိယအကြိမ်လည်း ခင်နန္ဒာနှင့်ဘဲ သွားဘို့ဆုံးဖြတ်လိုက်ပါပြီ။ ဒေါ်လှသိန်း (သဃ်နဲကျွန်း ဝ၁-၈၅၆၂၀၆၈)
- အားလုံးအဆင်ပြေကောင်းမွန်ပါသည်။ ဒေါ်သင်းသင်းစိုး (မြောက်ဒဂုံ ဝေ-၂၄၄၂၄၀၀၅၂)
- ဒီထက်မက အောင်မြင်ပါစေ။ ဒေါ်သဲထိန် (သထုံ ဝေ-၉၀၅၂၀၀၀၄)
- အထူးစိတ်ရှည်ပြေလျော်ပါသည်။ ဒေါ်ချစ်မန္တ (တာမွေ ဝေ-၄၁၀၄၀၀၅၁)
- Thanks For All. ခင်ဦးသိန်း (လင်းယတော် ဝေ-၄၂၁၀၀၀၄၄)
- သူတို့လို တာဝန်ကျသူများ မြင်ပြင်းသေးပါ။ မြင့်မြင့်စန်း (လမ်းမတော် ဝေ-၀၉၈၅၂၂၂၆၃)
- မျှော်မှန်းထားသည်ထက်ပို၍ သာလွန်လုပ်ပါသည်။ အေးချမ်းသူ (တောင်/သွန်. ဝေ-၉၁၂၂၁၀၀)
- ကျေးဇူးတင်ပါသည် "ခင်နန္ဒာ"။ ဒေါ်မေသူဝင်း (မရမ်းကုန်း ဝေ-၄၀၀၀၀၀၀၀)

သင့်သွေးဖြင့် အသက် ကယ်ပါ

Holiday
Car Rental Service
Ph: 09-5111235, 09-420077975

ဂွမည်
(၇)မိုင်၊ ကုန်းမြင့်ရိပ်သာ၊ ပေ (၂၂×၆၀)ပေါ်ရှိ နှစ်ထပ်တိုက်လုံး ခြင်း၊ ဘိုထိုင်ခုံလိုး ၂ လုံး၊ AC ၂ လုံး၊ ကားသေးဝင်နိုင်။
Ph:09-5093702, 09-421013517

ကိုသန့်ခင်
CAR RENTAL
09-43117680, 09-5059821

ပင်ကြေသောဝန်း
09-258022220
09-250499979
09-73209992
09-254449533

တက်နေဝန်း
(10'/14')Box
09-442076599
09-400448695
09-33100721

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

1 Sqft = 5000 Ks

Ph: 09-797920009

မြန်မာနိုင်ငံအမျိုးသမီးရေရာအဖွဲ့ချုပ်
အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့
ဝါဝါသန်းအလှပြင်ဆိုင်တို့ ပူးပေါင်းဖွင့်လှစ်မည့် ဆံပင်/မိတ်ကပ် အလှပြင်သင်တန်းတက်ရောက်ခွင့် လျှောက်လွှာခေါ်ယူခြင်း

- သင်တန်းဖွင့်မည့်ရက် - ၂၃-၁-၂၀၁၈
- သင်တန်းဖွင့်လှစ်မည့်နေရာ - ၂၉၄၊ လမ်း(၄၀)၊အထက်ဘလောက်
- သင်တန်းအချိန် - နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ (အင်္ဂါနေ့ မှ စနေနေ့)
- သင်တန်းကာလ - ၂လ
- လက်ခံမည့်သင်တန်းသူဦးရေ - ၄၀ ဦး (အမျိုးသမီးများသာ)
- လျှောက်လွှာရောင်းချမည့်ရက် - ၁၀-၁-၂၀၁၈
- လျှောက်လွှာတင်ရန်နောက်ဆုံးရက် - ၂၂-၁-၂၀၁၈
- လျှောက်လွှာတင်ရမည့်နေရာ - အမှတ် (၆၈)၊ အနော်ရထာလမ်းနှင့် ဝိုလ်အောင်ကျော်လမ်းထောင့်၊ ဝါဝါသန်းအလှပြင်ဆိုင်။

ဖုန်း-၈၂၄၅၄၉၃၊ ၃၇၃၄၉၈
၀၉- ၅၀၇၂၄၄၅၅၊ ၀၉- ၅၄၀၀၄၁၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၀)၊ နီလာ(၃)လမ်း၊ မြေကွက်အမှတ် (၄၂၇/ဒ)၊ ဒေါ်နော်ဖော့ရှိ မြေဌားဂရန် အမည်ပေါက်သည့် မြေအကျယ်ပေ(၂၀×၆၀)ရှိ မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ဒေါ်နော်ဖော့ရှိမှ အမည်ပေါက်ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်း မူရင်းများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်ဝေဝေခိုင်(ခ) ဒေါ်မြမြငွေး (စဉ်-၆၆၀၅)
တရားလွှတ်တော်ရှေ့နေ
နှုန်း- (ဃ/၃၀၄)၊ ပထမထပ်၊ ဧမောသီလမ်း၊ မြောက်ဥက္ကလာပ၊
ဖုန်း-၀၉ ၅၄၀၇၂၂၉

"လုံးချင်းတိုက်ငှားရန်ရှိသည်"

(25' x 50')နှစ်ထပ်တိုက်လုံးချင်း၊ ရေတွင်းကား ပါကင်(၃)စီးနေရာရှိပါသည်။ Air Con (7) လုံး၊ မီးစက်ပါ၊ 24 Hours လုံခြုံရေးကောင်းမွန်ပါသည်။ တိုက်ရိုက် အငှားများသာဆက်သွယ်ပါရန်။
Ph – 09799255688, 098302000

တောမဲ့မြေသားရေတိုက်စား၏

ဒဂုံတက္ကသိုလ်
(၂၉) ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

ဒဂုံတက္ကသိုလ်မှ ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ၊ ဧပြီလ၊ မေလနှင့် စက်တင်ဘာလများတွင် ကျင်းပခဲ့သော မဟာသုတေသနဘွဲ့၊ မဟာဥပဒေဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့ဖြင့် စာမေးပွဲအောင်မြင်၍ ဘွဲ့အသီးသီးရရှိပြီး၊ ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်ထားသူများအနက် အောက်ပါဘွဲ့ရရှိပြီးသူများအတွက် ဘွဲ့နှင်းသဘင်ကို ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ရန်ကြေညာလိုက်ပါသည်။

၁။ **(၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင် (၃၀-၁-၂၀၁၈)ရက်၊ အင်္ဂါနေ့**

နံနက်ပိုင်း-နံနက်(၉း၀၀)နာရီ

- မဟာသုတေသနဘွဲ့ - သတ္ထုဗေဒ
- မဟာဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ၊ ပထဝီဝင်
- မဟာသိပ္ပံဘွဲ့ - ရူပဗေဒ
- ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - အင်္ဂလိပ်စာ
- သိပ္ပံဂုဏ်ထူးဘွဲ့ - ရူပဗေဒ
- ဝိဇ္ဇာဘွဲ့ - ပထဝီဝင်
- သိပ္ပံဘွဲ့ - သတ္ထုဗေဒ၊ Biotechnology
- ဘွဲ့လွန်ဒီပလိုမာဘွဲ့ - Computer Science

ညနေပိုင်း-မွန်းလွဲ(၂း၀၀)နာရီ

- မဟာသုတေသနဘွဲ့ - ရူပဗေဒ
- မဟာသိပ္ပံဘွဲ့ - သတ္ထုဗေဒ
- ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - ပထဝီဝင်
- သိပ္ပံဂုဏ်ထူးဘွဲ့ - ရူပဗေဒ၊ သတ္ထုဗေဒ
- ဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ
- သိပ္ပံဘွဲ့ - ရူပဗေဒ၊ ကွန်ပျူတာသိပ္ပံ
- ဘွဲ့လွန်ဒီပလိုမာဘွဲ့ - Geographic Information System

အစမ်းလေ့ကျင့်ရန် (၂၇-၁-၂၀၁၈)ရက် နံနက် (၉း၀၀)နာရီ

၂။ **(၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင် (၃၀-၁-၂၀၁၈)ရက်၊ ဗုဒ္ဓဟူးနေ့**

နံနက်ပိုင်း-နံနက်(၉း၀၀)နာရီ

- မဟာသုတေသနဘွဲ့ - ဘူမိဗေဒ
- မဟာသိပ္ပံဘွဲ့ - ကုန်ထုတ်ဓာတုဗေဒ
- သိပ္ပံဂုဏ်ထူးဘွဲ့ - ကုန်ထုတ်ဓာတုဗေဒ
- ဝိဇ္ဇာဘွဲ့ - သမိုင်း
- သိပ္ပံဘွဲ့ - ကုန်ထုတ်ဓာတုဗေဒ၊ ဘူမိဗေဒ

ညနေပိုင်း-မွန်းလွဲ (၂း၀၀)နာရီ

- မဟာဝိဇ္ဇာဘွဲ့ - ရှေးဟောင်းသုတေသနပညာ
- မဟာသိပ္ပံဘွဲ့ - ဘူမိဗေဒ
- ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - ရှေးဟောင်းသုတေသနပညာ
- သိပ္ပံဂုဏ်ထူးဘွဲ့ - မိုးလေဝသပညာ၊ ဘူမိဗေဒ
- ဝိဇ္ဇာဘွဲ့ - ရှေးဟောင်းသုတေသနပညာ
- သိပ္ပံဘွဲ့ - ရူပဗေဒ

ညနေပိုင်း-မွန်းလွဲ (၂း၀၀)နာရီ

- မဟာသုတေသနဘွဲ့ - ဓာတုဗေဒ၊ ရုက္ခဗေဒ
- မဟာဥပဒေဘွဲ့ - ဥပဒေပညာ
- သိပ္ပံဂုဏ်ထူးဘွဲ့ - ဓာတုဗေဒ၊ ရုက္ခဗေဒ
- ဝိဇ္ဇာဘွဲ့ - မြန်မာမှုပညာ
- သိပ္ပံဘွဲ့ - ဓာတုဗေဒ၊ အဏုဇီဝဗေဒ

အစမ်းလေ့ကျင့်ရန် (၂၈-၁-၂၀၁၈)ရက် နံနက် (၉း၀၀)နာရီ

၄။ **(၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင် (၂၊၂-၂-၂၀၁၈)ရက် သောကြာနေ့**

နံနက်ပိုင်း နံနက် (၉း၀၀)နာရီ

- မဟာသုတေသနဘွဲ့ - ဒဿနိကဗေဒ
- မဟာသိပ္ပံဘွဲ့ - သချိာ
- ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ ဒဿနိကဗေဒ၊
- သိပ္ပံဂုဏ်ထူးဘွဲ့ - သချိာ၊ ဇီဝဓာတုဗေဒ
- ဝိဇ္ဇာဘွဲ့ - စိတ်ပညာ၊နိုင်ငံတကာဆက်ဆံရေးပညာ၊ ဒဿနိကဗေဒ
- သိပ္ပံဘွဲ့ - ဇီဝဓာတုဗေဒ၊ အားကစားပညာ

ညနေပိုင်း-မွန်းလွဲ(၂း၀၀)နာရီ

- မဟာသုတေသနဘွဲ့ - မနုဿဗေဒ၊ အရှေ့တိုင်းပညာ
- မဟာဝိဇ္ဇာဘွဲ့ - မနုဿဗေဒ
- ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - အရှေ့တိုင်းပညာ၊ မနုဿဗေဒ
- ဝိဇ္ဇာဘွဲ့ - အရှေ့တိုင်းပညာ၊ မနုဿဗေဒ
- သိပ္ပံဘွဲ့ - သချိာ

အစမ်းလေ့ကျင့်ရန်(၂၈-၁-၂၀၁၈)ရက် မွန်းလွဲ (၁း၀၀)နာရီ

အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း (အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို (၂၄-၁-၂၀၁၈)ရက်မှ (၂၅-၁-၂၀၁၈)ရက်ထိ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ထုတ်ပေးပါမည်။

(သက်လွင်)
ဌာနမှူး-သင်တန်းရေးရာဌာန
ဒဂုံတက္ကသိုလ်

ဂုဏ်ယူဝမ်းမြောက်ခြင်း

အနှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ လူပုပ္ပါလ်ဆိုင်ရာ အမြင့်ဆုံး **"အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓဇ"** ဘွဲ့တံဆိပ်ခ်ီးမြှင့်ခြင်းခံရသော တက်လမ်းကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဒကာကြီး **ဦးရှိန်ဝင်း**အား လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်ဆက်လက်၍ ချင်းပြည်နယ်၊ တောင်ပိုင်း၊ မြောက်ပိုင်းဒေသများရှိ ဘ/ကကျောင်းများ တည်ဆောက်လှူဒါန်းပေးခြင်း၊ ကျောင်းဆရာ၊ ဆရာမများအား ကူညီပံ့ပိုးပေးခြင်း၊ လစဉ်လိုအပ်သည့် ရိက္ခာဆန်နှင့် ပဲနို့အာဟာရတိုက်ကျွေးခြင်း၊ နှစ်စဉ်နွေရာသီကာလတစ်လျှောက် ဆရာ၊ဆရာမများကို ရန်ကုန်သို့ ဘာသာရေး၊ အင်္ဂလိပ်စာ၊ အသက်မွေးဝမ်းကျောင်းပညာများအတွက် မွမ်းမံသင်တန်းပေးခြင်းများ ဆက်လက်ဆောင်ရွက်လုပ်ကိုင်နိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

၁။ ဘဒ္ဒန္တဝါသေဋ္ဌ(မဟာသဒ္ဓမ္မဇောတိကဓဇ)၊ တီးတိန်မြို့၊ ချင်းပြည်နယ်မြောက်ပိုင်း။

၂။ ဘဒ္ဒန္တဥတ္တမ(မဟာသဒ္ဓမ္မဇောတိကဓဇ)၊ ကန်ပက်လက်မြို့၊ ချင်းပြည်နယ်တောင်ပိုင်း။

၃။ ဘဒ္ဒန္တသောဘန(မဟာသဒ္ဓမ္မဇောတိကဓဇ)၊ မင်းတပ်မြို့၊ ချင်းပြည်နယ်တောင်ပိုင်း။

၄။ ဘဒ္ဒန္တညာဏဝရ(သဒ္ဓမ္မဇောတိကဓဇ)၊ မရှိန်းလှော်ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်တောင်ပိုင်း။

၅။ ဘဒ္ဒန္တနန္ဒာသီရိ(သဒ္ဓမ္မဇောတိကဓဇ)၊ ပန်အော့ကျေးရွာ၊ မင်းတပ်မြို့၊ ချင်းပြည်နယ်တောင်ပိုင်း။

၆။ ဘဒ္ဒန္တအဂ္ဂါစာရ၊ ကျော့တော်ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်တောင်ပိုင်း။

၇။ ဘဒ္ဒန္တဝိစိတ္တ၊ ထီးလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး။

၈။ ဘဒ္ဒန္တနန္ဒမာလာ၊ တောင်ကုန်းကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်တောင်ပိုင်း။

၉။ ဘဒ္ဒန္တဉာဏိဿရ၊ ကျင်ဒွေးကျေးရွာ၊ မုန်းချောင်းအနောက်ဘက်ခြမ်း၊ ကန်ပက်လက်မြို့နယ်၊ ချင်းပြည်နယ်တောင်ပိုင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပဲခူးမြို့ စွေးပြိုင်အဆိုပြုလွှာအိတ်ဖွင့်တင်ဒါဖိတ်ခေါ်ခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် အပြီးလုပ်နိုင်းအပ်နှံရမည့် အောက်ဖော်ပြပါ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံလိုပါသဖြင့် စွေးပြိုင်အဆိုပြုလွှာ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အကြီးစားပြင်ဆင်ခြင်း(ဒိုင်းများလဲလှယ်တပ်ဆင်ခြင်း/အမိုးမိုးခြင်း/ ပန်းပြားတပ်ဆင်ခြင်း/မျက်နှာကြက်လုပ်ငန်း/ နံရံလုပ်ငန်း/ ကြမ်းခင်းလုပ်ငန်း/သစ်သားတိုင်လုပ်ငန်း/ Apron & Drain လုပ်ငန်း/ ပြတင်းပေါက်တံခါးများ ပြုပြင်ခြင်း/ဆေးသုတ်လုပ်ငန်း၊ (ထပ်တိုး)အစည်းအဝေးခန်းမ ဆေးသုတ်ခြင်း/ လျှပ်စစ်လုပ်ငန်းနှင့် ရေသန့်လုပ်ငန်း)

၂။ စွေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား တင်သွင်းမည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင် (သို့မဟုတ်) ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ စွေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံအား တစ်စုံလျှင်(၁၀၀၀၀/-)(ကျပ်တစ်သောင်းတိတိ)ဖြင့် ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့တွင် ၂၃-၁-၂၀၁၈ ရက်မှ ၃၀-၁-၂၀၁၈ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

၄။ စွေးပြိုင်အဆိုပြုလွှာများကို တိုင်းအုပ်ချုပ်ရေးမှူး၊ ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့ထံ လိပ်မူ၍ ၃၀-၁-၂၀၁၈ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့ရှိ တင်ဒါပုံးအတွင်းသို့ တင်သွင်းရမည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၅၂-၂၂၀၀၄၉၂၊ ၀၅၂-၂၂၀၀၉၀ မှားသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်း(အမျိုးသား၊ အမျိုးသမီး)များ အလိုရှိသည်။

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လစာနှုန်းကျပ် (၁၉၅၀၀၀-၂၀၀၀-၂၀၅၀၀၀) ဖြင့် ဒုတိယရဲအုပ်လောင်း(အမျိုးသား၊ အမျိုးသမီး)အတွက် လျှောက်လွှာများ အလိုရှိသည်။

၂။ ရွေးချယ်ခြင်းခံရသူများသည် ဒုတိယရဲအုပ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးသောအခါ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ဒုတိယရဲအုပ်အဖြစ် ခန့်ထားခြင်းခံရပါမည်။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။

(ခ) ၁-၁-၂၀၁၈ ရက်တွင် အသက်(၁၈)နှစ်ထက်မငယ်၊ အသက်(၃၀) နှစ်ထက် မကြီးသူ ဖြစ်ရမည်။

(ဂ) အောက်ဖော်ပြပါ ပညာအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်-

(၁) နိုင်ငံခြားဘာသာတက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူ

(၂) ဥပဒေဘွဲ့ရရှိသူ၊

(၃) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ၊ နိုင်ငံတကာဆက်ဆံရေး၊ စိတ်ပညာ) ဘွဲ့ရရှိသူ၊

(၄) သိပ္ပံဘွဲ့ (ဓာတုဗေဒ၊ ဇီဝဓာတု၊ ရူပဗေဒ၊ သင်္ချာ၊ ကွန်ပျူတာ) ဘွဲ့ရရှိသူ၊

(၅) အသက်မွေးဝမ်းကျောင်းပညာတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ၊

(က၈) BE/B.Tech (Civil, EP, EC, Mech, IT)

(ခခ) B.Act

(ဂဂ) B.Com

(ဃဃ) B.Econ (Stats)

(၄၄) B.C.Sc/B.C.Tech

(ဘွဲ့ရသည့် ပညာသင်နှစ်အတွက် ဘွဲ့နှင်းသဘင် ကျင်းပပြီးစီးပါက ဘွဲ့လက်မှတ်မူရင်း/ဘွဲ့နှင်းသဘင် မကျင်းပရသေးပါက ဘွဲ့ရရှိကြောင်း ယာယီဘွဲ့ထောက်ခံစာ မူရင်းတို့အား တင်ပြရမည်။)

(ဃ) အမျိုးသားများအတွက် အရပ်အမြင့် ၅ပေ ၎လက်မ၊ ရင်အုပ်ခုံနေရာ ၃၂ လက်မနှင့် ကိုယ်အလေးချိန် အနည်းဆုံး(၁၁၀)ပေါင်နှင့် အထက်ရှိရမည်။

(င) အမျိုးသမီးများအတွက် အရပ်အမြင့် ၅ပေ ၃ လက်မ၊ ကိုယ်အလေးချိန် အနည်းဆုံး(၁၀၀)ပေါင်နှင့်အထက် ရှိရမည်။

(စ) ဆေးအဆင့် (က)ရှိရမည်။

(ဆ) မျက်မှန်တပ်ဆင်ထားသူများ လျှောက်ထားရန်မလိုပါ။

(ဇ) ကိုယ်အင်္ဂါချို့ယွင်းသူများ မဖြစ်စေရ။

(ဈ) သတ်မှတ်ထားသော ဆေးစစ်ခြင်းကို အောင်မြင်သူဖြစ်ရမည်။

(ည) နယ်ဘက် တရားရုံးများတွင် မှုခင်းကင်းရှင်းသူဖြစ်ရမည်။

(ဋ) မြန်မာနိုင်ငံအတွင်း မည်သည့်ဒေသတွင်မဆို တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၄။ လျှောက်ထားသူများကို ရေးဖြေစာမေးပွဲဖြေဆိုစေပြီး ဖြေဆိုအောင်မြင်မှသာ စိတ်စစ်ဆေးခြင်း၊ ကြိုခိုင်စွမ်းရည်စစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းများပြုလုပ်မည်။ စိတ်စစ်ဆေးခြင်းနှင့်ကြိုခိုင်စွမ်းရည်စစ်ဆေးခြင်းများ မပြုလုပ်မီ ရွေးဦးစွာ စစ်ဆေးခြင်းခံရမည်ဖြစ်ပြီး ဆေးစစ်ဆေးခြင်းအောင်မြင်မှသာ ဆက်လက်ဖြေဆိုခွင့်ပြုပါမည်။

၅။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှုးရုံးများတွင် ရယူနိုင်သည်။ သတ်မှတ်ထားသော လျှောက်လွှာပုံစံမူရင်းဖြင့် လျှောက်ထားခြင်းကိုသာ လက်ခံမည်။

၆။ လျှောက်လွှာပုံစံနှင့်အတူ-

(က) ဘွဲ့လက်မှတ် မိတ္တူနှုန့် အခြေခံပညာ (၁၀)တန်းအောင်လက်မှတ် မိတ္တူ။

(ခ) ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်၊

(ဂ) အိမ်ထောင်မရှိ လူပျို/အပျိုဖြစ်ကြောင်း ဝန်ခံချက်၊

(ဃ) ဒုရဲအုပ်လောင်းသင်တန်းတက်ရောက်နိုင်ကြောင်း ဝန်ခံချက်၊

(င) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ကြောင်းဝန်ခံချက်၊

(စ) သင်တန်းပြီးဆုံး၍ တာဝန်ပေးအပ်ပါက အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံချက်၊

(ဆ) ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ၊

(ဇ) အလုပ်သမားမှတ်ပုံတင်မိတ္တူတို့ ပါရှိရမည်။

၇။ လျှောက်လွှာကို ဒုတိယရဲအုပ်လောင်း လျှောက်လွှာစိစစ်ရေးအဖွဲ့သို့ လိပ်မူပြီး လျှောက်လွှာရယူခဲ့သော သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှုးရုံးများသို့ ၁၀-၂-၂၀၁၈ ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။

၈။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော တပ်တွင်းဘွဲ့ရ(တပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်း)များနှင့် အခြားဌာနများတွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ လျှောက်ထားရန်မလိုပါ။

၉။ စာရွက်စာတမ်းနှင့် သတ်မှတ်အချက်အလက်များ မပြည့်စုံသည့် လျှောက်လွှာများ၊ သတ်မှတ်ရက်ထက်နောက်ကျပြီးမှ ရောက်ရှိလာသော လျှောက်လွှာများအား လက်ခံစဉ်းစားဆောင်ရွက်ပေးမည် မဟုတ်ပါ။

၁၀။ ဆေးစစ်ဆေးခြင်း၊ စိတ်စစ်ဆေးခြင်း၊ ကြိုခိုင်စွမ်းရည် စစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် အသက်စိစစ်အတည်ပြုရန်အတွက် (၁၀)တန်းအောင်လက်မှတ်(မူရင်း)၊ ဘွဲ့လက်မှတ်/ယာယီဘွဲ့ထောက်ခံစာ(မူရင်း) ယူဆောင်လာရမည်။

(၆၆)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ်ပွဲတော်ကို

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၊ ပြည်ထောင်စုခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ ကယားပြည်နယ်သူ/သားများ၊ ကယားပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူများအားလုံး တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ရက်နေ့ - ၁၄-၁-၂၀၁၈ ရက်(တနင်္ဂနွေနေ့)

အချိန် နံနက် ၁၀း၀၀ နာရီ

ကယားရိုးရာ အစားအသောက်များဖြင့် တည်ခင်းဧည့်ခံပါမည်။

(၆၆)နှစ်မြောက် ကယားပြည်နယ်နေ့ ကျင်းပရေးကော်မတီ(ရန်ကုန်)

ဖုန်း-၀၉-၅၀၀၆၃၆၇၊ ၅၁၄၇၉၀၄၊ ၅၁၁၅၂၄၁၊ ၅၆၀၀၁၁၂၊ ၅၀၁၉၀၅၁၊ ၅၁၀၀၉၀၉

ဥတုရာသီ တောကိုမို၏

အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပဒုမ္မာလမ်း၊ အမှတ်(၁၉)နေ မိခင်ကြီး **ဒေါ်ဆိုက်တီ** အား နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၈ဖြင့် ဂုဏ်ပြုချီးမြှင့်အပ်နှင်းသည့် **သီဟသုခမွှသိဏီဘွဲ့**ကို ထိုက်ထိုက်တန်တန်ရရှိသည့်အတွက် အထူးလှိုက်လှဲဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာ၍ အမျိုးဘာသာ၊ သာသနာ့အကျိုးများကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားသမီးများ

ဦးသိန်းသန်း-Dr. ပြုံးပြုံးစိန်	**ဒေါ်ယဉ်ယဉ်မြင့်၊ ဒေါ်ဌေးဌေးမြင့်**
ဦးသန်းဌေး-ဒေါ်သင်းသင်းညွှန့်	**ဒေါ်သန်းသန်းမြင့်၊ ဒေါ်ခင်လှလှတီ**
Dr.မြင့်စိုး-ဒေါ်ဝါဝါလှိုင်	**ဒေါ်ခင်စပယ်လှိုင်၊ ဒေါ်ခင်ကြည်**

ဝမ်းမြောက်ဂုဏ်ယူကြောင်း

ဖွားဖွားကြီး **ဒေါ်ဆိုက်တီ** အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၈ ဖြင့် **သီဟသုခမွှသိဏီ** ဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်းခံရပါသဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကျန်းမာချမ်းသာစွာဖြင့် ဘာသာ၊ သာသနာအကျိုး ဆတက်ထမ်းပိုးတိုး၍ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်မြေးများ

ကျော်လတ်ဦးထွန်း	**စိုးလှိုင်သိန်း**	**ဒေါက်တာ ဖူးပြည့်စုံဌေး**
ဒေါက်တာဖြိုးဟန်သိန်း	**သက်ပိုင်ဌေး**	**အိဖြူသိန်း**
		ပြည့်စိုးထက်

""အထူးဂုဏ်ယူဝမ်းမြောက်ခြင်း""

(၄-၁-၂၀၁၈) လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှ ချီးမြှင့်သည့် သုခမွှသီဂီဘွဲ့တံဆိပ်တော် အပ်နှင်းခြင်းခံရသော အားငါးပါး ညီအစ်မ ဒေါ်ဝင်းရွှေစင်မိုး အား ဝမ်းသာဂုဏ်ယူမိကြောင်းနှင့် ဘာသာ သာသနာအကျိုး နိုင်ငံတော်အကျိုးများ စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

အားငါးပါးညီအစ်မများ

လင်းရောစ်ခြမ်း

Sales and Marketing
Blue Staff
Reception

ဖုန်း-၀၁-၂၂၀၃၈၆, ၀၁-၂၁၀၃၇၆, ၀၉-၂၁၀၀၀၈၇၆

မီးသတိပြု

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ဖော်ကြွေးတင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
၁	စ/မမ/CE	6.5 mm Ø M.S Rod (500-Ton)
၂	ခ/မမ/CE	လမ်းဆင်းကျောက် (1" x 1 ½ ") (ကိန်ခဲ) (၅၀၀-ကျင်း) နှင့် (6" x 9") ကျောက်ကြီး (၂၂၀၀-ကျင်း)ကို (ပုသိမ်ဘူတာ ရထားတွဲပေါ် အရောက်)

တင်ဒါဝိုင်းပွင့်မည့် နေ့/အချိန် - အမှတ်စဉ်(၁) ၁၈ . ၁ .၂၀၁၈ (ကြာသပတေး နေ့) (၁၄:၃၀)နာရီ
အမှတ်စဉ် (၂) ၂၃ . ၁ .၂၀၁၈ (အင်္ဂါနေ့) (၁၄ : ၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၈.၁.၂၀၁၈)ရက်နေ့မစ္စည်း ရုံးဖွင့်အချိန်
ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ ဖေးမြန်းနိုင်ပါသည်။

ဆောက်ပုံဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ဝိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

တစ်ဦးတည်းဖြစ်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ (ယ) ရပ်ကွက်နေ မောင်ဇော်မင်းထွဋ်၏ ဖခင် ဦးခင်ဇော်(ခ)ဦးခင်မော် [၇/နတလ (နိုင်)၀၀၂၄၅၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးခင်ဇော်(ခ)ဦးခင်မော်

မြေကွက်ရောင်းမည်။

တေးခေး နိုးဆိုးသမ်းရှေ့ ဂေ ၂၇၃ အကွာအဝေး မြေ ၃၂၀၀ပေတိုးနှစ်ဆေး ပေတာရန်း(နှစ်သိန်းခွဲဆောင်း) ဆက်ဆွေ ဆောင် (၂၇၄)ဆေးညွှန်းမြေ(ရတနာ) Ph: 09- 459363863

ဝန်ဆောင်မှုပေးသည်

စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် G.P, S.P ကျမ်းကျိန်လွှာ အရောင်းအဝယ်စာချုပ် ပိုင်ဆိုင်ကြောင်းစာချုပ်များဝန်ဆောင်မှုဆောင်ရွက်ပေးသည်။ ၀၉-၅၂၃၀၄၆၃၀၊ ၀၉-၄၂၅၀၁၅၂၇၇။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တို့ ကာလမြေနယ် မြောက်ဥက္ကလာပအမှတ် (၃၇) H၊ ၃၇ I ၊ ၃၇ J၊ ၃၇ I၊ မြေကွက် အမှတ်(၁၀၀၀) အကျယ် အလျား (၃၆၀၀ တေးခွန်းပေ) (၁.၀၀၃ ဧက)အကျယ်ရှိ ဦးပြင်လွှင် အပေါ်ယံတက် ဝိုင်းရိုင်းသော နှစ်ပင်(၁၀)ခန့်ခန်မြဲကွက် (အရပ်ဒေသ) တာဝန်ရှိသူများ မေကွေးသွန်းလှိုက်ကွက် စက်မှုဇုန်(၁)၊ အမှတ်(၃၀၀)တွင်ဆောင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဂါရုံမီတာရှင့် အရပ်ရပ်အားလုံးတို့တို့ တစုတဆိတ်သွယ်ပြောင်း ကောင်းမွန်ပြီးပြည့်စုံလှပသော ပြောင်းကြောင်း၊ ဝန်ဆောင်တိုးပြည့် ဦးပြင်လွှင် (၁ ၂/၄ဧကာ(နိုင်း)တွင် ၂၂ ၂/၄ဧကာ ဦးပြင်သို့ (၁ ၂/၄ဧကာ(နိုင်း)၁ ၂၀ ၂၂၃၀)တိုင်အိမ် ကျွန်တော်နှစ်ဖိုးဆောက် အပြီးအလိုလှဲပေးပြောင်းသော်ယူမှု စင်ကွေးဝန်းမှ ကို ကန့်ကွက်ပိုင်ခွင့် ကန်ကွက်ပိုင်းခြားပေးပြီးနေ့ (၁၄)ရက်အတွင်း ပိုင်ဆိုင်ပုံအထောက်အထား (မူရင်း)များဖြင့် ကျွန်တော်တို့ထံတဆောက် ကန့်ကွက်နိုင်းသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိုမှတ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ အကာင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း။ လျှောက်ထွန်းသူများမှာ -

တရားရုံးတော်တော်ရွေးနေ့များ			အထောက်တန်းရွေးနေ့
ဦးသန်းလွန်း (LL.B, D.B.L) (၁၉၉၉)	ဦးတင်ဆောင် LL.B, D.M.L, D.B.L (၁၉၉၆)	ဒေါ်ဟန်းဒီဇိုး LL.B, WIPO(Switzerland) (၁၉၉၀)	ဒေါ်တင်မျိုးဦဝေ LL.B,D.L.L.M (၁၉၉၀)

ရုံးလိပ်စာ - အမှတ်(၇၀)၊ ထောင်ထောင်း၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မြို့တော်ဘိုး၊ ကမာရွတ်မြို့နယ်။
ဖုန်း - 01 2304311, 510760, 510940, 510950, 500643, 502517
ဖက်စ် - အမှတ်(၂၈၅)၊ ထောင်ထောင်း လျှပ်တိုင်လမ်း၊ ငါးသင်္ကြန်ကုန်းမြို့တော်ဘိုး၊ ဗဟန်းမြို့နယ်။
ဖုန်း - 01 - 552742, 01- 559320, 09 5060940, 09 5060938,09 73500535
Email - soesanrealestate@gmail.com

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမည်ပြောင်းသော နိုင်ငံသားစိစစ်ရေး ၁၂/တဇတ(နိုင်)၀၇၅၇၂၇ ကဒ်ပြားဆောင်သူ ဒေါ်အေးအေးမြင့်၏ ယွဲ့အပ်ယွဲ့နှံကြေးနောက်အရေ အောက်ပါအတိုင်း ပြောင်းလဲသွားပါသည်။

ကျွန်ုပ်၏အမည်သည် ဒေါ်အေးအေးမြင့်နှင့် မင်္ဂလာဖြစ်သူဖခင်ဦး(၁၉၉၃)ရုပ်ပုံတင်ကဒ်ပြားဆောင်သူ ဒေါ်ဝေးဝေးမြင့်တို့ သမီး(၂)ဦး ရှေ့နောက်ပေးသည်။ ကျွန်ုပ်အနေဖြင့် ဦးဇော်ဝင်းအောင်သည် ဦးဇော်ဝင်းအောင်ဟူသော နာမည်ကို ဖခင်ဦးဇော်(ခ)ဦးခင်မော

အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ချမ်းမြေမေတ္တာအထူးကုဆေးရုံ (သန်လျင်)၏ C.E.O

ဦးဇော်ဝင်း အား

နိုင်ငံတော်မှဂုဏ်ပြုချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်ဘွဲ့

"သုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်တော်ချီးမြှင့်ခံရခြင်းအတွက်

အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နှင့်ဝန်ထမ်းများ

ချမ်းမြေမေတ္တာအထူးကုဆေးရုံ (သန်လျင်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ကုသရေးဦးစီးဌာန

ဧရာဝတီတိုင်းဒေသကြီးကုသရေးဦးစီးဌာန

ပြည်သူ့ဆေးရုံကြီး - လပွတ္တာမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ လပွတ္တာခရိုင်ခုတင် (၂၀၀)ပြည်သူ့ဆေးရုံကြီးတွင် သုံးစွဲရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးပစ္စည်းများနှင့် ဓာတ်ခွဲ/ဓာတ်မှန်သုံးဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါဖြင့်ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ

စတင်ရောင်းချမည့်ရက် - ၁၅-၁-၂၀၁၈ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၉-၁-၂၀၁၈ ရက်၊ ညနေ (၄း၀၀)နာရီထိ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် ပစ္စည်းများ စာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ခုတင် (၂၀၀)ဆေးရုံအုပ်ကြီးရုံး၊ လပွတ္တာမြို့၊

ဖုန်း ၀၄၂-၂၀၈၃၀၂၅၊ ၀၄၂- ၂၀၈၃၀၂၅၊ ၀၉-၂၅၀၄၃၇၉၉၈။

လူကြီးမင်းတို့၏

နေအိမ်ပြင်ပအတွင်းဖိုအလုပ်ရုံတွင်ကန်ကြီးများတွင် ရေကြည်လင်မှုမရှိသဖြင့် ရေကြည်လင်သန့်ရှင်းအောင် ရေစစ်ကာရန် (Filter) ထည့်ဆောက်တည်ဆင်ယင်ပေးပါသည်။

ဆက်သွယ်ရန်နှုန်း -၀၉-၅၅၃၀၉၉၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဂုဏ်ယူဝမ်းမြောက်မိပါသည်

သယ်နံးကျွန်းမြို့နယ်၊ မြို့နယ်ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံလူရည်ချွန်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ ရက်၊ နံနက် ၉ နာရီက အထက သုဝဏ္ဏကျောင်းသီရိသုဝဏ္ဏပညာခန်းမ၌ ကျင်းပရာ ဗဟိုအဆင့် ၂ ထပ်ကွမ်းနှင့် မြို့နယ်အဆင့် လူရည်ချွန် ၃ ထပ်ကွမ်းရရှိကြသော အထက(၁)ကျောင်းမှ မောင်ကောင်းခန့်ဇော်နှင့် မနုယဉ်ဝင်းတို့အား မြို့နယ်ပညာရေးမှူးဦးစိုးစိုးဦးနှင့် ဒုမြို့နယ်ပညာရေးမှူး ဒေါ်ခင်ခင်ဦးတို့က မြို့နယ် ၃ ထပ်ကွမ်းလူရည်ချွန်၊ ဘက်စုံထူးချွန်ဆုချီးမြှင့်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ကျောင်းအကျိုးတော်ဆောင်အဖွဲ့

ရတနာသစ်တောပြည့်သွေးကြော်သစ်တောရတနာထိန်းသိမ်းပါ

တောတောင်ခြောက်ခန်းလယ်ယာစွန့်မှ

ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက်ကားဈေးကြီး ဖြစ်လာမည့်

GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း

- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဝိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ (Shopping Mall ,Hotel,Office Tower) များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ (၉၀၀,၀၀၀) ကျော်ရှိသည့် (၈) ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဉ္စမထပ်နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်းနှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ (၂၀၀) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ပွဲ့စည်းထားပါသည်။
- Shopping Mall အတွင်းရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၃) ပေ အမြင့်နှင့် လျှောက်လမ်း (Corridor) များကို (၁၄) ပေ မှ (၁၇) ပေ အကျယ်ထိ ပွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ၊ နိုင်ငံတကာအဆင့်မီ မီးဘေးကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည်စုံလုံလောက်သော အလင်းပေါက်ပေါက်များ၊ လှေကားများ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေး စနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် တင်လှေကား (၁၀) စင်း ကို ၎င်း(၄) ၎င်း ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆုံ လူစီးတင်လှေကား (၃) စင်း နှင့် ဧရိယာစက်လှေကား (၂၀) စင်း ပါဝင်ပါသည်။ ၄င်းအပြင် မော်တော်ယာဉ် အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်တင်အား ရရှိရေးအတွက် 25MVA တင်အားခွဲရုံ တစ်ခု တည်ဆောက်၍ တင်အားဂယက်သွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အတက်အထည်များ၊ အလှကုန်များ၊ လျှပ်စစ်ပစ္စည်းများကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ဝွေးကြွေးလုပ်ငန်းများ လွှင့်ပြန် လွယ်ကူစေရန် အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ

DEVELOPER-

GA MONE PWINT CO.,LTD.

TEL : 01- 524 963, 01- 526 928

01- 516 533~6

အမှတ် (၂၄၅)၊ ဗားကရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဓမ္မစကူးလ် နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်

သီပေါ ဇန်နဝါရီ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုရွာမကြီးရှိ ဆုတောင်းပြည့်စေတီတော် ပရိဝုဏ်အတွင်း၌ ဓမ္မစကူးလ် နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ဓမ္မစကူးလ် နှစ်ထပ်ကျောင်းဆောင်သစ်ကြီးကို ဘော်ကြိုဆရာတော်နှင့် နမ့်လန်ဆရာတော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဘော်ကြိုကျေးရွာအုပ်ချုပ်ရေးမှူးက ဓမ္မစကူးလ်ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ကျောင်းဆောင်သစ်အပေါ် ထပ်၌ အခမ်းအနားကိုကျင်းပရာ ဘော်ကြိုဆရာတော်က ပရိသတ်များအား ငါးပါးသီလ ချီးမြှင့်ပေးတော်မူပြီး နမ့်လန်ဆရာတော်က အနုမောဒနာတရား ဟောကြားတော်မူသည်။

ယင်းနောက် ဘော်ကြိုကျေးရွာ အုပ်ချုပ်ရေးမှူးက လျှောက်ထားတင်ပြပြီး သီပေါမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ သီပေါကိုလတ်က ဓမ္မစကူးလ်ကျောင်းဆောင်သစ် ဖြစ်ပေါ်လာပုံအကျဉ်းနှင့် မြေကွက်လှူဒါန်းသူများ၊ USA ပညာပါရမီအဖွဲ့နှင့် ပြည်တွင်း ပြည်ပ အလှူရှင်များ၏ အမည်စာရင်းနှင့် လှူဒါန်းငွေစာရင်းတို့ကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းပြီး ဓမ္မစကူးလ် ပညာသင်ကြားပေးကြသည့် ဆရာ ဆရာမများကို ဆုငွေများချီးမြှင့်ပေးခဲ့ကြသည်။

ကိုနေ(သီပေါ)

ဒေသထွက်ကုန်ကြမ်းကို အသုံးပြုလျက် တန်ဖိုးမြင့်လူသုံးကုန်ထုတ်လုပ်နည်းသင်တန်း ဒေးဒဲရဲမြို့၌ ဖွင့်လှစ်

ဖျာပုံ ဇန်နဝါရီ ၇

အော်ဂဲနစ် အုန်းမှုန့်မြေဩဇာပြုလုပ်နည်း စီးပွားဖြစ် အုန်းပင်စိုက်ပျိုးခြင်းနှင့် Virgin Coconut Oil ကို အခြေခံ၍ ထုတ်လုပ်သော တန်ဖိုးမြင့် လူသုံးကုန်များ ထုတ်လုပ်နည်းသင်တန်းကို ဧရာဝတီတိုင်း ဒေသကြီး ဖျာပုံခရိုင် ဒေးဒဲရဲမြို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သင်တန်းခန်းမ၌ ဇန်နဝါရီ ၆ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

လေးရက်ကြာ ဖွင့်လှစ်မည့် အဆိုပါသင်တန်းကို ဒေးဒဲရဲမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များက ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပြီး မြန်မာနိုင်ငံ အုန်းသီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က ပူးပေါင်းပါဝင်ထားကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်ညို၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးသန်းလွင်၊ ခရိုင်ကျေးလက်ဦးစီးမှူး ဒေါ်အေးကြူတို့ တက်ရောက်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ အုန်းသီး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးမျိုးဝင်းက သင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ သက်တန်းကို ဆက်လက် ပို့ချခဲ့သည်။

သင်တန်းတွင် ဒေသထွက်ကုန် အုန်းပင်မှရရှိသည့် ကုန်ကြမ်းကို အသုံးပြု၍ အော်ဂဲနစ် အုန်းမှုန့်မြေဩဇာ ပြုလုပ်နည်း၊ စီးပွားဖြစ် အုန်းပင် စိုက်ပျိုးနည်း၊ အုန်းပင်မှရသည့် အုန်းသား၊ အုန်းမှုန့်ခွက်များကို အသုံးပြု၍ လူ့အသုံးအဆောင် ပစ္စည်းများပြုလုပ်နည်း စသည့် ပညာရပ်များကို သင်ကြားမည် ဖြစ်ကြောင်းနှင့် ဒေးဒဲရဲမြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

အားကစားအထောက်အကူပြုပစ္စည်းများ ပေးအပ်ပွဲအခမ်းအနား ကျင်းပ

သထုံ ဇန်နဝါရီ ၈

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ မွန်ပြည်နယ် သထုံမြို့နယ် မြို့မအလေးမနှင့် ကာယဗလကလပ်သို့ အားကစား အထောက်အကူပြုပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မာမာခိုင်နှင့် အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်တို့က အမှာစကားပြောကြားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းဒုတိယအတွင်းဝန် ဦးကျော်ဦးက အားကစား အထောက်အကူပြုပစ္စည်းများ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ယင်းနောက် အမြဲတမ်းဒုတိယအတွင်းဝန် ဦးကျော်ဦး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူးချုပ်များဖြစ်ကြသည့် ဦးကျော်ဆန်းနှင့် ဦးထွန်းမြင့်ဦးတို့က ငွေကျပ် ၆၄ သိန်း တန်ဖိုးရှိ အားကစား အထောက်အကူပြုပစ္စည်းများကိုပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူပြီး မြို့မအလေးမနှင့် ကာယဗလကလပ်မှ ဥက္ကဋ္ဌ ဦးအောင်ပန်းစိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ သထုံမြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာများ၊ မြို့မအလေးမနှင့် ကာယဗလကလပ်မှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သက်ဦး(သထုံ)

ဆိုင်ခန်းအမည်ပြောင်းလဲခြင်းအား ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန ကွပ်ကဲမှုအောက်ရှိ မြို့မဈေး၊ ကုန်ခြောက်သားငါးဈေး၊ စပ်စပ်ထွန်းဈေး ဈေးဆိုင်ခန်းအမည်ပြောင်းလဲခွင့်အား အောက်ပါအတိုင်း လျှောက်ထားလာပါသဖြင့် ကြေညာပါသည့်ရက်မှ ၁၅ ရက် အတွင်း တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အမည်ပြောင်းလဲခွင့်အား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၈၁-၂၁၂၀၃၃၊ ၀၈၁-၂၁၂၇၄၄၊ ၀၈၁-၂၁၂၃၉၄ တို့သို့ ဆက်သွယ်စုံစမ်းကန့်ကွက်နိုင်ပါသည်။

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန

စဉ်	ဈေးအမည်	ဈေးရုံအမှတ်	ဆိုင်ခန်း	မူလဆိုင်ခန်းပိုင်ရှင် မှတ်ပုံတင်အမှတ်	လွှဲပြောင်းလက်ခံမည့်သူ မှတ်ပုံတင်အမှတ်
၁	မြို့မဈေး	C	၁၁	ဒေါ်မဲစင်မူ [၁၃/တကန(နိုင်)၀၀၇၃၃၄]	ဒေါ်နန်းသူ [၁၃/တကန(နိုင်)၀၅၀၀၁၅]
၂	မြို့မဈေး	G	၇၁	ဒေါ်တင်အေး [၁၃/တကန(နိုင်)၀၁၂၈၈၇]	ဦးဇော်နေဝင်း [၁၁/မပတ(နိုင်)၀၃၂၃၁၆]
၃	မြို့မဈေး	H	၇၅	ဒေါ်နိုင်နိုင်စိုး [၁၃/တကန(နိုင်)၀၄၉၄၅၃]	ဦးလိန်းမာန် [၄/ဟခန(နိုင်)၀၀၀၂၂၆]
၄	မြို့မဈေး	I	၃၀	ဒေါ်ခင်သက်ဦး [၁၃/တကန(နိုင်)၀၃၂၃၆၅]	ဒေါ်ခင်ဝင်းမေ[၁၃/မကန(နိုင်)၀၀၀၁၄၄]
၅	မြို့မဈေး	I	၉၈	ဒေါ်နုန်းစွဲ [၁၃/တကန(နိုင်)၀၄၉၄၅၅]	ဦးလိန်းမာန် [၄/ဟခန(နိုင်)၀၀၀၂၂၆]
၆	မြို့မဈေး	K	၂၂၀	ဒေါ်ခင်ဝင်းဆွေ [၁၃/တကန(နိုင်)၀၆၆၃၆၂]	ဒေါ်စန်းကြည်[၁၃/တကန(နိုင်)၀၁၈၃၇၇]
၇	မြို့မဈေး	K	၁၀၅	ဒေါ်သဲအိဖြိုး [၁၃/တကန(နိုင်)၂၅၃၃၅၆]	ဦးကျင်းတောင် [၁၃/ဖခန(နိုင်)၀၀၈၁၃]
၈	မြို့မဈေး	L	၁၈၂	ဒေါ်မြအေး [၁၃/တကန(နိုင်)၁၆၇၀၆၉]	ဒေါ်နန်းလာ [၁၃/လလန(နိုင်)၀၄၃၈၁၉]
၉	မြို့မဈေး	L	၂၃၁	ဒေါ်နန်းလာ [၁၃/လလန(နိုင်)၀၄၃၈၁၉]	ဒေါ်စန္ဒာ [၁၃/တကန(နိုင်)၀၀၃၇၀၆]
၁၀	မြို့မဈေး	G	၂၆	ဒေါ်ကြင်စိန် [၁၃/တကန(နိုင်)၀၁၉၅၅၀]	ဒေါ်သန်းသန်းအေး [၁၃/တကန(နိုင်)၀၆၆၀၇၉] ဒေါ်မြမြအေး [၁၃/တကန(နိုင်)၀၀၀၀၄၉]
၁၁	မြို့မဈေး	Q	၁၆	ဒေါ်ကျင်ဆိုန် [၁၃/တကန(နိုင်)၁၂၅၂၇၅]	ဒေါ်ခင်မူ [၉/သစန(နိုင်)၀၀၈၀၆၉]
၁၂	မြို့မဈေး	Q	၂၃	ဒေါ်ကျင်ဆိုန် [၁၃/တကန(နိုင်)၁၂၅၂၇၅]	ဦးမောင်မောင်[၁၃/လလန(နိုင်)၀၀၉၇၂၁]
၁၃	မြို့မဈေး	Q	၂၄	ဒေါ်ကျင်ဆိုန် [၁၃/တကန(နိုင်)၁၂၅၂၇၅]	ဦးမောင်မောင်[၁၃/လလန(နိုင်)၀၀၉၇၂၁]
၁၄	မြို့မဈေး	Q	၂၅	ဒေါ်ကျင်ဆိုန် [၁၃/တကန(နိုင်)၁၂၅၂၇၅]	ဦးသိန်းလွင် [၁၃/တကန(နိုင်)၀၆၇၀၆၆]
၁၅	မြို့မဈေး	Q	၃၄	ဒေါ်ကျင်ဆိုန် [၁၃/တကန(နိုင်)၁၂၅၂၇၅]	ဦးသိန်းလွင် [၁၃/တကန(နိုင်)၀၆၇၀၆၆]
၁၆	မြို့မဈေး	Q	၃၅	ဒေါ်ကျင်ဆိုန် [၁၃/တကန(နိုင်)၁၂၅၂၇၅]	ဦးမောင်မောင်[၁၃/လလန(နိုင်)၀၀၉၇၂၁]
၁၇	မြို့မဈေး	Q	၃၆	ဒေါ်ကျင်ဆိုန် [၁၃/တကန(နိုင်)၁၂၅၂၇၅]	ဦးမောင်မောင်[၁၃/လလန(နိုင်)၀၀၉၇၂၁]
၁၈	ကုန်ခြောက်သားငါးဈေး	ညတောင်	၈	ဒေါ်ချယ်ရီထွေး [၁၃/တကန(နိုင်)၀၆၄၈၄၄]	ဦးတိုး[၁၃/တကန(နိုင်)၀၁၉၆၇၁]
၁၉	ကုန်ခြောက်သားငါးဈေး	ညတောင် ခ	၂၇	ဒေါ်စန္ဒာ(ခ)ဆိုင်ဂျယ် [၁၃/တကန(နိုင်)၀၁၅၀၄၃]	ဦးမောင်မောင်စိုး [၁၃/ကလန(နိုင်)၀၅၆၄၄၇]
၂၀	ကုန်ခြောက်သားငါးဈေး	ညတောင် ခ	၇၈	ဒေါ်နန်းလှရင် [၁၃/ကလန(နိုင်)၀၁၀၆၈၆]	ဦးသိန်းဝင်း [၁၃/တကန(နိုင်)၁၁၅၁၂]
၂၁	ကုန်ခြောက်သားငါးဈေး	ညမြောက်က	၇၉	ဒေါ်တင်လှ [၁၃/တကန(နိုင်)၀၇၉၁၉၆]	ဒေါ်နန်းသီတာထွန်း [၁၃/တကန(နိုင်)၁၉၅၃၀၄]
၂၂	ကုန်ခြောက်သားငါးဈေး	ညမြောက်က	၈၀	ဒေါ်တင်လှ [၁၃/တကန(နိုင်)၀၇၉၁၉၆]	ဒေါ်နန်းသီတာထွန်း [၁၃/တကန(နိုင်)၁၉၅၃၀၄]
၂၃	ကုန်ခြောက်သားငါးဈေး	ညလယ်	၁၁	ဦးလျှိစိုချန်း [၁၃/ဟပန(နိုင်)၀၂၅၂၀၈]	ဒေါ်ချိုခိုင်[၁၃/မမတ(နိုင်)၀၀၀၆၁၇]
၂၄	ကုန်ခြောက်သားငါးဈေး	ညလယ်	၁၂	ဦးလျှိစိုချန်း [၁၃/ဟပန(နိုင်)၀၂၅၂၀၈]	ဒေါ်ချိုခိုင်[၁၃/မမတ(နိုင်)၀၀၀၆၁၇]
၂၅	စပ်စပ်ထွန်းဈေး	က/၉	၁၀	ဒေါ်ကြူကြူ (ခ) ကျိန်ဆန်ကျူး [၁၃/တကန(နိုင်)၁၂၂၁၉၅]	ဒေါ်စန်းစန်းအေး [၁၃/တကန(နိုင်)၁၂၉၅၀၂]
၂၆	စပ်စပ်ထွန်းဈေး	က/၂	၁၃	ဒေါ်တင်မေ [၁၃/တကန(နိုင်)၀၀၇၄၆၃]	ဦးဇော်မင်းထွန်း[၁၃/တကန(နိုင်)၁၃၀၀၇၅]
၂၇	စပ်စပ်ထွန်းဈေး	ခ/၉	၆	ဦးတဖန် [၁၃/လလန(နိုင်)၀၁၇၀၄၅]	ဒေါ်မာမာရင် [၁၂/စခန(နိုင်)၀၂၇၃၀၇]
၂၈	စပ်စပ်ထွန်းဈေး	ဂ/၆	၁၃	ဒေါ်နန်းဆိုင်ခမ်း[၁၃/လခတ(နိုင်)၀၀၀၀၁၄]	ဒေါ်အေးအေး[၁၃/တကန(နိုင်)၀၅၅၈၉၀]
၂၉	စပ်စပ်ထွန်းဈေး	ဂ/၁၄	၁၁	ဦးဗိုင်းအောင်ကျော်ဦး [၁၃/တကန(နိုင်)၁၃၅၂၈၉]	ဦးကျော်သူဇုန်း[၁၃/တကန(နိုင်)၂၄၂၂၀၇]
၃၀	စပ်စပ်ထွန်းဈေး	စ/၄	၅	ဒေါ်သဲန [၁၃/တကန(နိုင်)၀၄၈၈၄၉]	ဦးကျော်သူဇုန်း[၁၃/တကန(နိုင်)၂၄၂၂၀၇]
၃၁	စပ်စပ်ထွန်းဈေး	စ/၄	၆	ဒေါ်ကြည် [၁၃/တကန(နိုင်)၀၄၈၈၄၈]	ဦးကျော်သူဇုန်း[၁၃/တကန(နိုင်)၂၄၂၂၀၇]
၃၂	စပ်စပ်ထွန်းဈေး	စ/၉	၆	ဒေါ်ထွေးရီ [MGN- ၁၁၈၆၉၃]	ဦးကျော်စိုးမိုး [၁၃/တကန(နိုင်)၁၄၅၅၂၀]
၃၃	စပ်စပ်ထွန်းဈေး	စ/၁၃	၇	ဒေါ်ခင်မြင့် [၁၃/တကန(နိုင်)၀၇၀၅၅၆]	ဒေါ်တင်တင်နွယ် [၅/ကလတ(နိုင်)၀၆၇၆၈၅]
၃၄	စပ်စပ်ထွန်းဈေး	ယာဉ်ပစ္စည်းတန်း	၉	ဦးကြည်ဇြိမ်း [၁၃/တကန(နိုင်)၀၀၆၃၃၈]	ဦးကျော်ရွှေ [၉/မထလ(နိုင်)၂၂၈၅၈၃]
၃၅	စပ်စပ်ထွန်းဈေး	ပွဲရုံကုန်စိမ်းတန်း	၁၀	ဦးဝင်းမောင် [TZI - ၁၀၅၃၅၇]	ဒေါ်ဇြိမ်းလှ [၁၃/တကန(နိုင်)၀၁၂၄၂၂]

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

တောင်ကြီးမြို့နယ်၊ စည်ပင်သာယာရေးဌာန ကွပ်ကဲမှုအောက်ရှိဈေးများတွင် ဈေးဆိုင်ခန်းအငှားလိုင်စင် စာအုပ်ပျောက်ဆုံးသွား၍ အသစ်ပြန်လည်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဈေးဆိုင်ခန်းအငှားလိုင်စင် စာအုပ်အသစ်ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၈၁-၂၁၂၀၃၃၊ ၀၈၁-၂၁၂၇၄၄၊ ၀၈၁-၂၁၂၃၉၄ သို့ ဆက်သွယ်စုံစမ်းကန့်ကွက်နိုင်ပါသည်။

စဉ်	ဈေးအမည်	ဈေးနှုန်းအမှတ်	ဆိုင်ခန်းအမှတ်	မူလဆိုင်ခန်းပိုင်ရှင်	မှတ်ပုံတင်အမှတ်
၁	ကုန်ခြောက်သားငါးဈေး	အသားရုံဘေး	၂	ဒေါ်ရန်ဖင်ကော့	[၁၃/လလန(နိုင်)၀၄၁၈၀၀]
၂	ကုန်ခြောက်သားငါးဈေး	အသားရုံဘေး	၃	ဒေါ်ရန်ဖင်ကော့	[၁၃/လလန(နိုင်)၀၄၁၈၀၀]
၃	ကုန်ခြောက်သားငါးဈေး	ငါးမြောက်ရှေ့	၁	ဦးရွှေ	[၁၃/တကန(နိုင်)၀၈၀၅၅၉]

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈၊ မြေကွက်အမှတ်-၃၉၂၂ မြေကွက်တည်နေရာအမှတ်-၁၃/အောင်ရိပ်သာ(၄)လမ်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးမောင်နို)(AA-၀၀၈၇၀၇)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဂရန်အမည်ပေါက် ဦးမောင်နိအပေါ် တရားပြိုင်ထားကာ ဒေါ်ဆွေမြတ်ဝင်း [၁၂/တမန(နိုင်)၀၄၅၃၄၃] ဦးမန်ခင့်ပေါင်တို့မှ ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတွင် တရားစွဲဆိုခဲ့ရာ အမှိုင်ဒီကရီရရှိခဲ့ပါသဖြင့် တရားကြီးမှုအမှတ်(၃၇/၂၀၁၆)၏ ၇-၁၂-၂၀၁၆ ရက်စွဲပါ စီရင်ချက်၊ တရားမဇာရီမှုအမှတ်(၁၃/၂၀၁၇)၏ နေ့စဉ်မှတ်တမ်းတင်ပြ၍ (တရားရှုံး) ဦးမောင်နိကိုယ်စား ဘီလစ်ဒေါ်နီလာခင် [၁၂/မဂဒ(နိုင်)၀၉၈၉၀၁]မှ ဘီလစ်ခန်အပ်ကြောင်း အကြောင်းကြားစာ၊ ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား ကွင်းဆင်းစစ်ဆေးရာ တစ်ထပ်ထရံကာသွပ်မိုး(၁)လုံးနှင့် တစ်ထပ်ပုဉ်ထောင်သွပ်မိုး(၁)လုံးရှိပြီး စက်ရုံဖွင့်ထားပြီး အလုပ်သမားများနေထိုင်ပါသည်။ အလုပ်သမားများနေထိုင်ခြင်းနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာမရှိ၊ အစစအရာရာတာဝန်ယူပါကြောင်း ဒေါ်ဆွေမြတ်ဝင်းမှ ကွင်းဆင်း Form တွင် လက်မှတ်ရေးထိုးပေးပါသဖြင့် ဘီလစ်ဒေါ်နီလာခင် [၁၂/မဂဒ(နိုင်)၀၉၈၉၀၁]၏ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဥတုရာသီ တောကိုမိုဇ်၏